# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၂၄)


## မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော စိန်ခေါ်မှုများကို နိုင်ငံတကာ ပူးပေါင်းမှုများမှတစ်ဆင့် ကုလသမဂ္ဂကို အခိုင်အမာထောက်ခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ (နေပြည်တော်၊ မြန်မာ၊ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကုလသမဂ္ဂသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀)ကျော်ကပင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းပကားကို ပေါင်းစည်းပေးသည့် အထင်ကရ အဖွဲ့အစည်းတစ်ခုအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကုလသမဂ္ဂ၏ (၇၁)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာပြည်သူလူထုကိုယ်စား မိမိအနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

ကုလသမဂ္ဂစနစ်၏ မူဘောင်အောက်တွင် အမျိုးမျိုးသော ဆွေးနွေးပွဲများ၌ အဖွဲ့ဝင်နိုင်ငံများစုစည်း၍ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အဖြေရှာခြင်း၊ ငြိမ်းချမ်းရေး သံတမန်များ စေလွှတ်ခြင်း၊ လူသားကြောင့်ဖြစ်သော ကပ်ဘေးများနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံရသည့် ကမ္ဘာ့ပြည်သူများအတွက် ခိုလှုံမှုပေးခြင်း၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများပေးခြင်းတို့တွင် ထူးခြားသောအောင်မြင်မှုများ ရရှိလျက်ရှိပါသည်။

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန် ချိတ်ဆက်အမှီသဟဲပြုနေပါသည်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါ။

စာမျက်နှာ ၃ ကော်လံ ၁ ◆



## ရေလမ်းခရီးသွားများနှင့် ရေလုပ်ငန်းလုပ်သူများသိရှိရန် မုန်တိုင်းသတိပေး

**မြိတ် အောက်တိုဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းတို့ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေလမ်းသွားခရီးသွားပြည်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်နေသူများ မုန်တိုင်းသတိရှိစေရေးအတွက် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက မြိတ်ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဝန်ထမ်းများက မုန်တိုင်းသတိပေးလက်ကမ်းစာစောင်များကို မြိတ်ကမ်းနားလမ်းနှင့် ဆိပ်ကမ်းတံတားတို့၌ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

## ဆိုင်ကလုန်းမုန်တိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသအနီးသို့ ဦးတည်ရွေ့လျားပြီး ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၈၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ၈၅ မိုင်ခန့်၊ ပုသိမ်မြို့၏အနောက်တောင်ဘက် ၁၂၅ မိုင်ခန့်၊ ဂွမြို့၏ တောင်-အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသများ)နှင့် နီးကပ်နေပါသဖြင့် အနီရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၅ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၃ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုဘာစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ ခန့်ဖြစ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိနိုင်ပြီး မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ ဦးတည်ရွေ့လျားပြီးနောက် ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❐


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## စီးပွားရေးမူဝါဒနှင့် လက်တွေ့ခြေလှမ်းများ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရ၏ပထမဦးဆုံးခြောက်လအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးသည်ဆိုပြီး ဝေဖန်မှုများရှိကြောင်း၊ ၎င်းဝေဖန်ချက်များကို နားထောင်ကြောင်း၊ လက်ခံကြောင်း ပြောကြားသွားပါသည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးအချက်မှာ ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုးကို မြှင့်တင်ရေးပင်ဖြစ်ကြောင်း၊ ၎င်းကို အခြေခံပြီးမှသာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် ဖွံ့ဖြိုးသည့်စီးပွားရေးတစ်ခုကို ထူထောင်နိုင်မည်ဖြစ်ကြောင်း ပြောသွားသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်လေးများနှင့် သာမန်ပြည်သူများဟူ၍ရှိရာ သူ့နေရာနှင့် သူ အပြောင်းအလဲကာလ အခက်အခဲများနှင့် ရင်ဆိုင်ရသည်ဟုယူဆနိုင်ပါသည်။ သာမန်ပြည်သူများအဖို့ နိစ္စဓူဝကုန်ဈေးနှုန်းတက်ခြင်း ပြဿနာကို ရင်ဆိုင်နေရသည်။ လုပ်ငန်းရှင်ကြီးများအဖို့ ယခင်ပုံစံအတိုင်းသွား၍ မရတော့ဘဲ လက်ရှိမူဝါဒများနှင့် ကိုက်ညီအောင် မည်သို့ဆောင်ရွက်ရမည်ကို လေ့လာစောင့်ကြည့်နေကြပြီး အသေးစား၊ အလတ်စားလုပ်ငန်းရှင်ငယ်များအတွက် အခွင့်အရေးများနှင့် အရင်းအနှီးလိုအပ်ချက်များက အဓိကပြဿနာဖြစ်နေခြင်းဖြစ်ပါသည်။

ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့သော စီးပွားရေးမူဝါဒ ၁၂ ချက်နှင့် ပတ်သက်၍ယေဘုယျဆန်လွန်းကြောင်း၊ ပိုပြီးတိတိကျကျ ဘယ်လိုဆက်ပြီးလုပ်နိုင်မလဲဆိုတာသိဖို့အတွက် ဤအစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ ယခုနိုင်ငံအတွက်ကံကောင်းသောအချက်မှာ ကူညီချင်သည့်မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများအင်မတန် များပြားနေကြောင်း၊ ယခုဖွံ့ဖြိုးတိုးတက်မှု မိတ်ဆွေ များ၊ မိတ်ဖက်များအားလုံး စုပေါင်းပြီး ဆွေးနွေးနိုင်သည့်အဖွဲ့လေးတစ်ခုဖွဲ့စည်းပြီးကြောင်း၊ ထိုအဖွဲ့မှ ယခုဘယ်ကဏ္ဍတွေမှာအလိုအပ်ဆုံးလဲ၊ အကူအညီလိုအပ်ဆုံးလဲဆိုတာ အားလုံးဝိုင်းဝန်းပြီးဆုံးဖြတ်ဖို့ ဖြစ်ကြောင်း၊ ၎င်းအဖွဲ့အစည်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မှာဖြစ်ပြီး စီမံ၊ ဘဏ္ဍာဝန်ကြီးက ဒုဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ကြောင်း ပြောသွားပါသည်။

ယခုအစည်းအဝေးမှာအခွန်အများဆုံးပေးဆောင်သူစီးပွားရေးလုပ်ငန်း ၁၀၀ ကို ဖိတ်ကြားရန်ဖြစ်သော်လည်း တက်ရောက်လိုသူများပြားလှသောကြောင့် အခွန်အများဆုံးပေးဆောင်သူလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ ၁၅၈ ဦးအထိတိုးမြှင့်လိုက်ရခြင်းဖြစ်သည်။ အခွန်အကောက်နှင့် ပတ်သက်၍ပြောရာတွင် အခွန်အကောက်ပေးခြင်းသည် ယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း၊ ဥပဒေနှင့် လုပ်ရုံဖြင့်မပြီးကြောင်း၊ အခွန်ပေးရခြင်းကို ပြည်သူပြည်သားများနားလည်ပြီး ရှောရှောရှူရှူ၊ လိုလိုလားလားဖြင့် အခွန်များကို ပေးမှသာလျှင်အခွန်အကောက်ယဉ်ကျေးမှုတစ်ခု တည်တံ့ခိုင်မြဲသွားပြီဟု ပြောရမှာဖြစ်ကြောင်း ပြောသွားသည်။ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ပြောရာတွင် ဝန်ကြီးများက သန့်ရှင်းပြီးအောက်ကလူတွေက အရင်အတိုင်းပဲဟုပြောကြကြောင်း၊ အောက်ကသူများ ဘယ်သူဘာလုပ်နေသည်ကိုသတ္တိရှိရှိဖြင့်အသိပေးရန်လိုကြောင်း၊ ပစ်စာကိုလက်မခံနိုင်သောကြောင့် ဘယ်သူဘယ်ဝါ၊ မှတ်ပုံတင်နံပါတ်စသဖြင့် ထည့်ပြီးပြောရန်လိုကြောင်းလည်းပြောသွားသည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းကပြောကြားရာတွင် SME များကို အပေါင်ပစ္စည်းထားရန်မလိုဘဲ ငွေကြေးထောက်ပံ့နိုင်ရန်စဉ်းစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့ဘဏ်၊ ADB တို့နှင့် ပူးပေါင်းပြီး ထူထောင်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသွားသည်။ မြေလွတ် မြေရိုင်းဧက လေးသန်းရှစ်သိန်းကျော်အားလူဦးရေ ၆၀၀၀ ကျော်ကို ခွဲဝေလုပ်ကိုင်ခွင့်ပေးခဲ့သော်လည်း နိုင်ငံတော်အတွက်မည်မျှအကျိုးပြုနေသည်ကို ပြန်လည်စဉ်းစားရန်လိုကြောင်း ပြောသွားသည်။

လက်ရှိအခြေအနေတွင် တရားမဝင်ကုန်သွယ်မှုက တရားဝင်ကုန်သွယ်မှုထက်များပြားနေခြင်း၊ အခွန်မဆောင်သောလုပ်ငန်းကြီးများရှိနေခြင်း၊ တရားဥပဒေဘောင်အတွင်းမှ လုပ်ကိုင်မှုအားနည်းနေခြင်းတို့က တိုင်းပြည်စီးပွားရေးကို နှောင့်နှေးနေစေခြင်းဖြစ်ပါသည်။ စီးပွားရေးအခွင့်အလမ်းများကို တရားမျှတစွာယှဉ်ပြိုင်သောနည်းစနစ်များ ခိုင်မာစေခြင်းကလည်း စီးပွားရေးကို အထောက်အကူပြုမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံကိုတိုးတက်စေချင်သောအလှူရှင်များ၊ မိတ်ဖက်နိုင်ငံများ၏ အကြံဉာဏ်များပေါင်းစပ်၍ စီးပွားရေးကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားဖော်ပြရပါသည်။ ။



## သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီ လမ်းပေါ်ရှိ ဂျိုင်း(Pontoon)တံတားပြင်ဆင်နေချိန် လမ်းခေတ္တပိတ်မည်

**ဘားအံ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်ကို ဆက်သွယ်ထားသော ပြည်နယ်၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ Pontoon ( ဂျိုင်း ) တံတားကြံ့ခိုင်မှုအားပြင်ဆင်ရန် လိုအပ်လာပါသဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်သည်။

ထိုသို့ ပြင်ဆင်နေစဉ်ကာလအတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အဆိုပါ Pontoon ( ဂျိုင်း) တံတားအား ခေတ္တပိတ်ထားမည်ဖြစ်ပြီး ကုန်တင်ယာဉ်များအနေဖြင့် ညနေ ၄ နာရီ မှနောက်နေ့ နံနက် ၁၀ နာရီအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ ကုန်တင်ယာဉ်မောင်းများမှ အချိန်နာရီကိုချိန်ဆ၍ သွားလာကြရန် အသိပေးနှိုးဆော်ထားကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြေလျှင်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး အရပ်ဘက်လူမှုအဖွဲ့အစည်း ကွန်ရက် (Mandalay Regional CSOs Network - MRCN )၏ စီစဉ်မှုဖြင့် မြေလျှင်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ Wilson Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များ၊ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ မီဒီယာများက မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် Mandalay Area Office Coordinator(UNDP) မှ ဦးအောင်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မြေလျှင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံတွင်အတိတ်က လှုပ်ခတ်ခဲ့သော ငလျင်များနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြေလျှင်အန္တရာယ်အကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေါ်သန္တာထွန်း (ဒုတိယဦးစီး) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက မြေလျှင်တိုင်းတာမှုနှင့် ငလျင်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင် နီယာအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ထွေးက ငလျင်အန္တရာယ်လျော့ပါးစေရေးနှင့် မြို့ပြအင်ဂျင်နီယာတို့၏ အခန်းကဏ္ဍကို ဆွေးနွေးတင်ပြသည်။ မြို့ပြအင်ဂျင်နီယာများသည် ငလျင်ဘေးအန္တရာယ်လျော့ပါးရေးတွင် အလွန်အရေးပါကြောင်း ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေက အရေးပေါ်ကယ်ဆယ်ရေးနှင့် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအကြောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကျောက်ဖြူ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အလယ်ပိုင်းရပ်ကွက် ဈေးလမ်း ဝိဇယဓမ္မာရုံအမှတ်(၁)တွင် အောက်တိုဘာ ၂၂ ရက်က ကျောက်ဖြူမြို့နယ်အတွင်းရှိ သံဃာတော် အရှင်သူမြတ် ၃၂၇ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ငွေပဒေသာပင် ၃၂၇ ပင် (တန်ဖိုး ငွေကျပ် ၁၀၀၀၀မှ ၁၀၀၀၀၀) ထိ ငွေပဒေသာပင်များအား သံဃာတော်များကို တစ်ပါးချင်းမဲနှိုက်၍ အလယ်ပိုင်းရပ်ကွက် ဝိဇယဓမ္မာရုံ အမှတ် (၁)ဆွမ်းလောင်းအသင်းမိသားစုတို့က ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၅ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅ . ၉၀ |
| ထိုင်း | တစ်ဘတ် | ၃၆ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ . ၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ . ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ . ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး






အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေသတ်မှတ်နေရာ အသီးသီး၌ ကျင်းပလျက်ရှိသည့် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည့် ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင် ကရင်တိုင်းရင်းသားတို့၏ လက်တွဲညီညီရှေ့သို့ချီသီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ယိမ်းအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သစ်တောတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၏တီးခတ်မှုကို ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးမတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကိုအမြစ်ပြတ်သုတ်သင်နိုင်ရေးသည် ယနေ့ကြုံတွေ့နေရသော စိန်ခေါ်မှုအများအပြားအား ဖြေရှင်းနိုင်မည့်နည်းလမ်းများအနက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့်အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂသည် အားလုံးအတွက် ပိုမိုငြိမ်းချမ်း၍ သာယာဝပြောသော ကမ္ဘာကြီးတစ်ခု၊ ပိုမိုကြင်နာ၍ မေတ္တာတရားပြည့်ဝသော အိမ်ဂေဟာတစ်ခု ဖြစ်စေလိုသော မိမိတို့၏မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခု ဖြစ်နေဆဲဖြစ်ပါသည်။

ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အသိုက်အဝန်း၏ အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကုလသမဂ္ဂကို အခိုင်အမာထောက်ခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့်မူဝါဒများအပေါ် မိမိတို့၏ ယုံကြည်မှုများကို ထပ်လောင်းအတည်ပြုရင်း ဤထူးမြတ်သည့် နေ့ရက်အခါသမယကို ဆင်နွှဲကြပါစို့။ လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု ဖန်တီးနိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့။

# အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များ ခံစားနေရသူများကို ကုလသမဂ္ဂဝန်ထမ်းများမှ ဆက်လက်ကူညီပေးလျက်ရှိ

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ကုလသမဂ္ဂနေ့သဝဏ်လွှာ (၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်)

ယခုနှစ်ကုလသမဂ္ဂနေ့အခါသမယသည် ကမ္ဘာကြီးနှင့် ကုလသမဂ္ဂတို့တွင် အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်နှင့်တိုက်ဆိုင်လျက်ရှိပါသည်။

လူသားတစ်ရပ်လုံးအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်နှင့်အညီ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ပါ ကတိကဝတ်များကို တစ်ကမ္ဘာလုံးက တာဝန်ယူဆောင်ရွက်ရမည့်အချိန် ဖြစ်ပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်သည့် (၇၁) နှစ်မြောက်အချိန်ကာလတွင် ဖွံ့ဖြိုးစည်ပင်သောကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ် ဖော်ဆောင်ပေးမည့် ရည်မှန်းချက် ၁၇ ချက်ရရှိပြီးဖြစ်ပါသည်။

ကမ္ဘာကြီးသည် တွင်းထွက်လောင်စာများကို သမားရိုးကျအသုံးပြု၍ သာယာဝပြောမှုရှာဖွေသော ပုံသေတွေးခေါ်မှုမှ ကျော်လွှန်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့မြေကြီး၏အပူချိန်မှာ စံချိန်တင်မြင့်တက်လာသည့်အချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူစာချုပ်ကို စံချိန်မီအချိန်အတွင်း ရယူချုပ်ဆိုနိုင်ခဲ့ကြပါသည်။ အဆိုပါသမိုင်းဝင်ဆောင်ရွက်ခဲ့သည့် သဘောတူညီချက်သည် ယခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့၌ အာဏာသက်ဝင်တော့မည်ဖြစ်ပါသည်။ ဤဆောင်ရွက်မှုသည် ကျွန်ုပ်တို့အတွက် ပိုမိုစိမ်းလန်းပြီး ပိုမိုသန့်ရှင်းကာ ကမ္ဘာ့ပတ်ဝန်းကျင်အား ညစ်ညမ်းစေသော ကာဗွန်မီးခိုးလွှတ်ထုတ်မှုနည်းပါးသည့် အခွင့်အလမ်းကောင်းကို ရရှိစေမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းတွင်လည်း အဋ္ဌမမြောက် အတွင်းရေးမှူးချုပ်မှ နဝမမြောက် အတွင်းရေးမှူးချုပ်သို့ ပြောင်းလဲတာဝန်ထမ်းဆောင်မည့် အချိန်ကာလလည်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ကမ္ဘာ့ပြည်သူများအတွက် တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူမိပါသည်။ အမျိုးသမီးများဘဝမြှင့်တင်ပေးရေး၊ လူငယ်များနှင့် ထိတွေ့မှုရှိရေးကိစ္စရပ်များ ဆောင်ရွက်ရေး၊ အားလုံးအတွက် လူ့အခွင့်အရေးများမြှင့်တင်ပေးနိုင်ရေးတို့အတွက် ပိုမိုခိုင်မာရေးတို့ကို အခြေခံလျက် ညီတူညီမျှဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် ခိုင်မာသော အခြေခံအုတ်မြစ်များကို မိမိတို့ အတူတကွချမှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် မငြိမ်သက်သော အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကတိုက်ရှိ တောင်ဆူဒန်နိုင်ငံနှင့် ဆာဟဲဒေသ အပါအဝင် နေရာအများအပြားတို့တွင် ကြီးမားသောအတိဒုက္ခရောက်မှုများကို ဖြေရှင်းနိုင်ခြင်းမရှိသေးသောကြောင့် များစွာဝမ်းနည်းကြေကွဲဖွယ်ရာများ ခံစားခဲ့ကြရပါသည်။ အဆိုပါဖြစ်ရပ်များအပြင် အကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ခံစားနေရသည့် အတိဒုက္ခရောက်သူများကို ရဲရင့်သတ္တိရှိသည့် ကုလသမဂ္ဂဝန်ထမ်းများမှ ဆက်လက်ပြီး မားမားမတ်မတ် အကူအညီပေးလျက်ရှိပါသည်။

မိမိအားထောက်ခံကူညီခဲ့သည့်ကမ္ဘာတစ်ဝန်းမှပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအားလုံး၏တာဝန်ဖြစ်သော ငြိမ်းချမ်းရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့ကို ဖော်ဆောင်နိုင်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အသစ်အဖြစ်ထမ်းဆောင်ရန် ရွေးချယ်ခံထားရသည့် မစ္စတာ အန်တိုနီယို ဂူတာရက်စ်အား အပြည့်အဝ ထောက်ခံကူညီပေးပါရန် တိုက်တွန်းအပ်ပါသည်။

● *ရှေ့ဖုံးမှ*

ပညာပေးလက်ကမ်းစာစောင်တွင် မုန်တိုင်းကြောင့် ဖြစ်ပေါ်တတ်သော ဆိုးကျိုးများ၊ ကြိုတင်ပြင်ဆင်ရန် အချက်များ၊ မုန်တိုင်းတိုက်ခတ်နေစဉ်နှင့် မုန်တိုင်း ဖြစ်ပေါ်ပြီးပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ စသော အကြောင်းအရာများပါသည့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပညာပေး လက်ကမ်းစောင်ကို အမှတ် (၁)ဗောတံတား၊ ဆိပ်ငယ်ဗောတံတား၊ ပြည်တော်သာရေဆင်းတံတား၊ တနင်္သာရီ တောလေ့ဆိပ်၊ ယောကြီးဝဆိပ်ခံတံတားတို့၌ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(မြိုတ် ပြန်/ဆက်)**

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အကြို လုပ်ငန်းတစ်ရပ် ငွေတစ်ထောင် သီတင်းပတ်လှုပ်ရှားမှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အကြို 'လုပ်ငန်းတစ်ရပ် ငွေတစ်ထောင်ကျပ် သီတင်းပတ်' အဖြစ် ကင်းထောက်လူငယ်မောင်မယ်များက မိဘပြည်သူများ၏ နေအိမ်များသို့ သွားရောက်၍ မိမိတို့ကိုယ်ပိုင်လုပ်အားဖြင့် ကင်းထောက်အဖွဲ့ရန်ပုံငွေအား စုဆောင်းရှာဖွေသည့် အစဉ်အလာကောင်းကို ပြန်လည်အကောင်အထည်ဖော်သည့်လှုပ်ရှားမှုကို ယခုသီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်း ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ သန့်ရှင်းရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယင်းအစီအစဉ်အရ ရန်ကုန်မြို့ အထက(၂) ကမာရွတ်မြို့နယ်မှ ကင်းထောက် လူငယ်မောင်မယ်များသည် ယမန်နေ့က ကင်းထောက်ကြီး ဦးဉာဏ်ထွန်းဦးနှင့် ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဉမ္မာ၊ ကင်းထောက်ကြီး ဦးနန္ဒကျော်စွာနှင့် ဒေါက်တာဒေါ်မြင့်မြေး တို့၏ ဒဂုံမြို့နယ်ရှိ ဒေါ်မြတ်လေးရုံ မိသားစုနေအိမ်ဝင်းအတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် မြို့နယ်အသီးသီးတို့၌ သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကင်းထောက်လူငယ်မောင်မယ်များက ကင်းစိတ်အလိုက် လုပ်အားဖြင့် 'လုပ်ငန်းတစ်ရပ် ငွေတစ်ထောင်ကျပ်' သန့်ရှင်းရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



ယင်းလုပ်အားဖြင့် ရန်ပုံငွေရှာဖွေစုဆောင်းရရှိသည့်ငွေများမှ အဖွဲ့ချုပ်၊ ကင်းစိတ်ရန်ပုံငွေနှင့် ကျောင်းအတွက် ရန်ပုံငွေများအဖြစ် သတ်မှတ်ခွဲဝေအသုံးပြုရန် စီစဉ်ထားကြောင်းသိရသည်။

**ကိုလတ်(သတင်းစဉ်)**



## လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေကြောင့် ဖျာပုံမြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထား

**ဖျာပုံ အောက်တိုဘာ ၂၃**

ဖျာပုံမြို့နယ်တွင် လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေကြောင့် အောက်တိုဘာ ၂၃ ရက်မှ စတင်၍ သဘာဝဘေးကြိုတင်ကာကွယ်ခြင်း၊ ကျရောက်လာပါက အချိန်မီကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲရေးရုံးဖွင့်လှစ်ကာ ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ယခုလက်ရှိအခြေအနေမှာ သဘာဝဘေးကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖျာပုံမြို့တွင် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး အသင့်ထားရှိပါတယ်၊ မြို့ပေါ်ရပ်ကွက် ၁၉ ခုနဲ့ အနီးကျေးရွာ ၄ ရွာ စုစုပေါင်း ၂၃ ခုမှ တစ်ရပ်ကွက်လျှင် သုံးဦးပါဝင်လျက် အုပ်စုများခွဲကာ ရပ်ကွက်ရုံးများတွင် ကယ်ဆယ်ရေးပစ္စည်းများနဲ့အတူ ဒီည ၇ နာရီမှ စတင်ပြီး အသင့်တာဝန်ပေးထားပါတယ်။ အရေးပေါ်သွားလာဆက်သွယ်ဖို့ မော်တော်ဆိုင်ကယ်သုံးစီး စီစဉ်ပေးထားပါတယ်၊ ရုတ်တရက် မုန်တိုင်းကျရောက်လာပါက သစ်ပင်ပြိုလဲခြင်း၊ ဓာတ်တိုင် ဓာတ်ကြိုးများပြတ်ကျက ချက်ချင်းရှင်းလင်းနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်ထားပါတယ်။ နောက် ကျွန်တော်တို့ ဖျာပုံမြို့နယ်က ပင်လယ်ကမ်းခြေဒေသမှာ ရွာတွေလည်း များတယ်။ အဲ့ဒါကြောင့် ကျေးရွာတွေမှာ အောက်တိုဘာ ၂၃ ရက်မှစ၍ ၂၅ ရက်အထိ လှိုင်းသဘောတွေ မထွက်ဖို့ မြစ်ပြင်ကျယ်ထဲလေ၊ သမ္ဘာန်တွေ မသွားကြဖို့ ကြေညာချက်အမိန့်ထုတ်ထားရပါတယ်၊ ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းလှေတွေ မဖြစ်မနေပြန်ဝင်ခိုင်းထားပါတယ်၊ တချို့ငါးဖမ်းနေဆဲဖောင်တွေ ပင်လယ်ထဲထားပြီး လူတွေကမ်းခြေကို သင်္ဘောပြန်ဝင်ခိုင်းထားပါတယ်။ ကျေးရွာမုန်တိုင်းသတိပေးချက်တွေ ကြော်ငြာကပ်ထားပါတယ်။ လက်ရှိအခြေအနေမှာ ထူးထူးခြားခြားအနေနဲ့ ရွှေ့ပြောင်းပေးထားတာမျိုးတော့မရှိသေးပါဘူး၊ ဒေါ်ညိမ်းကျေးရွာ၊ ဘုရားလေးဆိပ်ကျေးရွာ၊ သရက်ပင်ဆိပ်ကျေးရွာတွေက ကမ်းစပ်မှာနေထိုင်သော ခိုင်ခံ့မှုမရှိတဲ့နေအိမ်မှ အိမ်ထောင်စု ၁၀ ခုနဲ့ကို ဓမ္မာရုံနဲ့ရုံလ်တာမှာ ရွှေ့ထားပြီး စားသောက်ဖို့အတွက် ရွာသူရွာသားတွေနဲ့ ပူးပေါင်းစီစဉ်ပေးထားပါတယ်။

နောက် ကျောင်းတွေအားလုံး နှစ်ရက်ပိတ်ခိုင်းထားပါတယ်။ အခုမြို့ပေါ်မှာလည်း မုန်တိုင်းသတိပေးကြေညာချက်တွေ အသံချဲ့စက်နဲ့ ကြော်ငြာပေးနေသလို မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း လိုက်နာရမယ့် အချက်တွေကိုလည်း မြင်သာတဲ့နေရာတွေမှာ ဆိုင်းဘုတ်တွေ လိုက်ထောင် သတိပေးနေပါတယ်။ အများပြည်သူအားလုံး အရေးပေါ်အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ဖို့ ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ကွပ်ကဲရုံးဖွင့်လှစ်ထားရှိပါတယ်။ လိုအပ်ပါက အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်"ဟု ဖျာပုံ မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မုန်တိုင်းသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

**သံတွဲ အောက်တိုဘာ ၂၃**

မုန်တိုင်းသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးက သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်တားဆီးရေး စီမံခန့်ခွဲရေး ကော်မတီ၏လုပ်ငန်းစဉ်တွင်ပါဝင်သည့် လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် အရေးပေါ်အချိန်ကျရောက်ခဲ့ပါက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က သဘာဝဘေး အရေးပေါ်အခြေအနေသို့ ကျရောက်ခဲ့ပါက ပြည်သူလူထုများအားဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်ပြင်ထားရှိပါကြောင်း၊ မုန်တိုင်းသည် နောက် ၂၄ နာရီအတွင်း အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်သည့်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မုန်တိုင်း သတိပေးကြေညာချက်များ လှည့်လည်ကြေညာလျက်ရှိပါကြောင်း၊ လုပ်ငန်းဆပ်ကော်မတီဝင်များ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ထပ်ဆင့်ရှင်းပြောကြားပြီး နောက် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့၏ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့် သဘာဝဘေးကြိုတင်ကာကွယ်တားဆီရေး စီမံခန့်ခွဲရေး ကော်မတီဝင်များ ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မုန်တိုင်းသတင်းထုတ်ပြန်မှုကြောင့် ရန်ကုန်-မော်ကျွန်းခရီးသည်ရေယာဉ်များ ရပ်နား

**ရန်ကုန် အောက်တိုဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အားကောင်းလာနိုင်ပြီး ယနေ့ညနေတွင် မြန်မာ့ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်သည်ဆိုသော မိုးလေဝသသတင်းထုတ်ပြန်မှုကြောင့် ယနေ့ညနေပိုင်းက ရန်ကုန်နှင့် မော်ကျွန်းခရီးစဉ်သွား လူစီးနှင့် ကုန်တင်ရေယာဉ်များ ပြေးဆွဲမှုမရှိဘဲ ဆိပ်ကမ်းများတွင် ရပ်နားထားကြောင်း ရန်ကုန်နှင့် မော်ကျွန်းဆိပ်ကမ်းရှိ ရေယာဉ်ပိုင်ရှင်များထံမှ သိရသည်။

ရန်ကုန်ဆိပ်ကမ်းတွင် တနင်္ဂနွေနေ့ ရေယာဉ်ထွက်ခွာမှု နည်းသော်လည်း ရန်ကုန်မှ မော်ကျွန်းသို့ အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့)ညနေပိုင်းတွင် လူစီးနှင့် ကုန်တင်ရုပ်ပြေး နှစ်ထပ်ရေယာဉ်ကြီး နှစ်စင်းနှင့် ရိုးရိုးနှစ်ထပ်ရေယာဉ်တစ်စင်းတို့ ထွက်ခွာရန်ရှိသော်လည်း မုန်တိုင်းသတိပေးမှုအရ ထွက်ခွာမှုမရှိဘဲ ဆိပ်ကမ်းတွင် ရပ်နားထားသည်ဟုအောင်သီရိမော် ရေယာဉ်ပိုင်ရှင် ဦးထွန်းရှိန်ကပြောသည်။ အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မှမော်ကျွန်းသို့ ထွက်ခွာသော ရေယာဉ်ကြီးလေးစင်းတွင် ရိုးရိုးနှစ်ထပ်ရေယာဉ်ကြီးတစ်စင်းသည် ညနေ ၅ နာရီခွဲတွင် နောက်ဆုံးထွက်ခွာသွားခဲ့ကြောင်း သိရသည်။ အောက်တိုဘာ ၂၃ရက် ညနေတွင် မော်ကျွန်းမှ ရန်ကုန်သို့ ထွက်ခွာမည့် ခရီးသည်တင် ရေယာဉ်ကြီးများလည်း မော်ကျွန်းဆိပ်ကမ်းတွင် ရပ်နားထားကြပြီး သက်ဆိုင်ရာမှ မုန်တိုင်းကင်းရှင်းကြောင်း အသိပေးမှုနှင့်အတူ ထွက်ခွာခွင့်ပြုမည့်အချိန်ကို စောင့်နေကြကြောင်း မော်ကျွန်းမြို့နေ ရေယာဉ်ဝန်ထမ်း ဦးမောင်ကြည်က ဆိုသည်။

ရေလမ်းခရီးစဉ်များ ရပ်နားထားသော်လည်း ကားလမ်းခရီးများရှိနေသည့်အတွက် ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ကားလမ်းမှ ပြောင်းလဲသွားလာနေကြသော်လည်း မုန်တိုင်းသတိပေးမှုကြောင့် ခရီးသည်များ သွားလာမှုနည်းနေသည်ဟု ကားဂိတ်တာဝန်ခံတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသများ) သို့ နီးကပ်နေပါသဖြင့် အနီရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း သိရှိရပါသည်။

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မုန်တိုင်းသတိပေးချက်သိရှိချိန်မှစ၍ မုန်တိုင်း၏အဆင့်ဆင့်ရွေ့လျားပြောင်းလဲမှုအား စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)သို့ ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ အမျိုးသားကော်မတီ၏လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်-

(က) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဌာနအနေဖြင့် နိုင်ငံတကာမိုးလေဝသဆိုင်ရာ Website များမှရရှိသော အချက်အလက်များနှင့် မိုးလေဝသ၊ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များအား စိစစ်လေ့လာသုံးသပ်၍ ပြည်သူလူထုဆောင်ရွက်ရန်များအား ဦးစီးဌာန၏ Facebook Website ဖြစ်သော Relief and Resettlement Department Myanmar ၌ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးခြင်း၊

(ခ) Mobile Application ဖြစ်သော Disaster Alert Notificatiońs (DAN) မှတစ်ဆင့် နောက်ဆုံးရရှိသည့် မိုးလေဝသသတင်းနှင့် အကြံပြုချက်များအား ထုတ်ပြန်ပေးခြင်း၊

(ဂ) မုန်တိုင်းသတင်းအား ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် အဆက်မပြတ်ကြည့်ရှုနားထောင်စေရန်နှိုးဆော်ခြင်း၊

(ဃ) ကြိုတင်သတိပေးနှိုးဆော်မှုဆောင်ရွက်ရန် တပ်ဆင်ထားသည့် Single Side Band (SSB) VHF ရေဒီယိုစက်များအသုံးပြု၍ ကမ်းရိုးတန်းဒေသများနှင့် မုန်တိုင်းကျရောက်နိုင်သည့် ဒေသများသို့ မပြတ်ဆက်သွယ်၍ သတင်းပေးညွှန်ကြားခြင်း၊

(င) မုန်တိုင်းအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် ကမ်းရိုးတန်းဒေသများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ အရေးပေါ်ပါက ပြည်သူလူထုအားဘေးကင်းရာသို့အချိန်နှင့်တစ်ပြေးညီရွှေ့ပြောင်းနိုင်ရေး ညှိနှိုင်းပြင်ဆင်စေခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်ရုံးများရှိ သိုလှောင်ရုံများတွင် အသင့်ထားရှိပြီးဖြစ်သော စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများအား လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေးပြင်ဆင်စေခြင်း၊

(စ) ရပ်ကွက်၊ ကျေးရွာများရှိ ကြိုတင်သတ်မှတ်ပေးထားသော ဘေးဒဏ်ခံအဆောက်အအုံများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများသို့ ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ၏ စီမံမှုဖြင့် ကြိုတင်ရွှေ့ပြောင်းမှုများဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်စေခြင်း၊

(ဆ) မုန်တိုင်းဝင်ရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ခရိုင်/မြို့နယ် အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်စေခြင်း၊

၃။ ပြည်သူလူထုအနေဖြင့်လည်း အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုလိုပါသည်-

(က) မိမိတို့နေအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကိုစစ်ဆေး၍ လိုအပ်သလိုပြင်ဆင်ထားခြင်း၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ် (ဥပမာ -အသက်ကယ်ကုန်းမြင့်၊ရေလွတ်နိုင်မည့်နေရာများ၊အဆောက်အအုံများ) သတ်မှတ်ထားခြင်း၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိခြင်း၊

(ဃ) အရေးပေါ်အသုံးပြုရန် စားနပ်ရိက္ခာနှင့် သောက်သုံးရေများကြိုတင်စုဆောင်းထားခြင်း၊

(င) အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်သုံးပစ္စည်းများ(ဥပမာ- ရေစိုခံမိုးကာ၊ လည်ရှည်ဖိနပ်၊ ခြုံစောင်နှင့် အဝတ်အစားများ၊ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့်ရေဒီယို၊ လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲအပို များ၊ ရှေးဦးသူနာပြုပစ္စည်းများ)နှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများ(ဥပမာ- အသက်ကယ်အင်္ကျီ၊ ကားတာယာကျွတ်၊ ရေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊သစ်တုံး)တို့အား ကြိုတင်ပြင်ဆင်စုဆောင်းထားခြင်း၊

(စ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာခြင်း၊ အခြားသူများကို မျှဝေခြင်း၊

(ဆ) မုန်တိုင်းဖြတ်ကျော်မှု၊ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်နှင့်အညီ ရွေးချယ်ထားသော ဘေးလွတ်ရာ နေရာသို့ ပြောင်းရွှေ့ခိုလှုံခြင်း၊

(ဇ) မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မုန်တိုင်းဖြစ်ပြီးချိန်တွင် မလိုအပ်ဘဲ အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ တောင်စောင်းများသို့ သွားရောက်မှုရှောင်ကြဉ်ခြင်း၊

(ဈ) မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မုန်တိုင်းဖြစ်ပြီးချိန်တွင် သန့်ရှင်းသော သောက်သုံးရေ (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ သောက်သုံးနိုင်ရေးပြင်ဆင်ထားခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့်မုန်တိုင်း၏ ဖြစ်ပေါ်ပြောင်းလဲမှုများအား စောင့်ကြည့်နားထောင်ပြီး အကြံပြုချက်များလိုက်နာခြင်း၊ ကောလာဟလသတင်းများအား မယုံကြည်ဘဲ သက်ဆိုင်ရာအစိုးရဌာနများသို့ ဆက်သွယ်အတည်ပြုချက်ရယူခြင်း၊ လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(၀၆၇-၄၀၄၆၆၆၊ ၄၀၄၇၇၇)သို့ ဆက်သွယ်၍ သတင်းမေးမြန်းခြင်းတို့အား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# စစ်ကိုင်းတိုင်းဒေသကြီးရှိ ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ရွှေတုံးချောင်းရေတိုက်စားမှုကြောင့် နေအိမ်မျောပါပျက်စီးခဲ့ရသည့် မိသားစုလေးစုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး လတ်တလောအသုံးပြုရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မုံရွာမြို့တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်ကြောင်းအတွင်း ဟုမ္မလင်း-မုံရွာ ခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် မိသားစုဝင်များနည်းတူ ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးဖြစ်ရပါကြောင်း၊ နောင်တွင် အလားတူ ဖြစ်စဉ်များ မဖြစ်ပွားနိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဝလုံခြုံအေးချမ်းရေးအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားကာ သေဆုံးသူများ၏ မိသားစုဝင်များထံသို့ ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုသို့ ထောက်ပံ့အလှူငွေပေးအပ်ရာတွင် သေဆုံးသူတစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ငါးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ငွေကျပ် သုံးသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် သုံးသိန်း၊ အေးငြိမ်းချမ်းသာရေယာဉ်အသင်းမှ ငွေကျပ် လေးသိန်း၊ ဦးအောင်မြတ် (Mother Trading & Construction Co., Ltd) မှ ငွေကျပ်နှစ်သိန်း ထောက်ပံ့ခဲ့ရာ တစ်ဦးလျှင် ၁၇ သိန်းဖြစ်၍ ယနေ့အထိ အလှူငွေလက်ခံရရှိမှုအနေဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၀၁၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင်နှင့်အဖွဲ့က ငွေကျပ် သိန်း ၁၄၀၊ ဦးဖိုးချစ်က သိန်း ၅၀၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ (မုံရွာ)မှ သိန်း ၅၀၊ တင်ဝင်းထွန်းကုမ္ပဏီမှ ငွေကျပ်၁၅သိန်း၊ ဟုမ္မလင်းရွှေလုပ်ငန်းရှင်များအသင်းမှ ၁၇ သိန်း သုံးသောင်း၊ အိုင်ဂျီတီကုမ္ပဏီမှ ၁၀ သိန်း၊ ကိုလင်း- မချစ်သုဝေနှင့်အဖွဲ့မှ ငွေကျပ် သိန်း၃၀၊ ဝင်းပပထွန်း ရွှေပန်းထိမ်လုပ်ငန်းမှ ၁၀ သိန်းဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၂၁၈၂ သိန်း သုံးသောင်း လက်ခံရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# သူငယ်တော်နှင့် ဇော်ဂျီရုပ်သေးကြိုးဆွဲအက၊ ပရိသတ်ပွဲကျခဲ့သည့် ကရင်ဒုံးယိမ်းအကတို့ မြိုင်မြိုင်ဆိုင်ဆိုင်

**အမေး၊ အရေး-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**နေပြည်တော် အောက်တိုဘာ ၂၃**

**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနောက်ဆုံးနေ့။**

စင်မြင့်ထက်နတ်ပြာရောင်ကတ္တီပါနောက်ခံရှေ့တွင် ဇော်ဂျီရုပ်က ငြိမ်သက်လျက်။ ပြိုင်ပွဲအစ တီးလုံးဖွင့်သည်နှင့်တစ်ပြိုင်နက် ဇော်ဂျီရုပ်ကသက်ဝင်လှုပ်ရှားလာသည်။ ဇော်ဂျီဆေးကြိတ်ဟန်၊ ဘယ်ညာခြေထိုးဟန်၊ ဇော်ဂျီကြိမ်လုံးထမ်းကဟန်၊ လေထဲဝဲပျံကဟန်တို့က ပရိသတ်အဖို့ အသက်ရှူမှားဖွယ်။ ရုပ်သေးကြိုးဆွဲမိန်းကလေး၏ကျွမ်းကျင်မှု ပညာပါမှုများကို ပရိသတ်၏ အားပေးလက်ခုပ်သံများက ဖော်ပြနေသည်။

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏နောက်ဆုံးနေ့ ပြိုင်ပွဲများကို အောက်တိုဘာ ၂၃ ရက်က နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေ၌ ကျင်းပခဲ့သည်။ ရုပ်သေးပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)တွင် ပရိသတ်အားပေးမှုဖြင့် ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။




**ဝါသနာရှင်(ဒုတိယတန်း)အမျိုးသမီးရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင် ရှမ်းပြည်နယ်မှ မသဲအေးအေးနွယ် ယှဉ်ပြိုင်စဉ်**



**ဝါသနာရှင်(ဒုတိယတန်း)အမျိုးသမီးရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင် ကချင်ပြည်နယ်မှ မသက်ထားစံ ရှင်းပြစဉ်**




ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင် ကရင်ပြည်နယ်အဖွဲ့ယှဉ်ပြိုင်စဉ်

သူငယ်တော်အရုပ်နှင့် ဇော်ဂျီအရုပ်များကိုပြိုင်ပွဲဝင်များက ကြိုးဆွဲယှဉ်ပြိုင်ကြရာ အရည်အချင်းတူ၊ ကျွမ်းကျင်မှုတူညီနေကြ၍လား မသိ၊ အကြိတ်အနယ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး ကြီးမားသည့် ကွာဟမှုမရှိ။ ပြိုင်ပွဲဝင်ပြီးစင်မြင့်ပေါ်မှ ဆင်းသက်လာသည့်ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲဝင်တစ်ဦးအား မေးမြန်းခဲ့ရာ"ရှမ်းပြည်နယ်မှ ရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင် မသဲအေးအေးနွယ် ဖြစ်ပါတယ်၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲတာဖြစ်ပြီး ကြိုးမရှုပ်အောင်၊ ကကွက်အဆန်းပြသနိုင်အောင်လည်း ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမှာ အမှားအယွင်းမရှိခဲ့ဘူးလို့လည်း ယုံကြည်ပါတယ်"ဟု ဖော်ပြသည်။

ရုပ်သေးပြိုင်ပွဲဝင်များမှာ သူငယ်တော်ရုပ်နှင့် ဇော်ဂျီရုပ်များကို တကယ့်သက်ဝင်လှုပ်ရှားနေသောဇော်ဂျီနှင့် သူငယ်တော်များကဲ့သို့ တီးလုံးနှင့် လိုက်ဖက်ညီစွာ ကြိုးဆွဲနိုင်ကြသည်ဖြစ်ရာ ချီးကျူးစရာပင်ဖြစ်သည်။ ဆက်လက်ပြီး ကချင်ပြည်နယ်မှ ရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင် မသက်ထားစံလည်း "ရုပ်သေးကြိုးမရှုပ်အောင်၊ တီးကွက်ပေါ်မူတည်ပြီး ကကွက်အသစ်အဆန်းတွေနဲ့ တင်ဆက်ပြိုင်ပွဲဝင်ခဲ့တာပါ" ဟုပြိုင်ပွဲဝင်အပြီး ပြောပြသည်။

ဆက်လက်ပြီး တိုင်းရင်းသားရိုးရာ ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင်လည်း ကချင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်အဖွဲ့များပါဝင်ယှဉ်ပြိုင်ကြသည်။ မြူးကြွသောကဟန်၊ ကကွက်၊ ညီညာပြီး အားပါသောအဖွဲ့လိုက်လှုပ်ရှားမှုက စိတ်အားတက်ကြွမှုကို ဖြစ်ပေါ်စေသည်။ ပြိုင်ပွဲဝင်အဖွဲ့တိုင်း မြူးမြူးကြွကြွ၊ သွက်သွက် လက်လက်ဖြင့် တေးသွားသံစဉ်ကပြ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်အဖွဲ့များအားလုံး ကွာဟမှုမရှိ၊ စနစ်တကျကြိုတင်လေ့ကျင့်ခဲ့ကြသည်မှာ ပေါ်လွင်နေသည်။

ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်တိုင်းရင်းသားရိုးရာအကအဖြစ်ရခိုင်တိုင်းရင်းသားရိုးရာအကနှင့် ကရင်တိုင်းရင်းသားရိုးရာအကဖြစ်သော ကရင်ဒုံးယိမ်းအကများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက ကပြယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ယခုနှစ်တွင် စတင်ယှဉ်ပြိုင်သည့်ပလွေပြိုင်ပွဲတွင်လည်း ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များယှဉ်ပြိုင်ခဲ့ရာ အထူးသဖြင့်အခြေခံ ပညာ(၁၀-၁၅)ပလွေပြိုင်ပွဲမှာလူငယ်လေးများ၏ ပလွေအတီးကျွမ်းကျင်မှုကို မြင်တွေ့ရသည်။ အခြေခံကျသောအဆို၊ အက၊ အရေး၊ အတီးပညာရပ်များကို ယခုပြိုင်ပွဲကြီးများက အကောင်းဆုံး လက်ဆင့်ကမ်းဖြည့်ဆည်းပေးနိုင်လျက်ရှိနေပြီဖြစ်သည်။

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးများ သွားရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၁၁ ဦးတို့အား တိုက်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ် သံဖြူဇရပ်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများ၌ စခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကာလ တတိယပတ်လေ့ကျင့်ပြီးချိန် ယနေ့တွင် သင်တန်းများအလိုက် လေ့လာရေးခရီးများ အသီးသီးစေလွှတ်ပေးခဲ့သည်။

ထိုသို့ လေ့လာရေးခရီးများစေလွှတ်ပေးရာတွင် တိုက်ကြီးမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်(မှော်ဘီ)၊ လေတပ်ဆွယ်(မှော်ဘီ)၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ်တို့အားလည်းကောင်း၊ ရမည်းသင်းမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် နေပြည်တော်ရှိ လေတပ်ဆွယ်(နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့အားလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသောတပ်ဖွဲ့ဝင်များသည် နယ်မြေခံ အမြောက်တပ်ရင်းနှင့် သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်း၊ ဗျိုင်းနှစ်ကောင်ကျောင်းရှိ ရုပ်ပွားတော်၊ ကျိုက္ကမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေတို့အား လည်းကောင်း၊ ပင်လောင်းမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် ငွေတောင်ဆည်၊ ထီးပွင့်ပန်း၊ တောင်ကွဲစေတီတော်နှင့် နယ်မြေခံ အမြောက်တပ်ရင်းတို့အား လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်မှုများ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အနုပညာရှင်များ၏ လက်စွမ်းပြဖျော်ဖြေတင်ဆက်မှုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသူများ၏ အားပေးသံများဖြင့် စည်ကားလျက်ရှိသည်။



ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ယိမ်းအဖွဲ့ ယှဉ်ပြိုင်စဉ်

**အဆိုပြိုင်ပွဲ**

အဆိုပြိုင်ပွဲ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင်အမှတ်(၅)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်သန့်ဇင်ဦး၊ မွန်ပြည်နယ်မှ ဦးဇင်မျိုးပိုင်၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရီ၊ ရှမ်းပြည်နယ်မှ ဦးစိုးမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းမြေ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးသန့်ဇင်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဇော်မင်းအောင်၊ မကွေးတိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်းတို့က ဒေါ်ကြည်အောင်၏ ဗမာ့သွေး သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမေသူဇာစိုး၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မနန်းမို့မို့အေး၊ မွန်ပြည်နယ်မှ မပိုးမီမီဟန်၊ ရခိုင်ပြည်နယ်မှ မလဲ့ရည်ကို၊ ရှမ်းပြည်နယ်မှ မယွန်းဇာနည်ဖူး၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်မြတ်မွန်၊ မန္တလေးတိုင်းဒေသကြီးမှ မအေးအေးဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မအိနန္ဒာမောင်နှင့် ပဲခူးတိုင်းဒေသကြီးမှ မအိဟေမာန်တို့က ပြည်လှဖေ၏ ဇွဲ သီချင်းဖြင့်လည်းကောင်း စိတ်အားတက်ကြွဖွယ် သီဆိုယှဉ်ပြိုင်ကြသည်။


ဒုံမင်း အဆင့်မြင့်ပညာအဆင့် (မ) ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးမှ မရွှေဝင့်ထည်ကို ယှဉ်ပြိုင်စဉ်


ကွက်စိပ် ဝါသနာရှင်အဆင့် ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးရန်းကျော် ယှဉ်ပြိုင်စဉ်


ပလွေ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးကိုကို ယှဉ်ပြိုင်စဉ်

**အကပြိုင်ပွဲ**

အကပြိုင်ပွဲ၏ ကရင်ဒုံးယိမ်းအကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ရိုးရာယဉ်ကျေးမှုများ မပျက်အောင် လက်တွဲမဖြုတ်စတမ်း ထိန်းသိမ်းရန် ရည်ညွှန်းသည့် လက်တွဲညီညီ ရှေ့သို့ချီ သီချင်းဖြင့် ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယိမ်းအဖွဲ့ဝင်များက တက်ကြွပျော်ရွှင်စွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ရုပ်သေးပြိုင်ပွဲ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးသက်နိုင်ဝင်း၊ ရှမ်းပြည်နယ်မှ မောင်ထွဋ်မြတ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောဟေမာန်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝေလင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ကျော်ကျော်နှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်နိုင်လင်းဦးတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်သက်ထားစံ၊ ရှမ်းပြည်နယ်မှ မသဲအေးအေးနွယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မထက်ထက်ဝတ်ရည်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ မသဲဆုဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ပြုံးတင်နှင့် ရေဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းမြင့်တို့က လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

အရေးပြိုင်ပွဲ၏ အရေးတေးသီချင်းပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ-(၁) ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးသိန်းအောင်၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးစိုးသက်၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သန်းသန်းနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးစိုးသူရ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ခင်ချစ်စုမာ၊ မကွေးတိုင်းဒေသကြီးမှ ဦးခင်ညွန့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်၊ ရေဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးမင်းသူတို့က ယှဉ်ပြိုင်ကြသည်။

**အတီးပြိုင်ပွဲ**

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းလဲ့လဲ့ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ဌေးဌေးအေးနှင့် ပဲခူးတိုင်းဒေသကြီးမှ မစန္ဒာလင်းတို့က နှင်းယွန်းခါဟေမာန် (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ရွှေရည်မိုး (ခ) စတားရွှေရည်ဖိုးဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသီရိနိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင်နှင့် ရေဝတီတိုင်းဒေသကြီးမှ မအေးဆုသန့်ဇင်တို့က စိမ်းလဲ့လဲ့ (ကြိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မျိုးထွန်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကျော်ထက်ဝင်းတို့က မှန်ညောင်သဥ္ဇာ (ဝတ်တော်ရုံဘွဲ့) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးက ထွေထွေဆန်းဆန်း (ယိုးဒယား) ဖြင့်လည်းကောင်း မြူးကြွသည့် ဆိုင်းလက်သံဖြင့် ယှဉ်ပြိုင်ကြသည်။


ဆိုင်းတစ်ဦးချင်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) (မ) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မစန္ဒာလင်း ယှဉ်ပြိုင်စဉ်

**ပလွေပြိုင်ပွဲ**

ပလွေပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိန်မောင်အိက ဗမ္ဗူကျွန်းလုံး (သီချင်းခံ) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံထက်မြတ်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးကိုကိုတို့က နှစ်ကိုယ်သစ္စာ (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးသန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျော်ရွှေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဇင်ဝိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသာအေးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးခင်ညွန့်တို့က ယမုန်နာ (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ပြည့်စုံ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဝေယံနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ငယ်သွေးတို့က ဘုံဆောင်မြင့် (ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်တိမ်မင်းခန့် က ဘုံဆောင်မြင့် (ကြိုး) ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းပြိုင်ပွဲ**

ဒုံမင်းပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးလှိုင်တင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်ဝင်းတို့က ချစ်သမျှကို (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ခိုင်ဇော်လတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဝေလျှံဖြိုးတို့က ရှင်သီဝလိ (ကာလပေါ်) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဆုမြတ်နိုးနှင့် ရေဝတီတိုင်းဒေသကြီးမှ မရွှေဝင့်ထည်ကို တို့က သောင်းရွှေလယ် (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဖြိုးက ဓမ္မစကြာ (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦးက ဓမ္မစကြာ (ကာလပေါ်) ဖြင့်လည်းကောင်း ဒုံမင်းသံသာဖြင့် ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**

ကွက်စိပ်ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးလှမျိုးထက်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးသက်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးခေတ်သစ်မော်၊ မကွေးတိုင်းဒေသကြီးမှ ဦးခေတ်သစ်ကြည်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရန်းကျော်နှင့် ရေဝတီတိုင်းဒေသကြီးမှ မင်းသန်းဝင်း(ဟင်္သာတ)တို့က ယှဉ်ပြိုင်ကြသည်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်မှုများ ယနေ့ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသည့် ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။ **သူရဇော် (သတင်းစဉ်)**

# သံတွဲခရိုင်အသင်း(ရန်ကုန်) ဖွဲ့စည်းတည်ထောင်ခြင်း (၇၁)နှစ်မြောက်အထိမ်းအမှတ် စေတနာရှင် ၁၀၀ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

သံတွဲခရိုင်အသင်း(ရန်ကုန်) ဖွဲ့စည်းတည်ထောင်ခြင်း (၇၁) နှစ်မြောက်အထိမ်းအမှတ်အဖြစ် စေတနာရှင်၊ သွေးလှူရှင် ၁၀၀ တို့က ယနေ့တွင် ရန်ကုန်မြို့ အမျိုးသားသွေးဗဟိုဌာန၌ စုပေါင်း၍ သွေးလှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

"ရန်ကုန်ရောက် သံတွဲသူ၊ သံတွဲသားတွေက ဘာသာ၊ သာသနာ၊ လူမှုရေးကိစ္စတွေကို ဆောင်ရွက်နေတဲ့ သံတွဲခရိုင်အသင်းဖြစ်ပါတယ်။ ကုသိုလ်ဒါနပြုရာမှာလည်း ငွေကြေးတတ်နိုင်သူတွေက ငွေကြေးလှူဒါန်းတယ်ဆိုပေမယ့် ခန္ဓာကိုယ်မှာရှိတဲ့ သွေးကိုလှူတာ ပိုပြီးမွန်မြတ်တယ်လို့ ယူဆတာကြောင့် ပထမအကြိမ် သွေးလှူဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်"ဟု သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးမြမောင်က ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က "သွေးဟာ လိုအပ်လို့မပေးနိုင်ရင် အသက်အန္တရာယ်ရှိပါတယ်။ ခန္ဓာကိုယ်မှာ သွေးကထောက်ပံ့ပေးမယ့် လုပ်ငန်းရပ်တွေ ပျက်စီးသွားပြီဆိုရင် ဘယ်သိပ္ပံနည်းနဲ့မှ အစားထိုးလို့မရတဲ့အတွက် ခန္ဓာကိုယ်ရှင်သန်ဖို့ သွေးလိုအပ်ပြီဆိုရင် သွေးပဲပေးရမယ်။ ဘယ်သူပဲလှူလှူ၊ လှူသမျှ စေတနာရှင်တွေရဲ့သွေးက လူနာတွေ လိုအပ်တဲ့ အချိန်မဟုတ်ဘဲ သက်သောင့်သက်သာဖြစ်တဲ့အချိန်မှာ လှူဒါန်းတာက လုံလောက်မှု ၊ အန္တရာယ်ကင်းမှုအပြင် ကုသရေးအပိုင်းမှာလည်း အရည်အသွေးကို တက်စေတဲ့အတွက် ကိုယ်အားတဲ့အချိန်လေးမှာ ကျန်းမာတဲ့သူတွေက စေတနာသွေးလှူရှင်တွေအဖြစ်နဲ့ သွေးလှူဘဏ်ကို ဝိုင်းပြီးထောက်ပံ့ပေးကြပါ"ဟု ပြောကြားခဲ့သည်။

သွေးလှူဒါန်းခြင်းသည် လူ့အသက်ကို ကယ်တင်သည့် လှူဒါန်းမှုမျိုးဖြစ်သောကြောင့် နောင်နှစ်များတွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အသင်းသူ၊ အသင်းသားများသာမက မည်သူမဆို ပူးပေါင်းပါဝင်ကြရန် တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က ပြောကြားသည်။

သွေးလှူဒါန်းသူတစ်ဦးဖြစ်သည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်မှ ကိုမြင့်ဇော်စိုးက "ပထမဆုံးအကြိမ် လှူဒါန်းမှုဖြစ်တဲ့အတွက် အတွေ့အကြုံသစ်တွေလည်း ရပါတယ်။ သွေးလှူတာ မွန်မြတ်တဲ့ ကုသိုလ်ဖြစ်လို့ အခုလို လှူခွင့်ရတာကိုလည်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောကြားသည်။

သံတွဲခရိုင်အသင်းကို ၁၉၄၅ ခုနှစ်က ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်သူ၊ မြို့နယ်သားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ ပံ့ပိုးကူညီရန် ရည်ရွယ်လျက် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယနေ့တွင် သွေးလှူဒါန်းပွဲနှင့်အတူ ၇၁ နှစ်တိုင်အောင် အသင်းကြီး အောင်အောင်မြင်မြင် ရပ်တည်နိုင်ခဲ့သည့်အထိမ်းအမှတ်အဖြစ် အသင်းသူ၊ အသင်းသားများက ငွေကျပ်ဆယ်သိန်းငါးသောင်းကိုလည်း စုပေါင်း၍ လှူဒါန်းခဲ့ကြသည်။

**သတင်း-ဝင်းဝင်း ၊ ဓာတ်ပုံ-ရဲထွဋ်**



# ရွှေ့ပြောင်းအိမ်ထောင်စုဝင်များအား နေရပ်အသီးသီးသို့ ထပ်မံပို့ဆောင်

**ဘူးသီးတောင် အောက်တိုဘာ ၂၃**

ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယာယီစခန်းဖွင့်လှစ်ပြီး ခိုလှုံနေသည့် အိမ်ထောင်စုမိသားစုဝင်များကို ယနေ့တွင် ၎င်းတို့၏ နေရပ်သို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီစခန်းမှ အိမ်ထောင်စုမိသားစုဝင်အချို့သည် မိမိနေရပ်အသီးသီးသို့ ပြန်လိုသည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ ပို့ဆောင်ပေးလျက်ရှိရာ မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၊ ရွှေရင်အေးကျေးရွာ၊ သရေကုန်ဘောင်ကျေးရွာ၊ ခရေမြိုင်ကျေးရွာတို့မှ အိမ်ထောင်စု ၁၂ စုမှ စုစုပေါင်းလူဦးရေ ၅၁ ဦးတို့ကို နေရပ်အသီးသီးသို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




❍ *ကျောဖုံးမှ*

ကောက်ခံရရှိတဲ့ အလှူငွေကျပ်သိန်း သုံးသောင်း ခြောက်ရာ့နှစ်ဆယ်ကျော်၊ အမေရိကန်ဒေါ်လာအနေနဲ့ ဒေါ်လာ ငါးသောင်း ရှစ်ထောင်ကျော် ရပါတယ်။ နောက်နိုင်ငံခြားငွေအနေနဲ့ ယွမ်တို့၊ ဘတ်တို့၊ စင်ကာပူဒေါ်လာတို့၊ မလေးရှားရင်းဂစ်တို့ ရရှိထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

### သုံးစွဲပြီးဖြစ်

ပုဂံရှေးဟောင်း စေတီပုထိုးများ ပြန်လည်ပြုပြင်ရန် အလှူငွေများ သုံးစွဲမှုနှင့်စပ်လျဉ်း၍ ၎င်းက ဆက်လက်ပြောကြားရာ "ကျွန်တော်တို့ ဒီအလှူငွေတွေကိုတော့ ပုဂံညောင်ဦးဒေသမှာ ခရိုင်အုပ်ချုပ်ရေးမှူးပါပါတယ်။ ရှေးဟောင်းသုတေသနနဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရယ် ဒီသုံးဦးနာမည်နဲ့ ကမ္ဘောဇဘဏ်မှာ ပူးတွဲငွေစာရင်းအကောင့်ဖွင့်ထားပြီး အလှူငွေလက်ခံနေပါတယ်။ လတ်တလော အပျက်အစီးတွေ ဖယ်ရှားရှင်းလင်းတဲ့ လုပ်ငန်း၊ နောက်ပြီး အရေးပေါ်လုပ်ရမယ့် လုပ်ငန်းတွေအတွက် ဖြစ်ဖြစ်ချင်းပဲ မိုးရာသီဖြစ်တဲ့အတွက် ဒီအထိ အခိုက်အပျက်အစီးတွေကနေ မိုးရေဝင်ပြီးတော့ မပျက်စီးအောင်ဆိုပြီးတော့ ချက်ချင်းပြေမ်းတွေဆင်တဲ့ လုပ်ငန်းတွေ၊ မိုးကာစတွေနဲ့ အုပ်တဲ့လုပ်ငန်းတွေရှိပါတယ်။ အဲဒီမှာ ဒီငွေတွေကို သုံးစွဲပါတယ်။ ဒီလုပ်ငန်းတွေ လုပ်တဲ့အချိန်မှာ လိုအပ်တဲ့ ပစ္စည်းတွေဝယ်ယူပြီးတော့မှ အချိန်နဲ့တစ်ပြေးညီ ဒီအလှူငွေထဲကပဲ သုံးစွဲပါတယ်။ နောက် တဖြည်းဖြည်း အဲဒီလုပ်ငန်းတွေ ပြီးစီးချိန်မှာတော့ အရေးပေါ် ဒုတိယအဆင့် လုပ်ငန်းတွေဖြစ်တဲ့ ဒီရုတ်တရက် အချိန်မရွေး ပြိုကျနိုင်တဲ့ဟာတွေ၊ ဒေါက်ထောက်တဲ့လုပ်ငန်းတွေမှာလည်း သစ်လိုအပ်ရင်သစ်ဝယ်ပြီးတော့ သုံးစွဲရပါတယ်။ လုံးပတ်တော်တွေဆိုလို့ရှိရင်လည်း အက်ကြောင်းတွေဖြစ်လာတဲ့အခါကျတော့ မိုးရေဝင်ပြီး ပြိုကျမသွားအောင် သံခါးပတ်နဲ့ ပတ်တဲ့ လုပ်ငန်းတွေ လုပ်ပါတယ်။ အက်ကြောင်းတွေကို ရေပိတ်လွှာလောင်းပြီးတော့မှ ဖာထေးတဲ့လုပ်ငန်းတွေ ရှိပါတယ်။ အက်ကွဲကြောင်းတွေထဲမှာ ကြားသိပ်တဲ့ လုပ်ငန်းတွေအတွက် စုပေါင်းအလှူငွေထဲကနေ သုံးခဲ့တာဖြစ်ပါတယ်။ ဒီနေ့အချိန်ထိဆိုရင် သိန်းပေါင်း တစ်ထောင်ကျော် သုံးစွဲပြီးဖြစ်ပါတယ်"ဟု ပြောကြားသည်။

### စနစ်တကျဆောင်ရွက်

ငွေကြေးသုံးစွဲရာတွင်လည်း အလှူငွေလက်ခံရေးအဖွဲ့ သီးသန့်ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အတွင်းရေးမှူးအဖြစ် ပါဝင်ပြီး အရေးပေါ် လိုအပ်မှုများကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပစ္စည်းလိုအပ်သည့် အပေါ်တွင်မူတည်ပြီး စေတီပုထိုးအလိုက် ပစ္စည်းလိုအပ်မှုစာရင်းများကို လိုက်လံကောက်ယူသည့် အဖွဲ့များကလည်း သီးသန့်ရှိပြီး ယင်းအဖွဲ့များက ငွေကြေးသုံးစွဲမှုများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းငွေကြေးသုံးစွဲမှုများကို အချိန်နှင့်တစ်ပြေးညီ တိုင်းဒေသကြီးအစိုးရထံ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြ၍ တိုင်းဒေသကြီးအစိုးရ ခွင့်ပြုချက်ဖြင့် သုံးစွဲရခြင်းဖြစ်ပြီး သက်ဆိုင်ရာ စာရင်းစစ်အဖွဲ့ကလည်း တစ်လတစ်ကြိမ် လာရောက်စစ်ဆေးကာ စာရင်းစစ်၏ အကြံပြုချက်အတိုင်း သုံးစွဲနေခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

### ချက်ချင်း ရှင်းလင်း

ပုဂံဒေသရှိ ငလျင်ဒဏ်သင့်စေတီပုထိုး စုစုပေါင်း ၄၀၀ ကျော် ပျက်စီးခဲ့ရာ ယင်းအပျက်အစီးများကို ချက်ချင်းရှင်းလင်း၍မရဘဲ အပျက်အစီးများထဲတွင် ရှေးဟောင်းတန်ဖိုးရှိသည့် ပစ္စည်းများပါဝင်သည့်အတွက် ခွဲခြားထိန်းသိမ်းနိုင်ရေးအတွက် အပျက်အစီးများ ဖယ်ရှားရှင်းလင်းသည့်အချိန်တွင် သက်ဆိုင်ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ထံမှ သိရသည်။

❖ *ကျောဖုံးမှ*

သဘော်လက်မှတ်စခန်းကနေ သဘော်ဆိပ်ဆင်းဖို့ ကား၊ ဟိုဘက်မှာ ကြိုဖို့ ကားကအစ အဆင်ပြေအောင်စီစဉ်ပေးထားပါတယ်။ တစ်ပတ်စာရိက္ခာအတွက်လည်း စီစဉ်ပေးထားပါတယ်"ဟု ပြောကြားသည်။

နယ်မြေ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် နေရပ်ခေတ္တစွန့်ခွာလာသူများ အဆင်ပြေချောမွေ့စွာ နေရပ်ပြန်နိုင်ရန်အတွက် ပြည်နယ်အစိုးရက သွားလာစရိတ်ရေယာဉ်ခနှင့် တစ်ပတ်စာ အိမ်အသုံးအဆောင်ပစ္စည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနကလည်း အိမ်အသုံးအဆောင်ပစ္စည်းများအပြင် လူမှုရေးအဖွဲ့အစည်းများကလည်း စစ်တွေမြို့ ပေါ်ရှိ အလှူရှင်များထံမှ ကောက်ခံရရှိသည့် လှူဒါန်းငွေများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

နေရပ်သို့ပြန်လည်သွားရောက်သည့် မောင်တောမြို့ အောင်မင်္ဂလာကျေးရွာမှ ဒေါ်ကျော့စိန်ဖြူက "နေရပ်ပြန်ဖို့အတွက် ပြည်နယ်အစိုးရက အားလုံး စီစဉ်ပေးပါတယ်။ လူမှုရေးအဖွဲ့အစည်းနဲ့ မြို့ခံ ဒေသခံတွေကလည်း သူတို့ တတ်နိုင်တဲ့ဘက်က ထောက်ပံ့ကြပါတယ်။ ဒီမှာ သမီးနဲ့ ကလေးတွေကို ထားခဲ့တယ်။ ဟိုမှာ စိတ်ချရပြီဆိုရင် ပြန်လာခေါ်မယ်။ ရွာမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်ထားတယ်။ အမျိုးသားက အိမ်မှာ ကျန်ခဲ့တယ်။ အခြေအနေသွားကြည့်တာပါ။ တည်ငြိမ်ပြီး စိတ်ချရပြီဆို ကလေးတွေ ပြန်လာခေါ်မှာပါ"ဟု ပြောကြားသည်။

"နာရေးကူညီမှုအသင်းက ဦးဆောင်ပြီး မြို့ပေါ်က အလှူရှင်တွေ လှူတဲ့ငွေနဲ့ နေရပ်ပြန်တဲ့သူတွေကို တစ်အိမ်ထောင်ငွေကျပ်ငါးသောင်း ထောက်ပံ့ခဲ့ပါတယ်။ ကျန်နေသေးတဲ့ သူတွေအတွက်လည်း နေရပ်ပြန်တဲ့အခါ ဆက်လက်ထောက်ပံ့ပေးသွားမှာပါ"ဟု ဦးသန်းရွှေ(ဥက္ကဋ္ဌ၊ နာရေးကူညီမှုအသင်း၊ စစ်တွေ)က ပြောကြားသည်။

အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်လာပြီး ယာယီကယ်ဆယ်ရေးစခန်းများ၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တ စွန့်ခွာလာသူဦးရေ ၃၀၀၀ ခန့်ရှိနေပြီး လက်ရှိအခြေအနေတွင် ပြန်လည်သွားရောက် နေထိုင်သူဦးရေမှာ အနည်းငယ်သာရှိနေကြောင်း သိရသည်။






# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ အမ်းမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**အမ်း အောက်တိုဘာ ၂၃**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်မှ ပြည်သူအကျိုးပြုသောဥပဒေပြုကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက အခက်အခဲ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ စာဖြင့်၊ နှုတ်ဖြင့်တင်ပြလာမှုများကို ဝန်ကြီးများ အဆင့်ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က မောင်တောင်ခရိုင်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်အခြေအနေများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနှစ်စီမံကိန်းချမှတ်ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ဆုံပြောကြားသည်။ (ဓာတ်ပုံ) ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ မြို့မိ/မြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက ဒေသလိုအပ်ချက်နှင့် အခက်အခဲများကိုတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ချင်းတွင်းမြစ်ကြောင်းသွား လူစီးနှင့် ကုန်တင် အမြန်ရေယာဉ်များ ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပါက ထိရောက်စွာအရေးယူမည်



**မုံရွာ အောက်တိုဘာ ၂၃**

မုံရွာမြို့ကိုအခြေပြုလျက် ချင်းတွင်းမြစ်အတွင်း ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးနှင့် ကုန်တင်အမြန်ရေယာဉ်များ ခွင့်ပြုတန် ချိန်ထက် ပိုမိုတင်ဆောင်ပါက ရေကြောင်း ဥပဒေများဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ကြောင်းသွား အမြန်ရေယာဉ်များအား ညွှန်ကြားချက်ထုတ်ပြန်ထားမှုအခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောကြားရာတွင် "လတ်တလောကာလမှာ မုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးပေါင်းအဖွဲ့တွေနဲ့ မုံရွာကိုအခြေပြုပြေးဆွဲနေတဲ့ ရေယာဉ်တွေကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းမှာ ရှောင်တခင်ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။

"အဲဒီလိုစစ်ဆေးရာမှာ လူစီးနဲ့ကုန်တင်ရေယာဉ်တွေကို လုပ်ငန်းလိုင်စင်နဲ့ ရေယာဉ်လိုင်စင်သက်တမ်း ရှိ/မရှိ၊ သတ်မှတ်ထားတဲ့ ဝန်တင်မျဉ်းထက် ကျော်လွန်၍ ခရီးသည်/ကုန်စည်များ တင်ဆောင်ထားခြင်းရှိ/မရှိ၊ ရေယာဉ်အရေးပေါ်အခြေအနေကြုံတွေ့လာပါက အသုံးပြုနိုင်မည့် သက်ကယ်အင်္ကျီ၊ သက်ကယ်ဖောကွင်း စီမံထားရှိမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးနှင့် မီးသတ်ကိရိယာများနှင့် ရေယာဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ရေများ ဝင်ရောက်လာပါက စုပ်ထုတ်နိုင်ရန်အတွက် အပိုရေစုပ်စက်ငယ်ပါရှိမှု ရှိ/မရှိ၊ ဒ့ါအပြင် ရေယာဉ်အန္တရာယ် ဖြစ်ပေါ်နိုင်သည့် အခြေအနေမျိုးကို ရောက်ရှိနိုင်သည့်အချက်များ (ဥပမာ-လူလျှောက်လမ်းနှင့် ရေယာဉ်ဦးပိုင်း၊ ပဲ့ပိုင်း၊ ရေယာဉ်အမိုးပေါ်တို့တွင် ကုန်ပစ္စည်းများ တင်ဆောင်ထားခြင်း ရှိ/မရှိ)၊ ရေယာဉ်ပေါ်မှာ သတ်မှတ်ထားသည့် ရေယာဉ်လုပ်သားလုံလောက်စွာပါရှိမှု ရှိ/မရှိစစ်ဆေးပါတယ်"ဟု ပြောသည်။

ရေယာဉ်အရေးပေါ်အခြေအနေရုတ်တရက် ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ပညာပေးဟောပြောပွဲများပြုလုပ်ပြီး အသိပညာပေးလျက်ရှိကြောင်း၊ ရေယာဉ်တွေအနေဖြင့် သတ်မှတ်ညွှန်ကြားချက်များအား မလိုက်နာပါက ရေကြောင်းဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မုံရွာဆိပ်ကမ်းကို အခြေပြု၍ အထက် ချင်းတွင်းဒေသသို့ အစုန်/အဆန်အဖြစ် ခရီးသည်တင်အမြန်ရေယာဉ်အသင်း ၁၀ သင်းမှ အမြန်ရေယာဉ် ၁၃၄ စင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**




# အောင်စိုးမိုးကျော်-၂ ရေယာဉ်နစ်မြုပ်မှုကြောင့် ထိခိုက်သူများ၏ မိသားစုများအား ထောက်ပံ့

**စစ်ကိုင်း အောက်တိုဘာ ၂၃**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဖြစ်ပွားခဲ့သော ဟုမ္မလင်း-မုံရွာ ခရီးစဉ်ပြေးဆွဲသည့် အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ် နစ်မြုပ်မှုတွင် အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးခဲ့သူများ၏ မိသားစုများထံသို့ ထောက်ပံ့ငွေကျပ်သိန်း ၇၁၀ ကို အောက်တိုဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက်အထက်မြန်မာပြည် တာဝန်ခံ ဦးတင်ထွန်းက ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုခံရသူခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း၊ ပညာရေးဝန်ကြီးဌာနမှ အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးသွားသူ စုစုပေါင်း ၇၅ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်း၊ အဝေးသင်တက္ကသိုလ်ကျောင်းသားများမှ အသက်ရှင်ကျန်ရစ်သူ ၃၆ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်း၊ ရေယာဉ်နစ်မြုပ်ပြီး ငါးရက်ကြာမှ အသက်ရှင်လျက် ပြန်တွေ့သူ တစ်ဦးအတွက် ငွေကျပ် ၁၅ သိန်း၊ သေဆုံးသူအဝေးသင်တက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် မူလတန်းကျောင်းသား ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်း၊ ကျန်းမာရေးဝန်ထမ်းများမှ သေဆုံးသူဆရာဝန်တစ်ဦးကို ငွေကျပ်ငါးသိန်း၊ ပျောက်ဆုံးသွားသူ သားဖွားဆရာမတစ်ဦးအတွက် ငွေကျပ်ငါးသိန်း၊ အသက်ရှင်ကျန်ရစ်သူ သားဖွားဆရာမ တစ်ဦးအတွက် ငွေကျပ်ငါးသိန်း၊ ထောက်ပံ့လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၇၁၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် အောက်တိုဘာ ၁၇ရက်ကလည်း အဆိုပါရေယာဉ်နစ်မြုပ်မှုမှ ကယ်ဆယ်ထားသည့် ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၃၀၀ နှင့် အနွေးထည် ၃၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# အငြင်းပွားမြေနုကျွန်းကို ခေတ်မီနည်းပညာဖြင့် တိုင်းတာခွဲဝေပေးရန်လိုအပ်

**တိုက်ကြီး အောက်တိုဘာ ၂၃**

အဖျောက်မြို့နယ် ရေပေါ်သောင်အုပ်စု ကွင်းအမှတ် ၁၅၆ မဲသောင်ကွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအကြား ရန်ကုန်တိုင်းဒေသကြီးဘက်ခြမ်းရှိ ရေပေါ်သောင်ကျေးရွာအုပ်စု တောင်သူများလုပ်ကိုင်နေသော မြေနုကျွန်းများအား အဓမ္မကျူးကျော်ဝင်ရောက်၍ သီးနှံစိုက်ပျိုးရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဝါးပတောကျေးရွာနှင့် အခြားကျေးရွာများမှ လူအင်အား ၂၀၀ ခန့်သည် မြေနုကျွန်းပေါ်ရှိ ကိုင်းပင်များအား ကျူးကျော်ဝင်ရောက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ကန်သင်းပေါင်များသတ်မှတ်ခြင်းနှင့် မြေဆွေးအိတ်များချထားခြင်းတို့ကို ဆောင်ရွက်နေကြသဖြင့် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ အဖျောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်လင်းတို့ဦးဆောင်၍ အဖျောက်ရဲစခန်းမှ တာဝန်ရှိသူများ၊ ရေပေါ်သောင်အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးသက်ခိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"မြေနုကျွန်းအငြင်းပွားမှုက နှစ်စဉ်ဖြစ်တာပါ။ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့အကြား အုပ်ချုပ်မှုနယ်နိမိတ် တိုင်းတာသတ်မှတ်တာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ခေတ်မီ နည်းပညာတွေအသုံးပြုပြီး တိတိကျကျသတ်မှတ်ခွဲဝေဆောင်ရွက်ပေးမှသာ နှစ်စဉ်မြေနုကျွန်း အငြင်းပွားမှုလျော့နည်းပြီး တောင်သူများအတွက် မြေနုကျွန်း လုပ်ကိုင်ခွင့်ကို လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ စီမံခန့်ခွဲမှုအဖွဲ့တွေက အရေးယူဆောင်ရွက်မှုပြုလုပ်သင့်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်လင်းက ပြောသည်။

အဖျောက်မြို့ ရေပေါ်သောင်အုပ်စုသည် ဧရာဝတီတိုင်းဒေသကြီး မှ ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၀ နှစ်ကျော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးဘက်သို့ နှစ်မိုင်ခန့် ရေလမ်းကြောင်းပြောင်း၍ လာရာ မြေနုကျွန်းအငြင်းပွားမှုများရှိနေသဖြင့် ခေတ်မီနည်းဖြင့် တိုင်းတာခွဲဝေ သတ်မှတ်ပေးရန် တောင်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# ဆီမီးခုံကျေးရွာ၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျ လူနေအိမ်များ ပြောင်းရွှေ့ရန်လိုအပ်

**မြင်းခြံ အောက်တိုဘာ ၂၃**

မြင်းခြံမြို့နယ်ဆီမီးခုံကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျသည့်နေရာအား အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင် လာရောက်ကြည့်ရှု စစ်ဆေးသည်။

ဧရာဝတီမြစ်ရေကြောင်းပြောင်းလဲလာပြီး ဆီမီးခုံကျေးရွာသို့ ဦးတည်စီးဆင်းခဲ့သဖြင့် ဗန္ဓုလ၊ ကျန်စစ်သား၊ မင်းရဲကျော်စွာရပ်ကွက်တို့တွင် ကမ်းပါးပြိုကျမှု များပြားခဲ့သည်။ မြေပြိုကျမှုသည် စက်ဝိုင်းခြမ်းပုံစံဖြစ်၍ အလျားပေ ၃၅၀ ခန့်ရှိပြီး အကျယ်ဆုံးနေရာသည် ပေ ၁၃၀ ခန့်ဖြစ်၍ ငါးပေခန့်နိမ့်ကျခဲ့ကာ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် လူနေအိမ်ခုနစ်လုံးပြောင်းရွှေ့ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျမှုများ ဆက်လက်ဖြစ်ပွားနိုင်သဖြင့် မြေပြိုကျမှုလျော့နည်းစေရန်အတွက် သစ်ကိုင်းများကိုခုတ်ချပြီး ကမ်းပါးတွင်ချထား၍ ကမ်းပြိုမှုကို ထိန်းသိမ်းကာကွယ်ကြရန်နှင့် ကမ်းနံဘေးမှ ၇၅ ပေအကွာရှိ လူနေအိမ်များ ပြောင်းရွှေ့နေထိုင်ကြရန် တိုင်းဒေသကြီးဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ရခိုင်ပြည်နယ်တောင်ပိုင်း မုန်တိုင်းဝင်ရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရန်သင့်ဆောင်ရွက်နိုင်ရန် စီမံထားရှိ

စစ်တွေ အောက်တိုဘာ ၂၃

**ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရန်သင့်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားကြောင်း ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။**



ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရန်သင့်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့ထားပြီး အဆိုပါအဖွဲ့တွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများပါဝင်ကြောင်း သိရသည်။

"ရခိုင်ပြည်နယ်တောင်ပိုင်းမှာရှိတဲ့ မြို့တွေအပြင် ရခိုင်ပြည်နယ်တစ်ခုလုံးက မုန်တိုင်းနဲ့ပတ်သက်ပြီး သတိထားနေရတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီအနေအထားမှာ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေက ကိုယ့်မြို့ကိုယ့်ရွာမှာ ကြိုတင်ကာကွယ်ရေးစီမံချက်တွေ ယခင်ကတည်းကလုပ်ထားပြီး ဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ တီဗွီ၊ ရေဒီယို၊ အက်(ဖ်)အမ်တို့ကနေ မိုးလေဝသ သတင်းတွေနားထောင်ဖို့ လှုံ့ဆော်ထားပြီး မြို့တွေမှာလည်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့ထားပါတယ်" ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။

ထို့အပြင် ရခိုင်ပြည်နယ်သည် ကမ်းခြေဒေသများဖြစ်သည့်အတွက် ကမ်းဝေးကမ်းနီး ငါးဖမ်းစက်လှေများဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုရက်ပိုင်းအတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းစက်လှေများ ငါးဖမ်းမထွက်ရန် ပြည်နယ်အစိုးရအဖွဲ့က သတင်းထုတ်ပြန် တားမြစ်ထားကြောင်းလည်း သိရသည်။

"ဆိုင်ကလုန်းမုန်တိုင်းက ရခိုင်ပြည်နယ်ကို နှစ်တိုင်းဝင်လေ့ရှိတယ်။ ဝင်တဲ့အတွက်ကြောင့် အတွေ့အကြုံတွေ ရှိပါတယ်။ ၂၀၀၆ ခုနှစ်မှာတိုက်ခဲ့တဲ့ မာလာမုန်တိုင်းကစပြီး နောက်ပိုင်းတိုက်ခတ်ခဲ့တဲ့ မုန်တိုင်းတွေအထိ မုန်တိုင်းတွေဖြစ်လာရင် ဒီဒေသကလူတွေက သတိထားပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားသည်။

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရန် လေ့ကျင့်ထားမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီးက "သဘာဝဘေးအန္တရာယ် ကျရောက်ရင် ကာကွယ်ဖို့အတွက် သဏ္ဌာန်တူဆောင်ရွက်ချက်တွေ လေ့ကျင့်ထားပါတယ်။ မုန်တိုင်းတိုက်ရင် ဘယ်နေရာမှာ လူစုမယ်။ ဆိုင်ကလုန်းရှဲလ်တာတွေဆီကို ဘယ်လိုသွားကြမယ်။ ရိက္ခာတွေ ဘယ်လိုဖြည့်တင်းထားမယ်၊ လူတွေကို ဘယ်လိုစောင့်ရှောက်ပေးမယ်ဆိုတာတွေ လေ့ကျင့် ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ရခိုင်တောင်ပိုင်းမှာရှိတဲ့ မြို့နယ်တွေက မုန်တိုင်းလာရင် လေထက် ဒီရေကို ကြောက်ရတယ်။ ဒါပေမယ့် ဒီရက်အတွင်းက ရေသေရက် ဖြစ်တယ်။ လပြည့် လကွယ် မဟုတ်ဘဲ ကြားရက်ဖြစ်နေတယ်။ ရေသေရက်မှာ မုန်တိုင်းဒီရေတက်ရင်တောင် တစ်မီတာ၊ နှစ်မီတာထက် ပိုမတက်ဘူး။ အဲဒီဘက်မှာက ကုန်းမြင့်တွေ၊ တောင်ကမူတွေ ရှိတဲ့အတွက်ကြောင့် မုန်တိုင်းဒီရေကိုတော့ စိုးရိမ်စရာမရှိဘူးလို့ မြင်တယ်။ မုန်တိုင်းက နှစ်စဉ်ကြုံတွေ့နေရပေမယ့် မုန်တိုင်းကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ သတိတော့ထားရမယ်"ဟု ပြောကြားသည်။

ယခုဖြစ်ပေါ်နေသည့် မုန်တိုင်းကို မိုးလေဝသဌာနက အနီရောင်အဆင့် သတ်မှတ်ထားကြောင်း မုန်တိုင်းစတင်ဖြစ်ပေါ်စဉ်က ပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်နိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ယခုအခါ မုန်တိုင်းသည် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်မှုမရှိနိုင်တော့ကြောင်း၊ ဟိုင်းကြီးကျွန်းအနောက်ဘက်မှ မြစ်ဝကျွန်းပေါ်ကိုဖြတ်ကာ အိန္ဒိယဘက်သို့ ဆက်လျက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်က သုံးသပ်ပြောကြားထားသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း**

## မိုးသည်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်၌ ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။

(မိုး/ဇလ)

## မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အရေးပေါ်အစည်းအဝေးကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၃**

ရသေ့တောင်မြို့နယ် မုန်တိုင်းကြိုတင်ကာကွယ်ရေး အရေးပေါ်အစည်းအဝေး နှင့် ကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုများ ပြုလုပ်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဖွဲ့စည်းပေးထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆပ်ကော်မတီများသည် မိမိတာဝန်ကျ သက်ဆိုင်ရာကော်မတီအလိုက် အချိန်နှင့်တစ်ပြေးညီ တာဝန်ထမ်းဆောင်နိုင်ရန် ကြိုတင်ဆက်သွယ်စုစည်းထားရန်၊ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်သွားရန် မှာကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲမှူးကြီးဇော်ဝင်းအောင်က မိမိရဲတပ်ဖွဲ့ဝင်များသည်လည်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်းပြီး ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မြန်မာ့အလင်း)**

## မုန်တိုင်းမိုးရွာသွန်းမှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၁။ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် နောက် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲနိုင်ပြီး မြန်မာနိုင်ငံသို့ ဦးတည်နေကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၂၁ ရက်က သတင်းထုတ်ပြန်ထားသည်။

၂။ သို့ဖြစ်ပါ၍ မုန်တိုင်းမိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(က) မုန်တိုင်းတိုက်ခတ်၍ မိုးရွာသွန်းနေချိန်တွင် ရိတ်သိမ်းခြင်းမပြုပါနှင့်၊ မုန်တိုင်းကင်းစင်မှသာ ရိတ်သိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ပါ။

(ခ) ရင့်မှည့်ပြီး စပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုဖြစ်ပေါ်လာပါက ရေအမြန်ဆုံးထုတ်ပြီး ရိတ်သိမ်းပါ။

(ဂ) အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့မှုပြီးစီးရန် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုရိတ်သိမ်းပါ။

(ဃ) ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များ သုံးစွဲနိုင်ရေးဆောင်ရွက်ပါ။

(င) စက်ကိရိယာအခက်အခဲကြောင့် လူလုပ်အားဖြင့် ဆောင်ရွက်ရပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းခြွေလှေ့ပါ။ စပါးရင့်မှည့်မှုအလိုက် အလှည့်ကျ ရိတ်သိမ်းခြွေလှေ့နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါ။

(စ) ချက်ချင်းမခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်၌ စုပုံထားရှိခြင်း မပြုပါရန်နှင့် အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားရှိပါ။ အမိုးအကာလုံလောက်မှုမရှိလျှင် မိုးရေလျှောကျစေရန် တက်ဖက်စောင်းနိမ့် ပုံစံဖြင့် စုပုံပါ။ (သို့မဟုတ်) ကောက်လှိုင်းများကို ဖိုခုံလောက်ဆိုင် ထောင်ထားပါ။

(ဆ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံးခြွေလှေ့ပါ။ ခြွေလှေ့ပြီး စပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက်အသုံးပြု၍ (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

၃။ မိုးစပါးများရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုများ သက်သာစေရန်အတွက် အထက်ပါ လုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အကူအညီလိုအပ်ပါက တိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်တွင်း/ပြည်ပကမ်းဝေး၊ ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန် လှိုင်းဒဏ် လေဒဏ်ခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်ကြေညာ

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်း ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်။

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကာကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်။

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်။

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်တောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်။

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်။

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်။

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်။

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်။

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်။

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND)မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်။

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက် ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ ပြည်တွင်း/ ပြည်ပ ငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ ရာသီဥတုဆိုးရွားချိန်များအတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများအန္တရာယ်ကင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အပစ်ရပ်စာချုပ်ပြီးဆုံး၍ ဆီးရီးယား၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား

**အလက်ပို အောက်တိုဘာ ၂၃**

သုံးရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် မှန်းထားသည့်အတိုင်း အောင်မြင်ခြင်းမရှိခဲ့ဘဲ စနေနေ့တွင် ကုန်လွန်သွားပြီးနောက် ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည်။

သူပုန်များထိန်းချုပ်ထားရာ နယ်မြေဖြစ်သည့် အလက်ပိုအရှေ့ပိုင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့ကြောင်းနှင့် သူပုန်များရှိရာ နေရာများတွင် လေကြောင်း တိုက်ခိုက်မှုများဖြစ်ပွားကြောင်း သိရသည်။

ဆီးရီးယားတိုက်ခိုက်ရေးအင်အားစုများသည် အလက်ပိုအနောက်တောင်ပိုင်း အိမ်နီးချင်းဒေသဖြစ်သည့် ဆာလာဟူဒင်ပြည်နယ်တွင်အောင်ပွဲရရှိနေကြောင်း သတင်းဖော်ပြခဲ့သည်။



ရုရှားနှင့် ဆီးရီးယားတို့ ကြေညာခဲ့သည့် အပစ်အခတ်ရပ်စဲရေးစာချုပ်သည် အရပ်သားများကို ကယ်ဆယ်နိုင်ရေးနှင့် အလက်ပိုအရှေ့ပိုင်းရှိ ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရန်သာမက အီဒလစ်ပြည်နယ် အနောက်မြောက်ပိုင်းရှိ ဧရိယာများသို့ သူပုန်များအား ထွက်ခွာသွားနိုင်စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယာယီအပစ်အခတ်ရပ်စဲသည့် သုံးရက်တာအတွင်း သူပုန်ခုနစ်ဦးမျှသာ ထွက်ခွာသွားရန်ညွှန်ကြားခြင်းခံခဲ့ရသည်။ ဂျာဘတ်ဖာတက်အယ်လ်ရှမ်၏ အစွန်းရောက် တော်လှန်ရေးအဖွဲ့သည် အရပ်သားများအား ထွက်ခွာမသွားနိုင်အောင် အတင်းအကျပ် တားဆီးထားသည်ဟု အစိုးရဘက်မှ စွပ်စွဲခဲ့သည်။**(ဘီဘီစီ)**

# ဧဝရက်တောင်ထိပ်သို့ ပထမဆုံးရောက်ရှိခဲ့သည့် အမျိုးသမီးသေဆုံး

**တိုကျို အောက်တိုဘာ ၂၃**

ဧဝရက်တောင်ထိပ်သို့ ပထမဆုံးတက်ရောက်ခဲ့သည့် ဂျပန်နိုင်ငံမှ တောင်တက်အမျိုးသမီး ဂျန်ကိုတာဘေသည် အသက် ၇၇ နှစ်တွင် သေဆုံးသွားကြောင်း ၎င်း၏ မိသားစုဝင်များက ပြောကြားခဲ့သည်။

တာဘေသည် ဧဝရက်တောင်ထိပ်သို့ ၁၉၇၅ ခုနှစ်တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ ၎င်း၏ အသက်(၃၅)နှစ်တွင် တောင်ထိပ်သို့ ရောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့အမြင့်ဆုံးတောင်ခုနစ်လုံးသို့ မတက်ရောက်မီ ဧဝရက်တောင်ထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော လေးနှစ်အကြာက တာဘေသည် အစာအိမ်နှင့်အူလမ်းကြောင်း ကင်ဆာဝေဒနာကို ကုသလျက်ရှိပြီး စေတာမာမြို့ရှိ ဆေးရုံတစ်ရုံ၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၁ ခုနှစ်က ဂျပန်မြေငလျင်နှင့် ဆူနာမီဒဏ်ခံခဲ့ရသည့် ကျောင်းသားများလိုက်ပါလျက် ဇူလိုင်လတွင် ဖူဂျီတောင်သို့ နောက်ဆုံးတက်ရောက်ခဲ့သည်။

တာဘေသည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့သည့် ဖူကူရှီးမားဒေသမှ လာခဲ့သူဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် တာဘေက ၎င်း၏ တောင်တက်ခရီးစဉ်များနှင့်ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားမှုများကို ဂျပန်တိုင်းမ်သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဧဝရက်တောင်ထိပ်ပေါ်သို့ မရောက်ရှိမီ ၁၂ ရက်အလိုတွင် ၎င်းသည်တောင်ပေါ်မှာ စုပြုံကျဆင်းလာသော နှင်းခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ လမ်းပြ တစ်ဦးက တူးဖော်ဖယ်ရှားကာ ကယ်ဆယ်ခဲ့ပြီးနောက်တွင် တောင်တက်ခရီးဆက်နိုင်ခဲ့သည်။ **(ဘီဘီစီ)**

# အီဂျစ်သမ္မတဟောင်းမော်စီကို ထောင်ဒဏ် အနှစ် ၂၀ ချမှတ်

**ကိုင်ရို အောက်တိုဘာ ၂၃**

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီကို စနေနေ့တွင် အီဂျစ်ခုံရုံးက ထောင်ဒဏ် အနှစ် ၂၀ ချမှတ်လိုက်ကြောင်း တရားရုံးဆိုင်ရာ သတင်းရင်းမြစ်များမှ သိရသည်။

၂၀၁၂ ခုနှစ်ကဖြစ်ပွားခဲ့သည့် ဆန္ဒပြ ထုတ်ဖော်မှုအတွင်း ဆန္ဒပြဆန့်ကျင်သူများအား သတ်ဖြတ်မှုကျူးလွန်ခဲ့သည့်အတွက် ၎င်းအားပြစ်ဒဏ်စီရင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်စီကျူးလွန်ခဲ့သည့်ပြစ်မှုလေးခုအနက် ပထမဆုံးပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပြီး မော်စီအနေဖြင့် အသနားခံလျှောက်လဲခွင့် မရရှိနိုင် ကြောင်း သိရသည်။




မိုဟာမက် အယ်လ်ဘယ်တာဂီနှင့် အီဆမ်အယ်လ် အီရီရန် အပါအဝင် အစ္စလာမ္မစ် ညီအစ်ကိုများအဖွဲ့မှ အကြီးတန်း အဖွဲ့ဝင်များကိုလည်း ထောင်ဒဏ်အနှစ် ၂၀ ချမှတ်လိုက်ကြောင်း သိရသည်။ ၎င်းတို့အား ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း ဆန္ဒပြဆန့်ကျင်သူများအား သတ်ဖြတ်ခဲ့မှု၊ ပြန်ပေးဆွဲမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဖမ်းဆီးအရေးယူခဲ့သည်။

သို့သော် အစ္စလာမ္မစ်ညီအစ်ကိုများအဖွဲ့က အပြစ်ကျူးလွန်ကြောင်း ဝန်ခံခဲ့ခြင်းမရှိပေ။ ၎င်းတို့သတ်ဖြတ်လိုက်သူများအား လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မော်စီသည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက အီဂျစ်နိုင်ငံ၏ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခဲ့သည့် ပထမဆုံးသော သမ္မတဖြစ်လာခဲ့သည်။ **(ရိုက်တာ)**

# ဟေတီအကျဉ်းထောင်၌ အကျဉ်းသား ၁၇၀ကျော် ထွက်ပြေးလွတ်မြောက်

**ပေါ်တူပရင့်စ် အောက်တိုဘာ ၂၃**

ဟေတီနိုင်ငံ မြို့တော် ပေါ်တူပရင့်စ်၏ မြောက်ဘက် ၄၅ ကီလိုမီတာ (မိုင်၃၀) အကွာရှိ ဟေတီအကျဉ်းထောင် Archaie တွင် အကျဉ်းသား ၁၇၀ ကျော်ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အကျဉ်းသားများသည် ရိုင်ဖယ်သေနတ်ငါးလက်ကို ခိုးယူသွားခဲ့သည်။အပြန်အလှန် သေနတ်ပစ်ခတ်မှုများအတွင်း အကျဉ်းသားတစ်ဦးနှင့် လုံခြုံရေးအစောင့်တစ်ဦးသေဆုံးခဲ့ရသည်။ ဟေတီနိုင်ငံအတွင်း အခြေချနေထိုင်လျက်ရှိသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးလိုလားသူများ၏ အကူအညီဖြင့် ထွက်ပြေးသွားသူများအားရှာဖွေရေးကို အာဏာပိုင်များက စတင်လုပ်ဆောင်လျက်ရှိသည်။

ဟေတီအစိုးရက အဆိုပါဖြစ်ရပ်ကို အကျဉ်းထောင်ပုန်ကန်မှုတစ်ရပ်အဖြစ် အပြင်းအထန် ဝေဖန်ကာ တွစ်တာပေါ်၌ဖော်ပြထားခဲ့သည်။ အကျဉ်းထောင်ဖောက်ထွက်ပြေးမှု၌ အကျဉ်းထောင်စောင့်ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရကြောင်း တရားရေးရာဝန်ကြီး ကယ်မီလီအက်ဒဝပ်ဂျူနီယာက ရိုက်တာသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

အကျဉ်းသားသုံးဦး သေဆုံးခဲ့ပြီး သုံးဦးမှာရရှိသော ဒဏ်ရာဖြင့်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ထွက်ပြေးရန်ကြိုးစားသူ ခုနစ်ဦးကို ထွက်ပြေးပြီး မကြာမီအတွင်းမှာပင် ပြန်လည်ဖမ်းဆီး ထိန်းသိမ်းထားနိုင်ခဲ့သည်။

Archaie အကျဉ်းထောင်မှ အကျဉ်းသားများ၏ အကျဉ်းထောင်တူညီဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိမှုက ၎င်းတို့အား လူအုပ်အတွင်းရောနှောကာ အလွယ်တကူ ထွက်ပြေးလွတ်မြောက်သွားစေခဲ့သည်။

ဟေတီအကျဉ်းထောင်သည် အကျဉ်းသားများ အဆမတန်ပြွတ်သိပ်ကျပ်ညပ်နေသည်ဟု နာမည်ကျော်ကြားသည့် အကျဉ်းထောင်တစ်ခုဖြစ်သည်။
**(ရိုက်တာ)**

# အီရတ်၌ ဆာလဖာစက်ရုံ မီးလောင်၍ အဆိပ်ငွေ့များထွက်ပေါ်လာမှုကြောင့် လူပေါင်းများစွာကို ကယ်ဆယ် ကုသ

**မိုဆူးလ် အောက်တိုဘာ ၂၃**

အီရတ်နိုင်ငံတွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း ဆာလဖာစက်ရုံမီးစွဲလောင်ရာမှ ထွက်ပေါ်လာသော အဆိပ်ငွေ့များကို ရှူရှိုက်မိသည့်အတွက် လူရာပေါင်းများစွာ ကယ်ဆယ်ကုသမှုခံယူနေရကြောင်း သိရသည်။

အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့သည် အစိုးရထောက်ခံသည့် အင်အားစုများ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ၎င်းတို့ယခင်ကထိန်းချုပ်ထားခဲ့သည့် မိုဆူးလ်မြို့မှ ထွက်ပြေးနေရပြီးနောက် စက်ရုံကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော်က ပြောကြားသည်။

စနေနေ့က မိုဆူးလ်မြို့အနီးတွင် အခြေစိုက်လျက်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များထံသို့ လေနှင့်အတူ အဆိပ်ငွေ့များပျံ့လွင့်လာမှုကြောင့် မျက်နှာဖုံးများ ဝတ်ဆင်ခဲ့ရသည်။ အသက်ရှူလမ်းကြောင်း ထိခိုက်မှုကြောင့် လူ ၁၀၀၀ ကို ကယ်ဆယ်ကုသမှု ထပ်မံလုပ်ဆောင်နေရကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

အဆိပ်ငွေ့များကြောင့် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်ဟု အီရတ်ရေတပ်အရာရှိချုပ် ကွာစေဟာမစ်ကတ်ဒဟမ်က ပြောကြားခဲ့သည်။ ယခုအခါတွင် အီရတ်တိုးမြှင့် အင်အားစုများသည် အိုင်အက်စ်တို့ ထိန်းချုပ်ထားသည့် မိုဆူးလ်မြို့၏ တောင်ဘက် ၃၂ ကီလိုမီတာ (မိုင် ၂၀) အကွာရှိ ကာကွတ်မြို့သို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။

စစ်ပွဲမဖြစ်မီက အီရတ်နိုင်ငံ၏ အကြီးဆုံးခရစ်ယာန်မြို့ဖြစ်သည့် ကာကွတ်မှ မိုဆူးလ်သို့ ချဉ်းကပ်ရာ လမ်းတစ်လျှောက်တွင် အိုင်အက်စ်တို့က မြေမြှုပ်မိုင်းများ ထောင်ထားကြောင်း သိရသည်။

စစ်သွေးကြွများသည် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ တင်ဆောင်ထားသည့် ယာဉ်များ၌ အသေခံပုံးခွဲသမားများအား မောင်းနှင်စေလျက် အစိုးရလမ်းကြောင်းများရှိရာသို့ အရှိန်အဟုန်ဖြင့် သွားရောက်ကာ တိုက်ခိုက်မှုများကို လုပ်ဆောင် ခဲ့ကြသည်။



သောကြာနေ့က မိုဆူးလ်မြို့ အရှေ့တောင်ဘက် ၁၇၀ ကီလိုမီတာအကွာရှိ ကာကွတ်မြို့တွင် အိုင်အက်စ်တို့ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၃၅ ဦးမက သေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိသွားကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များ အရသိရသည်။
**(ဘီဘီစီ)**

# ယီမင်စစ်ပွဲအတွင်း အမေရိကန်ပါဝင်ပတ်သက်လာမှုကို ဆော်ဒီလေကြောင်းတိုက်ခိုက်မှုက သိသာထင်ရှားစေခဲ့

အမေရိကန်ဟာ အောက်တိုဘာ ၁၃ ရက်က ယီမင်မှာရှိတဲ့ ဟူသီသူပုန်တွေကို ပစ်မှတ်ထားပြီးကမ်းခြေမှာရှိတဲ့ ရေဒါစက်ကွင်းကျရောက်တဲ့ နေရာသုံးခုကို ဒုံးကျည်တွေနဲ့ပစ်ခတ်ကာ တိုက်ရိုက်တုံ့ပြန်ဆောင်ရွက်မှုကို ပထမဆုံးအကြိမ် လုပ်ဆောင်လိုက်ပါတယ်။ အဲဒီနေ့မတိုင်မီမှာ အမေရိကန်ရေတပ်ဖျက်သင်္ဘောကို ဒုံးကျည်တိုက်ခိုက်မှုနှစ်ကြိမ်ခံခဲ့ရတယ်။ ဒါပေမယ့် အောင်မြင်ခြင်းမရှိခဲ့ဘူး။ ဒီအတွက် အမေရိကန်တပ်မတော်က တုံ့ပြန်တိုက်ခိုက်ပြလိုက်ခြင်းပဲဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မတ်လကတည်းက ဟူသီသူပုန်တွေနဲ့ ၄င်းတို့ရဲ့မဟာမိတ်တွေကို ဗုံးကြဲတိုက်ခိုက်နေခဲ့တဲ့ ဆော်ဒီအာရေဗျကို အထောက်အပံ့ပေးနေတဲ့ အမေရိကန်ကို ဟူသီသူပုန်အဖွဲ့က မျက်မုန်းကျိုးပြီး ပစ်မှတ်ထားနေခဲ့တာကြာပါပြီ။

ဒေသအတွင်းမှာဖြစ်ပွားနေတဲ့ တင်းမာမှုတွေ မြင့်တက်လာနေခဲ့တာဟာ ရက်သတ္တပတ်တစ်ခုနီးပါး ကြာမြင့်ခဲ့ပါပြီ။ အောက်တိုဘာ ၈ ရက်က ယီမင်မြို့တော်မှာ ဈာပနအခမ်းအနားတစ်ခုကို ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်စစ်လေယာဉ်တွေရဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူ ၁၄၀ သေဆုံးကာ ရာပေါင်းများစွာဒဏ်ရာရရှိခဲ့တဲ့ ကြေကွဲဖွယ်ဖြစ်ရပ်က စစ်မီးကိုစမွေးလိုက်တာပါပဲ။ ဒီကိစ္စဖြစ်ပွားခဲ့ပြီး နှစ်ရက်မြောက်တဲ့နေ့မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ဟူသီနိုင်ငံရေးခေါင်းဆောင်တစ်ဦးရဲ့ ဖခင်ကိုဦးတည်ရည်ရွယ်ခဲ့တဲ့ အဆိုပါတိုက်ခိုက်မှုဟာ စစ်ရာဇဝတ်မှုကျူးလွန်ခြင်း ဟုတ် မဟုတ် နိုင်ငံတကာက စုံစမ်းစစ်ဆေးမှုတစ်ရပ်

**ရီယာ့ဒ်ဦးဆောင်တဲ့စစ်ပွဲမှာ အမေရိကန်ရဲ့ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်လာမှုကို ဈာပနတိုက်ခိုက်ခံရမှုက ပိုမိုအာရုံစိုက်ခံရအောင်လုပ်ဆောင်ခဲ့ပါတယ်။ ဈာပနတိုက်ခိုက်မှုအပြီးမှာ သမ္မတ အိုဘားမားရဲ့အုပ်ချုပ်ရေးအဖွဲ့ဟာ ဆော်ဒီမဟာမိတ်အဖွဲ့အတွက် ၄င်းရဲ့ဝန်ဆောင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ပြန်လည်သုံးသပ်ဖို့ အလေးအနက်ကတိပေးအပ်ခဲ့ရပါတယ်**



ပြုလုပ်ဖို့အတွက် တောင်းဆိုတိုက်တွန်းခဲ့ပါတယ်။

ဒါပေမယ့် ဆော်ဒီမဟာမိတ်အဖွဲ့ဟာ ယီမင်မှာ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းရှိမရှိဆိုတာနဲ့ပတ်သက်ပြီး အနီးကပ်စုံစမ်းထောက်လှမ်းခြင်းကို ရင်ဆိုင်နေရတဲ့ တစ်ခုတည်းသော နိုင်ငံရေးပါတီမဟုတ်သေးပါဘူး။ ရီယာ့ဒ်ဦးဆောင်တဲ့စစ်ပွဲမှာ အမေရိကန်ရဲ့ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်လာမှုကို ဈာပနတိုက်ခိုက်ခံရမှုက ပိုမိုအာရုံစိုက်ခံရအောင်လုပ်ဆောင်ခဲ့ပါတယ်။ ဈာပနတိုက်ခိုက်မှုအပြီးမှာ သမ္မတအိုဘားမားရဲ့အုပ်ချုပ်ရေးအဖွဲ့ဟာ ဆော်ဒီမဟာမိတ်အဖွဲ့အတွက် ၄င်းရဲ့ဝန်ဆောင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ပြန်လည်သုံးသပ်ဖို့ အလေးအနက်ကတိပေးအပ်ခဲ့ရပါတယ်။

အမျိုးသားလုံခြုံရေးကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူ နက်ဒ်ပရိုက်စ်ကအုပ်ချုပ်ရေးအဖွဲ့ဟာ ဈာပနတိုက်ခိုက်ခံရမှုကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရသလို ကူညီထောက်ပံ့မှုအတိုင်းအတာကို ချိန်ဆဖို့ပြင်ဆင်နေရတယ်လို့ ဆိုပါတယ်။ ဆော်ဒီအာရေဗျနဲ့ အမေရိကန်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဟာ အကြောင်းမဲ့ပူးပေါင်းမှုတော့ မဟုတ်ဘူးလို့ နက်ဒ်ပရိုက်စ်ကပြောခဲ့ပါတယ်။

အမေရိကန်အာဏာပိုင်အချို့ဟာ ဆော်ဒီအာရေဗျကို အမေရိကန်က ကူညီထောက်ပံ့မှု အထူးသဖြင့် ဆော်ဒီလေကြောင်းတိုက်ခိုက်ရာမှာ ပစ်မှတ်ရွေးချယ်မှုနဲ့ လောင်စာဖြည့်သွင်းမှုတွေ ကူညီထောက်ပံ့ပေးနေတာကို စိုးရိမ်ပူပန်ခဲ့ကြပါတယ်။ ဒီလိုအကူအညီပေးခြင်းဟာ ဝါရှင်တန်က နိုင်ငံတကာဥပဒေအောက်မှာ စစ်ပွဲအတွင်း ပူးပေါင်းပါဝင်စွက်ဖက်သလိုဖြစ်စေမှာကို စိုးရွံ့ခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ယီမင်မှာအရပ်သားသေဆုံးမှုတွေ မြင့်တက်ခဲ့တဲ့အတွက် အမေရိကန်အုပ်ချုပ်ရေးအာဏာပိုင်တွေဟာ ဆော်ဒီအာရေဗျသို့ လက်နက်ရောင်းချမှုဆက်လုပ်ဖို့ သင့်မသင့်ဆိုတာနဲ့ပတ်သက်ပြီး လပေါင်းများစွာကြာအောင် ငြင်းခုန်ခဲ့ကြပါတယ်။

အမေရိကန်နဲ့ အခြားသော အနောက်အင်အားကြီးနိုင်ငံတွေဟာ ယီမင်မှာ ဆော်ဒီရဲ့လုပ်ဆောင်မှုတွေအပေါ် နိုင်ငံတကာကဝေဖန်လာကြတာတွေကို သိပ်အရေးမစိုက်မိခဲ့ကြပါဘူး။ ဩဂုတ်လအတွင်းမှာ ဌာနချုပ်ဟာ ဆော်ဒီတပ်မတော်အတွက် တင့်ကား ၁၅၃ စီး၊ စက်သေနတ်ရာပေါင်း များစွာနဲ့ လက်နက်မျိုးစုံ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်းတန်ဖိုးခန့်ဝယ်ယူဖို့ စာချုပ်ချုပ်ဆိုမှုကိုအတည်ပြုခဲ့ပါတယ်။ ဒီထဲက အများစုဟာ ယီမင်စစ်ပွဲအတွင်းမှာ စစ်လက်နက်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးခဲ့ရတာတွေကို ပြန်အစားထိုးဖို့ရည်ရွယ်ပါတယ်။ လက်နက်ဝယ်ယူရေး စာချုပ်ချုပ်လိုက်တဲ့ အဲဒီလအတွင်းမှာပဲ ဆော်ဒီမဟာမိတ်အဖွဲ့ဟာ ယီမင်မှာရှိတဲ့ ကျောင်းတစ်ကျောင်း၊ နယ်စည်းမထားဆရာဝန်အဖွဲ့က လုပ်ကိုင်နေတဲ့ ဆေးရုံတစ်ရုံနဲ့စက်ရုံတစ်ရုံကို ဗုံးကြဲလိုက်တာကြောင့် အရပ်သား ၄၀ ကျော်အပြစ်မဲ့သေဆုံးသွားခဲ့ပါတယ်။

ဒါဟာနောက်ဆုံးသိရတဲ့ ဝါရှင်တန်ရဲ့စစ်လက်နက်ရောင်းဝယ်မှုဖြစ်ပြီး ဆော်ဒီအာဏာပိုင်တွေကတော့ လက်နက်ဝယ်ယူမှုကို ဟူသီသူပုန်တွေနဲ့ မဟာမိတ်အဖွဲ့တွေကြောင့် ၂၀၁၄ ခုနှစ်မှာ နိုင်ငံအတွင်းမှ ထွက်ပြေးတိမ်းရှောင်နေရတဲ့ သမ္မတ အဗ္ဗဒူရာဘူလ်မန်ဆောဟာဒီကို ပြန်ခေါ်ဖို့အတွက်လို့ ခေါင်းစဉ်တပ်လိုက်ပါတယ်။

ယီမင်မှာဖြစ်ပွားနေတဲ့ ပဋိပက္ခဟာ မဟာမိတ်တွေရဲ့နည်းပရိယာယ်တွေ၊ အနေအထားပြောင်းလဲမှုတွေနဲ့ သိပ်ကိုရှုပ်ထွေးနက်နဲလှပါတယ်။ ၂၀၁၁ ခုနှစ်က အာရပ်နွေဦး ပုန်ကန်ထကြွမှုယီမင်အထိ ကူးစက်ပျံ့နှံ့လာပြီးနောက် ပြည်တွင်းမှမောင်းထုတ်ဖယ်ရှားခံလိုက်ရတဲ့ သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေးနဲ့ရှီးယိုက်ဟူသီသူပုန်တွေက မဟာမိတ်ဖွဲ့ထားသလို ယီမင်တပ်မတော်နဲ့ လုံခြုံရေးအင်အားစုတွေဟာ သမ္မတဟောင်းရဲ့ သစ္စာတော်ခံတွေအဖြစ် ဆက်လက်ရှိနေဆဲပါ။ သမ္မတဟောင်းဆာလေးဟာ ဟူသီသူပုန်တွေနဲ့ စစ်ပွဲပေါင်းများစွာဆင်နွှဲလာခဲ့ပြီး ဆော်ဒီရဲ့နှစ်ရှည်မဟာမိတ်ဖြစ်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်နှောင်းပိုင်းမှာ ဟူသီသူပုန်တွေနဲ့ မဟာမိတ်အဖွဲ့တွေဟာ ယီမင်ရဲ့ နယ်နိမိတ်အများစုကို ရယူသိမ်းပိုက်ခဲ့ပြီး ဆော်ဒီခေါင်းဆောင်တွေကိုလည်း နိုင်ငံတောင်ပိုင်းနယ်စပ်ဒေသကို ခြိမ်းခြောက်နေတဲ့ အီရန်ရဲ့ကိုယ်စားလှယ်အဖြစ် စွပ်စွဲပြောဆိုခဲ့ပါတယ်။

ယီမင်နိုင်ငံမှာ ဆော်ဒီရဲ့တိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်လာတဲ့ အခြေအနေတင်းမာမှုဟာ အမေရိကန်နဲ့ ဆော်ဒီအကြားမပြေလည်မှု ပဋိပက္ခတွေကို ပိုမိုကျယ်ပြန့်လာစေခဲ့တယ်။ အိုဘားမားရဲ့အုပ်ချုပ်ရေးအဖွဲ့ဟာ အီရန်ဘက်ကို ဦးစားပေးတဲ့အနေနဲ့ အာရပ်ပြည်ထောင်စု အထူးသဖြင့် ဆော်ဒီနဲ့ အခြားပင်လယ်ကွေ့နိုင်ငံတွေမှာ အစဉ်အဆက်ထားရှိလာတဲ့ မဟာမိတ်တပ်တွေ ဖြန့်ချထားခြင်းကို စွန့်လွှတ်တော့မယ်လို့ ဆော်ဒီကယုံကြည်နေပါတယ်။ လက်ရှိမှာဆော်ဒီဟာ တီဟီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုတွေကနေ လွတ်ကင်းသွားစေတဲ့ အီရန်နဲ့ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့ မနှစ်ကချုပ်ဆိုလိုက်တဲ့ နျူကလီးယားသဘောတူစာချုပ်ကို အကြီးအကျယ်စိတ်ပျက်နေချိန်လည်း ဖြစ်ပါတယ်။

ယီမင်မှာဖြစ်ပွားခဲ့တဲ့ ဈာပနတိုက်ခိုက်မှုက အမေရိကန်ရဲ့မူဝါဒရေးရာအတွက် အပြောင်းအလဲတစ်ခုဖြစ်လာနိုင်ပါတယ်။ ယီမင်စစ်ပွဲအတွင်း အရပ်သားသေဆုံးမှုတွေ မြင့်တက်လာတာနဲ့အမျှ အိုဘားမားရဲ့အုပ်ချုပ်ရေးအဖွဲ့ဟာ ပဋိပက္ခတွေကို ရှည်ကြာစေခဲ့တဲ့ ဆော်ဒီရဲ့စစ်ဆင်ရေးအတွက် လက်နက်ထောက်ပံ့မှုနဲ့ပတ်သက်ပြီး အဖြေထုတ်ဖို့လိုအပ်နေပါပြီ။

**ကိုးကား-ရိုက်တာ**
**(၁၄-၁၀-၂၀၁၆)**

**ကလျာမိုးမြင့်**

---

**နိုင်ငံတကာအားကစား**

## မန်စီးတီးနှင့် ဆောက်သမ်တန် တစ်ဖက်တစ်ဂိုးစီသရေကျ
## မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးတို့ ရမှတ်တူဖြင့် ဇယားထိပ်ဦးဆောင်နေ



ပရီမီယာလိဂ်ပွဲစဉ် (၉) မန်စီးတီးနှင့် ဆောက်သမ်တန်တို့ အောက်တိုဘာ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင် ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

မန်စီးတီးတို့က ယခုပွဲ၌ အနိုင်ရရှိရေးအတွက် ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဆောက်သမ်တန်တို့က ၄-၃-၁-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲ၏ ဦးဆောင်ဂိုးကို ဆောက်သမ်တန်မှ ရေမွန်က ၂၇ မိနစ်တွင် သွင်းယူခဲ့သည်။ မန်စီးတီးတို့အနေဖြင့် ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပထမပိုင်းအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဆောက်သမ်တန်၏ ဦးဆောင်မှုကို ခံခဲ့ရသည်။

ဒုတိယပိုင်းတွင် မန်စီးတီးမှ လူစားဝင်တိုက်စစ်မှူးဖြစ်သည့် နာချိုက မန်စီးတီးအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ မန်စီးတီးတို့ အနိုင်ဂိုးထပ်မံသွင်းနိုင်ရေး ကြိုးစားသော်လည်း ဆောက်သမ်တန်တို့က ခံစစ်ကောင်းကောင်းဖြင့် ကစားနိုင်မှုကြောင့် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့်သာ ပြီးဆုံးခဲ့သည်။

ပွဲစဉ်(၉) အပြီးတွင် မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးတို့ ရမှတ် ၂၀ စီတူညီသော်လည်း ရဂိုးအသာဖြင့် မန်စီးတီးက ဇယားထိပ်မှ ဦးဆောင်နေသည်။

❍ **သီဟ - ရေးသည်**

# မုန်တိုင်းအခြေအနေကြောင့် ရေဝတီတိုင်းဒေသကြီး ခရိုင်သုံးခုမှကျောင်းအားလုံး နှစ်ရက်ထပ်မံပိတ်ထားမည်

**ဖျာပုံ အောက်တိုဘာ ၂၃**

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခု၌ အခြေခံပညာကျောင်း အားလုံးကို ကျောင်းဖွင့်ရက်များဖြစ်သည့် အောက်တိုဘာ ၂၄ မှ ၂၅ ရက်အထိ နှစ်ရက်ထပ်မံပိတ်ထားမည်ဖြစ်ကြောင်း တိုင်းပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ခရိုင်များထဲ၌ ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့ ပါဝင်ပြီး ယခုပိတ်လိုက်သည့် ကျောင်းပိတ်ရက်များအစား သင့်လျော်သည့် ကျောင်းပိတ်ရက်များတွင် အစားထိုးပြန်တက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# မုန်တိုင်းသတင်းကို ဒေသခံပြည်သူများအား အသိပေးလှုံ့ဆော်ခြင်းများ ဆောင်ရွက်



**ပုသိမ် အောက်တိုဘာ ၂၃**

မုန်တိုင်းသတိပေး ကြေညာချက်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်ရုံးများက မိမိတို့ဒေသအတွင်းရှိ မိဘပြည်သူများ ကြိုတင်သိရှိနိုင်ရေးအတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသံချဲ့စက်ဖြင့် လှုံ့ဆော်အသိပေးခြင်း၊ ပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**( ခရိုင်ပြန်/ဆက် )**

# မိုးပိုလာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

❒ *ရှေ့ဖုံးမှ*

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ရောက်ရှိစဉ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့၌ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိတိုက်ခတ်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၌ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲခရိုင်တို့၌ ၇ ပေမှ ၁၀ပေ ခန့်အထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက် အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီး၌ နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီး၌ နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ပဲခူးမြို့နယ် ဆယ်မာအူဒုန်းအဖွဲ့ဝင်များအား မှိုစိုက်ပျိုးနည်းသင်တန်းပေး

**ပဲခူး အောက်တိုဘာ ၂၃**

ပဲခူးမြို့နယ်အတွင်းရှိ ဆယ်မာအူဒုန်း စီမံကိန်းကျေးရွာ သစ်လုပ်ရှားမှုအစီအစဉ်ဖြင့် စီမံကိန်းကျေးရွာငါးရွာမှ စိတ်ဝင်စားသူအဖွဲ့ဝင်များအား ဝင်ငွေတိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အောက်တိုဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ၁၀ မိုင် စိုက်ပျိုးမွေးမြူရေးစခန်း၌ မှိုငါးမျိုးစိုက်ပျိုးမွေးမြူ ရေးသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က အမှာစကားပြောကြားကြပြီး သင်တန်းသို့သင်တန်းသား ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အင်းစိန် နံ့သာကုန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းနေ ဦးမြင့်စိုး၏နေအိမ်၌ အောက်တိုဘာ ၂၃ ရက် နံနက် ၄ နာရီခန့်က လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၊ တိုင်းဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူးတို့ ရောက်ရှိကြီးကြပ်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးသတ်ယာဉ် ၂၄ စီး၊ အထောက်အကူပြုယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ်ခြောက်စီး၊ မီးသတ်ယာဉ်ခြောက်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကာ ဧရာဝတီ ပုဂ္ဂလိကဘဏ် အုတ်နံရံတချို့ မီးသင့်ခဲ့ရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူဦးမြင့်စိုးကို အင်းစိန်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူများ၊ ငွေကြေးထောက်ပံ့ကူညီသူနှင့် လက်နက်တစ်လက် ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

**ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒီးပင်ချောင်း (တောင်) ကျေးရွာအတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီခန့်က သတင်းအရ နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင်ပါဝင်ခဲ့သည့် ဆွေယောဒူရီ(ဘ) အုံမော်အာသစ်၊ ဂူရာများ (ဘ)ကော်ရုံဂူလာ၊ MV ကော်မော်ရီဒိန်(ဘ)မာမတ်နှင့် မာမက်ဒူလာ(ဘ)အဒူဝါဆေး တို့လေးဦးကို ဖမ်းဆီးရမိခဲ့သည်။**

အလားတူ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲခန့်တွင် ဝါးပိတ်ကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ အိမ်တစ်အိမ်အတွင်းမှ အမ်အေ-၁၁ တစ်လက်၊ ယင်းကျည်အိမ်တစ်ခုနှင့် ယင်းကျည် ၂၅ တောင့်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့အပြင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ငွေကြေးထောက်ပံ့ကူညီအားပေးသည့် မောင်တောမြို့၊ မြို့မတောင် (၂)ရပ်ကွက်နေ မောင်မောင် စိန် (ဘ) အော်ဇီအူလာကို ယနေ့ နံနက် ၁၁နာရီခန့်တွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများကို ဆက်လက်ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



မောင်မောင်စိန် (ဘ) အော်ဇီအူလာ



ဂူရာများ (၃၇နှစ်)(ဘ) ကော်ရုံဂူလာ



ဆွေယောဒူရီ (၃၈နှစ်) (ဘ) အုံမော်အာသစ်



ဝါးပိတ်ကျေးရွာမှ သိမ်းဆည်းရမိသည့် အမ်အေ -၁၁ တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည် ၂၅ တောင့်



MVကော်မော်ရီဒိန် (၃၁နှစ်) (ဘ)မာမတ်



မာမက်ဒူလာ (၅၂နှစ်) (ဘ)အဒူဝါဆေး

# မိုးညှင်းမြို့နယ်၌ ကုန်ရထားနှင့် ကုန်တင်ယာဉ်တိုက်မိ၊ လူနှစ်ဦး ဒဏ်ရာရ

**မိုးညှင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ လမ်းဆုံ မြို့ရှောင်လမ်းသံလမ်းကူးတွင် ကုန်တင်ရထားနှင့် ကုန်ပစ္စည်းများ တင်ဆောင်လာသော ၁၂ဘီးကုန်တင်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည် ။



ဖြစ်စဉ်မှာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၆၃၅/၁၄)နှင့် (၆၃၅/၁၅) ကြား အင်ကြင်းကုန်းလမ်းဆုံ မြို့ရှောင်လမ်းသံလမ်းကူးတွင် မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသော စက်ခေါင်းမောင်း ဦးဝင်းထိုက်အောင်၊ တွဲထိန်း ဦးဝင်းဗိုလ်တို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DF/2051 ရထားအမှတ် (၉၃၃ ) အဆန်ကုန်တင်ရထားနှင့် ယာဉ်မောင်း ဇော်ဇော်အောင်(ခ) မောင်ဇော်(၃၅ နှစ်) ဇရပ်ကွင်းကျေးရွာ သပိတ်ကျင်းမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော သံပိုက်လုံးများနှင့် ပဲအိတ်၊ နနွင်းအိတ်တို့ကို တင်ဆောင်လာသည့် ၁၂ဘီး ကုန်တင်ယာဉ်အမှတ် 8J/----- တို့ တိုက်မိသဖြင့် ကားပျက်စီးသွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်နောက်လိုက်များဖြစ်သည့် မောင်ပိန်(၂၃ နှစ်) ဇရပ်ကွင်းကျေးရွာ သပိတ်ကျင်းမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူမှာ ဒဏ်ရာ (စိုးရိမ်ရ) နှင့် စိုးလှိုင်ထွန်း (၂၅ နှစ်) တောချောင်းဦးကျေးရွာ မြင်းမူမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူမှာ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား အရေးယူဆောင်ရွက်ထားကြောင်းနှင့် ရထားလမ်း ပြန်လည်ကောင်းမွန်လာပြီး ရထားများ ပုံမှန်သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# အမှတ်(၃)အမြန်လမ်းမကြီးရဲစခန်းအပိုင်တွင် ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေ၊ ၁၂ ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အမှတ်(၃)လမ်းဆုံ ရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁/၁) နှင့် (၁/၂) အကြား၌ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းစိုးသူ မောင်းနှင်လာသော တိုယိုတာ ဒိုင်နာ မော်တော်ယာဉ်သည် အောက်တိုဘာ ၂၃ ရက် နံနက် ၂ နာရီခွဲတွင် ယာဉ်မောင်းက အရှိန်မထိန်းနိုင်သောကြောင့် လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသား ၁၃ ဦးအနက် တစ်ဦးသေဆုံးပြီး ကျန် ၁၂ ဦးမှာ ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့သည်။ သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ စိုးသူအား အမှတ်(၃)အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်တွင် ခိုးဝင်သူ ၁၇ ဦး ဖမ်းမိပြီး ပွဲစားများလွတ်မြောက်နေ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၆)ရပ်ကွက် အလောင်းဘုရားလမ်း၊ အမှတ် (၈၅၈) နေအိမ်၌ ခိုးဝင်သူ ၁၇ ဦးကို အောက်တိုဘာ ၂၂ ရက် ည ၇ နာရီ ၂၅မိနစ်ခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

ဖမ်းဆီးရသူများအား ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်တို့မှ တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းနှုန်းဖြင့် ပွဲစားများဖြစ်ကြသော ဝင်းကျော် (စုံစမ်းဆဲ)၊ အေးသိန်း(စုံစမ်းဆဲ)၊ မောင်ကျော် (စုံစမ်းဆဲ) တို့က ပို့ဆောင်ခရယူ၍ ရခိုင်ပြည်နယ်မှ မကွေးတိုင်းဒေသကြီး ယင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အဆိုပါနေအိမ်သို့ ရောက်ရှိနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ပြီး မလေးရှားနိုင်ငံသို့ အောက်လမ်းမှ ဆက်လက်သွားလိုပါက တစ်ဦးလျှင် ငွေကျပ် ၁၂ သိန်းခွဲ ထပ်မံပေးရမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ဖမ်းမိသည့် နေအိမ်ပိုင်ရှင်မှာ လားရှိုးမြို့၌နေထိုင်သူ တစ်ဦးဖြစ်ပြီး ၎င်းကိုယ်တိုင်အဆိုပါ နေအိမ်တွင်နေထိုင်ခြင်းမရှိဘဲ ယင်းရပ်ကွက်တွင်နေထိုင်သူပွဲစား အေးသိန်းအား အပ်နှံထားကာ ၂၀၁၁ ခုနှစ်ကတည်းက အိမ်ငှားချထားခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအိမ်ငှားဖြစ်သူ မောင်ကျော် (တောင်ကုတ်မြို့တွင်နေထိုင်သူ) က ယင်းပွဲစား အေးသိန်းမှတစ်ဆင့် တစ်လလျှင် ငွေကျပ်တစ်သိန်းခွဲဖြင့် ဩဂုတ်လ ပထမပတ်မှ စတင်ငှားရမ်းနေထိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

ခိုးဝင်သူများအား ရန်ကုန်မြို့သို့ ပို့ပေးခဲ့သူများဖြစ်သည့် ဝင်းကျော်၊ အေးသိန်း၊ မောင်ကျော်တို့နှင့် အထောက်အထားမဲ့ ခိုးဝင်လာသူ ၁၇ ဦးအား ရွှေပေါက်ကံ နယ်မြေရဲစခန်းက အမှုဖွင့်ကာ ပွဲစားသုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်များအတွင်း မသင်္ကာဖွယ်ညှော်စိမ်းများ ရောက်ရှိနေကြောင်းသိရှိပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး Call Center ဖုန်း-၁၉၉ နှင့် ဖုန်း-၀၁-၂၃၂၃၁၉၉ တို့သို့ ဆက်သွယ်သတင်းပေးပါရန် တိုက်တွန်းထားကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# လိုင်စင်မဲ့မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကျောက်စိမ်း ၁၀ ထုပ် ဖမ်းမိ

**ဖားကန့် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးပေါ်၌ သယ်ဆောင်လာသော တရားမဝင်ရေမဆေးကျောက် ကျောက်စိမ်းအရွယ်စုံ ၂၄၅ လုံး စုစုပေါင်းအလေးချိန် ပိဿာ ၂၃၀ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် စင်းခန်းကျေးရွာ ချောင်းကူးတံတားမောင်းတံဂိတ်တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၂ နာရီခွဲက စင်းခန်းနယ်မြေရဲစခန်းမှ ရဲအုပ်အောင်ကျော်ဦးနှင့်အဖွဲ့၊ နယ်မြေခံတပ်မတပ်ဖွဲ့ဝင်များက ရွှေကူမြို့နယ်ဘက်မှ ဖားကန့်မြို့ဘက်သို့ မောင်းနှင် လာသော မော်တော်ယာဉ်များကိုစစ်ဆေးနေစဉ် အောင်ဇော်ထက်(၁၈ နှစ်) ဖားကန့်မြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂၈/---ဆပ်ဖ်(လိုင်စင်မဲ့) မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ဆာလာအိတ်ဖြင့်ထည့်လျက် တရားမဝင်ရေမဆေးကျောက် ကျောက်စိမ်း ၁၀ ထုပ်ကိုတွေ့ရှိရပြီး စင်းခန်းနယ်မြေရဲစခန်း၌ ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင်ရေမဆေးကျောက် ကျောက်စိမ်းအရွယ်စုံ ၂၄၅ လုံး စုစုပေါင်းအလေးချိန် ပိဿာ ၂၃၀ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများ၏ ဆိုင်ကယ်များ ခိုးယူသူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန နေပြည်တော်ရုံး၌ ယာဉ်မောင်းလိုင်စင်လာရောက်ဖြေဆိုကြသူများ၏ မော်တော်ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးမှုများဖြစ်ပေါ်နေသဖြင့် သင်တန်းကျောင်းဘေးရှိ မြေကွက်လပ်တွင် ဆိုင်ကယ်များရပ်နားရန် ခြံဝင်းခတ်ပြီး စီစီတီဗွီများ တပ်ဆင်ထားခဲ့သည်။

သို့သော်လည်း ဆိုင်ကယ်များမှာဆက်လက်ပျောက်ဆုံးနေသဖြင့် ရုံးဝင်းအတွင်း ပျောက်ဆုံးဆိုင်ကယ် ၁၃ စီးကို ထုံးဖိုမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ရာ အမှုလိုက်ရဲများက စီစီတီဗွီမှတ်တမ်းပါ ဆိုင်ကယ်ခိုးယူသူ၏ ရုပ်ပုံပန်းသဏ္ဌာန်များကို စုံစမ်းခြင်း၊ ဆိုင်ကယ်များဖြင့်ထောင်ဖမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အောက်တိုဘာ ၁၈ ရက်က ယာဉ်မောင်းလိုင်စင် (ခ)သင်တန်းတက်ရောက်နေသည့် သင်တန်းသားများ၏ဆိုင်ကယ်များအား မသင်္ကာဖွယ်ရာအမျိုးသားတစ်ဦးက တစ်စီးပြီးတစ်စီး သော့ဖြင့်ဖွင့်နေသဖြင့် စစ်ဆေးမေးမြန်းနေစဉ် အုတ်နံရံကျော် ထွက်ပြေးသွားသဖြင့် သင်တန်းသားများ၊ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ ဆိုင်ကယ်ခိုးယူသူ မောင်အောင်သူဆွေ(၂၅ နှစ်) ပုဗ္ဗသီရိမြို့နယ်နေသူကို ဖမ်းဆီးရမိပြီး ယခင် ဆိုင်ကယ်အစီးပေါင်းများစွာခိုးယူခဲ့ကြောင်း ၎င်းက ဝန်ခံ၍ မြို့မရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# သိန်းရှစ်ထောင်ကျော်တန်ဖိုးရှိ သက်တမ်းလွန်ဆေးဝါးများ ဖျက်ဆီး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်ဝင်းအတွင်း၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ငွေကျပ်သိန်းပေါင်းရှစ်ထောင်ကျော်တန်ဖိုးရှိသောသက်တမ်းလွန်ဆေးဝါးများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဆေးဝါးအတုနှင့် သက်တမ်းလွန်ဆေးဝါး ၃၆၄၅ ပုံး၊ သက်တမ်းလွန်နို့နှင့် နို့ထွက်ပစ္စည်း ၈၈ ပုံး၊ သက်တမ်းလွန်ဆေးပစ္စည်း ပုံး ၇၈၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၆၀၈၈၀၃၂၇ ကို လမ်းကြိတ်စက်ဖြင့် နင်းခြေဖျက်ဆီးခဲ့ကြောင်း သိရသည်။

(၁၆၄)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-ဇ)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၀A×၆၁ လမ်း၊ အေးသုခ×ရတနာလမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးသီးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၂၇/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝင်း ၁၃/သပန(နိုင်)၀၀၀၄၂၀ မှ မြေချထားမိန့်၊ ငွေသွင်းပြေစာ၊ ဘောဂရန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဘောမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် (၄၆A ိ / ၁၈ E+ ၄၆C ိ / ၁၈ E) အကျယ်အဝန်း (၆၀ပေ× ၂၈/၃၆ပေ) ဧရိယာ (၀.၀၄၅) ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း တိုက်အမှတ် (၃၆-E ) ဟုခေါ်တွင်သော RC (၄) ထပ်တိုက် အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်လင်း (၁၂/မဂတ(နိုင်)၀၆၅၄၆၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၉၈)၊ ၄၉×၅၀ လမ်းကြား၊ စံပယ်လမ်းပေါ်ရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မောင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၀၄/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်ဝင်း ၉/အမရ(နိုင်)၁၀၁၀၀၈ မှ မြေချထားမိန့်၊ မြေဖိုး၊လမ်းဖိုး၊ငွေသွင်းပြေစာများ ပျောက်ဆုံးကြောင်းရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊တရားရုံးကျမ်းကျိန်ချက်၊ ဘောဂရန်တို့တင်ပြ၍ ဘောမြို့ပြောင်း၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ မြေကွက်အမှတ်(၈၄)၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၄) နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)အမြင့် (၁၇)ပေ၊ထပ်ခိုးပါအကျယ်အဝန်း(၁၂½ ×၅၀)ရှိ ရေမီးအစုံပါသော မြေရှင်ကိုယ်တိုင် တာဝန်ယူဆောက်လုပ်သောတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင်ကန်ထရိုက်တာ ဦးအောင်ဇော်လင်း(ဘ)ဦးညွန့်ရွှေ ၇/ကဝန(နိုင်)၁၉၂၂၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဇော်မြင့်(ဘ)ဦးသိန်းအေး ၁၂/ဗဟန(နိုင်)၀၁၇၆၅၂က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြူဖြူလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၈၃/၉၅)**
**တိုက်(၁၆)၊ ပထမထပ်(ဘီ)၊ ၁၆၄လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**

## ကုမ္ပဏီမှတ်ပုံတင်ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဟင်နရီခင်မောင် ၁၂/တမန(နိုင်)၀၈၆၇၃၁၏ MAHANADI MARITIME SERVICES CO., LTD ၏ကုမ္ပဏီမှတ်ပုံတင်ကတ် (အမှတ်၆၄၆/၂၀၁၂-၂၀၁၃)၊ ထသက(အမှတ် ၃၃၃၄၇)၊ FORM VI, FORM XXVI မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဦးဟင်နရီခင်မောင် ဖုန်း-၀၉-၅၀၆၃၇၁၈**

## အမည်မှန်

မူဆယ်မြို့၊ (၁၀၅)မိုင်၊ မိုင်းယုအထက(ခွဲ)၊ အဌမတန်း(E)မှ မောင်ညီချမ်း၏ အမည်မှန်မှာ မောင်ယီခမ်း မွေးသက္ကရာဇ် ၁၉-၁၂-၂၀၀၂ နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးအောင် ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်နိုင် ၁၀/ခဆရ(နိုင်)၀၇၂၈၇၇၏ Passport နံပါတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၇၀၆၅၈၄**

## ဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၁)ရပ်ကွက်၊ ပေါင်းလောင်းမြစ်လမ်း၊ မြေကွက်အမှတ်၁၁၂၅၊ ဧရိယာပေ(၄၀×၆၀)၊မြေကွက်အမှတ်၁၁၂၆၊ ဧရိယာပေ(၄၀×၆၀) ပါမစ်မြေနှစ်ကွက်နှင့် ယင်းမြေများ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲနောင်ဆွေ ၁၂/ကမတ(နိုင်)၀၀၂၈၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူ၍ ပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေများမှာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲမည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်း၊ လှူဒါန်း၊ ကျူးကျော်နေထိုင်ခြင်း၊ အမည်ပြောင်းလဲခြင်းများ မပြုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျောမိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈)**
**(ရုံး) ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၉၇၁၀၈၆၇၃၅**

# စပါးပေါ်ချိန်ဈေးနှိမ်ဝယ်ယူနေမှုကြောင့် လယ်သမားများအရှုံးပေါ်နေကြောင်း ရှင်းလင်းပြောကြား

**ရန်ကုန် အောက်တိုဘာ ၂၃**

နှစ်စဉ်နှစ်တိုင်း မိုးစပါးလှိုင်လှိုင်ပေါ်သည့် အောက်တိုဘာလတွင် စပါးဈေးအဆမတန်ကျဆင်းမှုကြောင့် စပါးစိုက်တောင်သူများအနေဖြင့် များစွာနစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း လွတ်လပ်သောတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။

"နှစ်စဉ်နှစ်တိုင်း ဒီလိုအချိန်ရောက်ပြီဆိုရင် တောင်သူလယ်သမားတွေဆီက စပါးဈေးကို နှိမ်ပြီးဝယ်ယူနေတဲ့ အတွက် တောင်သူလယ်သမားတွေ များစွာ နစ်နာလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတော့ ကျွန်တော်တို့သမိုင်းတစ်လျှောက်မှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ စပါးတင်း ၁၀၀ ကို ငွေကျပ်ငါးသိန်းမှ ငါးသိန်းခွဲအထိ ရရှိခဲ့တဲ့အတွက် တောင်သူတွေ အဆင်ပြေခဲ့ပါတယ်။ အစိုးရသစ်လက်ထက်မှာ ဒီဈေးနှုန်းအတိုင်းပဲဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။ ဒီနှစ်အောက်တိုဘာလမှာတော့ အရင်အတိုင်းပဲ စပါးဈေးက ကျမြဲအတိုင်းကျခဲ့ပါတယ်။ စပါးတင်း ၁၀၀ ကို ငွေကျပ်သုံးသိန်းက သုံးသိန်းခွဲနဲ့ပဲ ရောင်းရတဲ့အတွက် တောင်သူလယ်သမားတွေ အရှုံးနဲ့ရင်ဆိုင်နေကြရတယ်"ဟု ဦးသိန်းအောင်က ၃၆ လမ်းရှိမြန်မာဂျာနယ်လစ်ကွန်ရက်ရုံး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။



စာနယ်ဇင်းရှင်းလင်းပွဲတွင် လွတ်လပ်သောတောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင် ရှင်းလင်းပြောကြားစဉ်

အဆိုပါစပါးဈေး အဆမတန်ကျဆင်းနေရခြင်းအပေါ် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ စပါးဈေးကို အနည်းဆုံး ငွေကျပ်လေးသိန်းခွဲဖြင့် ဝယ်ယူပါမှ အရှုံးမရှိသည့်အနေအထားဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်သည့်အဖွဲ့အစည်းတစ်ခုခုက စပါးတင်း ၁၀၀ ကိုငွေကျပ်လေးသိန်းခွဲဖြင့် ဝယ်ယူမည်ဆိုပါက ဆန်တစ်အိတ်ဈေးနှုန်းမှာ ငွေကျပ် ၁၈၀၀၀ သာကုန်ကျမည် ဖြစ်ကြောင်း၊ ယင်းဈေးနှုန်းမှာ ဆန်ကွဲဈေးသာရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အရေးပေါ်ငွေစိုက်ထုတ်ပေးထားပြီး ကူညီပေးမည်ဆိုပါက တောင်သူလယ်သမားများ၏ အခက်အခဲကို ကူညီရာရောက်ကြောင်း၊ ယင်းကဲ့သို့စပါးဈေးမြှင့်ဝယ်၍ ဆန်ဈေးတက်မည်မဟုတ်ကြောင်း၊ သို့သော်လည်း စပါးပေါ်ချိန်တွင်ဈေးနှိမ်အဝယ်ခံရပြီး လယ်သမားလက်တွင် စပါးမရှိသည့်အခါရောက်မှ ဈေးပြန်မြှင့်ဝယ်ယူနေသည့်အတွက် လယ်သမားများအရှုံးနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် စပါးဈေးနှိမ်၍ ဝယ်ယူနေချိန်တွင် လတ်တလော စိုက်ပျိုးစရိတ်ကုန်ကျစရိတ်များကိုဖြေရှင်းနိုင်ရန် ဘဏ်များအနေဖြင့် တောင်သူလယ်သမားများပိုင်ဆိုင်သော လယ်ယာမြေများကို ယာယီအားဖြင့် ပေါင်နှံထားခြင်းကို လက်ခံသင့်ကြောင်း၊ လတ်တလောစပါးဈေးကျဆင်းနေချိန် စပါးကို မရောင်းဘဲထားပြီး စပါးဈေးတက်ချိန်ရောက်မှ ထုတ်ရောင်းခြင်းအားဖြင့် စပါးဈေးနှိမ်ဝယ်ယူခြင်းကိုကာကွယ်နိုင်မည် ဖြစ်ကြောင်းသိရသည်။ ယနေ့နံနက်ပိုင်းက ပြုလုပ်သော အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲသို့ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များတက်ရောက်ပြီး စပါးဈေးနှိမ်ဝယ်ယူနေခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် စတုတ္ထနေ့ဆုပေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာ ပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu & Bago Yoma Eco Resort က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ကို အောက်တိုဘာ ၂၁ ရက်က စတုတ္ထနေ့အဖြစ် ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် Hole in One ဆုရရှိသွားသော ကျော်ကျော်နှင့် စတုတ္ထနေ့တွင် Hole in One ဆုရရှိသူ မြင့်ဆွေတို့ နှစ်ဦးအား Phyo Si Thu & Bago Yoma Eco Resort မှ ဒါရိုက်တာ ဦးကျော်ကိုကိုချစ်က ငွေကျပ် ၁၀ သိန်းစီနှင့် Southern Infrastructure Co.,Ltd မှ အထွေထွေမန်နေဂျာ ဦးသန်းထွန်းက ၂၀၁၆ ထုတ် Canda 125 မော်တော်ဆိုင်ကယ်အသစ် တစ်စီးစီတို့ကို ချီးမြှင့်သည်။

လူငယ်ဂေါက်သီးရိုက်(၁၀-၁၂)နှစ် သက်တန်းတွင် မင်းသံလွင်အောင်က(ပထမ)၊ ကောင်းမြတ်ကျော်က(ဒုတိယ)၊ ထွန်းမြတ်သူက (တတိယ)၊ လင်းသက်အောင်က(စတုတ္ထ)၊ လင်းဖြိုး(ပဉ္စမ)တို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက ဆုများချီးမြှင့်သည်။ ထို့နောက် လူငယ်ဂေါက်သီးရိုက်(၁၃-၁၅)သက်တန်းတွင် ဖြိုးကံက(ပထမ)၊ ဝင်းထွန်းဘိုက (ဒုတိယ)၊ ဇွဲထက်အောင်က(တတိယ)၊ ကျော်စိုးဟန်က(စတုတ္ထ)၊ ရဲထက်လှိုင်က(ပဉ္စမ)တို့ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစိုးကျော်နိုင် ဝါသနာရှင်အဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရ ခင်မာနွယ်နှင့် ဒုတိယဆုရ မေဦးခိုင်တို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ အလုပ်အမှုဆောင်ဦးမြင့်သောင်းတို့က ဆုများချီးမြှင့်သည်။ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင်း ပထမရ လှိုင်မင်းထက်၊ ဒုတိယရ မောင်မဲတို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ Senior Professional ပြိုင်ပွဲတွင် ပထမဆုရရှိသော မြင့်ဆွေအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ဆုချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ Phyo Si Thu & Bago Yoma Eco Resort မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအေးက ဆုကြေးငွေ ချက်လက်မှတ်ချီးမြှင့်ခဲ့သည်။ **ဖိုးသော်ဇင်**



# ရန်ကုန်တိရစ္ဆာန် ဥယျာဉ်၌ ဆင်မလေးမိုမို ၆၃ နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ဆင်မလေးမိုမိုသည် ကယားပြည်နယ်မှ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိလာခဲ့ပြီး ပြည်သူများကို ကပြအသုံးတော်ခံခဲ့၍ ပြည်သူ့အချစ်တော်ဆင်မလေးမိုမိုအဖြစ် ပြည်သူ့အချစ်ကို ရရှိခဲ့သည်မှာ အောက်တိုဘာ ၂၃ ရက်က အသက် ၆၃ နှစ်ပြည့်ခဲ့ပြီဖြစ် သည်။ ယခုအခါဆင်မကြီး ဖြစ်လာခဲ့ပြီဖြစ်သည့် မိုမို၏ ၆၃ နှစ်ပြည့်မွေးနေ့ပွဲကို သူချစ်သည့် ပရိသတ်များနှင့်အတူ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်၌ ပျော်ရွှင်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

**ရွှေအင်းသားခင်မောင်ဝင်း**







## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ ပညာ့ဝတီ အိမ်ရာစီမံကိန်းရှိ တိုက်C၊ အခန်း၆၀၃ ကို ဦးတင်မောင်မြင့်နှင့် ဒေါ်မြင့်မြင့်ရီတို့ထံမှ ဦးဝမ်းတင် ၁၂/လမန(နိုင်)၀၁၄၄၃၁နှင့် ဒေါ်နွဲ့ယဉ်ဟန် ၁၂/မရက(နိုင်) ၀၃၅၉၀၈တို့က ဝယ်ယူပြီးဖြစ်ပါ၍ ၎င်းတို့၏အမည်ဖြင့် ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်**
**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၅၉၊ ဦးပိုင်အမှတ် ယခင် ၃၇ဆ/၁၊ ယခု ၅၁၊ ၂၁×၂၂ ကြား၊ ၈၃×၈၆လမ်းကြားရှိ ငါးပါးသီလလုံခြုံရေးဓမ္မပါလအဖွဲ့ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ချိုချိုမြင့် ၉/မနမ(နိုင်)၀၃၄၁၅၇မှ ဦးပိုင် ၅၁(ခဲစင်း)အား တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အိမ်ဆောက်မိန့်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာမင်္ဂလာလမ်း၊ အမှတ် (၈/၁၀)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော ၃ခန်းတွဲ ၃ထပ်(RC) တိုက်၏ (၁၄'×၄၀')ရှိ မြေညီ(အလယ်ခန်း)ကို ဒေါ်မြင့်မြင့်မော်မှ ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူကာ တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေအားပေးချေပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀)**
**ရုံးအမှတ်-တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ် (၁၀၂/အီး)၊ ၃၆လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် U10/၄၈၊ မြေကွက်အမှတ်၁၉၉၊ အကျယ်အဝန်းပေ(၈၀×၆၈)ရှိ နှစ် ၆၀ ဂရန်မြေကွက်ကြီးအား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံအဆိုပြုသူ ဒေါ်ရှောက်ဟွေ ၁၃/လရန(နိုင်)၀၅၁၁၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ထက်ထက်ပိုင် | ဒေါ်နီလာခင် | ဒေါ်ခိုင်ငြိမ်းဆွေ | ဒေါ်မေဝင်းမော် |
|---|---|---|---|
| LL.B | LL.B | LL.B | LL.B |
| စဉ်-၉၇၄၆ | စဉ်-၉၇၅၁ | စဉ်-၃၁၄၇၅ | စဉ်-၃၃၂၃၂ |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**
**အမှတ် ၅၀၊ အေ-၅၊ ဒုထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၀၉-၇၃၀၄၉၅၅၁၊ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8082၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှု

**အုတ်လှငယ်**

နိုင်ငံအသီးသီးတွင် နိုင်ငံတော်၏ ရည်မှန်းချက်၊ အုပ်ချုပ်ရေးယန္တရားများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားပေးသည့် အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများကို အရည်အသွေးတိုးတက်မြင့်မားအောင် လေ့ကျင့်ပေးလျက်ရှိသည့် အဖွဲ့အစည်းများသည် နိုင်ငံတိုင်းတွင်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများအား ခေတ်အဆက်ဆက် ရွေးချယ်လေ့ကျင့်ပေးသည့် အဖွဲ့အစည်းများရှိပါသည်။ မျက်မှောက်ကာလတွင် နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသိပညာ၊ အတတ်ပညာ၊ လုပ်ငန်းစွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများ မြင့်မားလာစေရန် အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ (Union Civil Service Board)ပင် ဖြစ်သည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နောက်ခံသမိုင်း**

မြန်မာနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော် မြန်မာဘုရင်များ၏ အုပ်ချုပ်မှုအောက်တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တည်ရှိခဲ့စဉ်ကပင် မင်းမှုထမ်းများအား စနစ်တကျရွေးချယ်ခန့်ထားနိုင်ရေးအတွက် ရွေးချယ်ခန့်ထားသည့်စနစ်၊ စံနှုန်းများ သတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။

ရာထူးဝန်အဖွဲ့ (Public Service Commission-PSC)ကို ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေအရ ၁၉၃၇ ခုနှစ် ဧပြီ ၁ ရက်တွင် ဖွဲ့စည်းကာ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်ဖော်ထုတ်ရေး အစီရင်ခံစာပါ ထောက်ခံချက်များနှင့်အညီ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် မေ ၄ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို အသစ်ဖွဲ့စည်းသည့် ဗဟိုပြည်သူ့ဝန်ထမ်းများ ရွေးချယ်လေ့ကျင့်နေရာချထားရေးအဖွဲ့နှင့် ပူးပေါင်းဖွဲ့စည်းခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ပေါ်ပေါက်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၄)ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းကာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၇ ခုနှစ် မတ် ၃၁ ရက်မှစ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် နိုင်ငံတော်ကောင်စီအောက်သို့ ရောက်ရှိခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၁ ခုနှစ် မတ်လအထိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုအောက်သို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၄/၂၀၁၀ ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ် ၃၀ ရက်စွဲပါ ကြေညာချက်အမှတ် ၆/၂၀၁၁ ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့(Union Civil Service Board)ကို ဖွဲ့စည်းခဲ့သည်။

**နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှု**

နိုင်ငံ့ဝန်ထမ်းများအား အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်၊ စနစ်တကျ ရွေးချယ်လေ့ကျင့်ပေးရန်နှင့် ဝန်ထမ်းမှုဆိုင်ရာအခွင့်အလမ်းများ ပိုမိုရရှိစေရေးဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွင် လိုအပ်သည့်ဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ဥပဒေပိုင်းအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆(က)နှင့်အညီ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ ၂၇(က)အရ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် စည်းစနစ်တကျရှိစေရေး၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လိုက်နာကျင့်သုံးနိုင်ရေး၊ အခြားနိုင်ငံများနည်းတူ ဝန်ထမ်းမှုဆိုင်ရာအခွင့်အရေးများ တန်းတူရရှိခံစားနိုင်ရေးတို့ကို ရည်ရွယ်လျက် ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကိုလည်းကောင်း အသီးသီးထုတ်ပြန်ခဲ့သည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်းဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များအား ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်နှင့် ဝန်ထမ်းမှုဆိုင်ရာအခွင့်အရေးများ ပိုမိုရရှိစေရန်အတွက် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်တည်မှီ၍ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ခွင့်ခံစားခြင်း၊ အငြိမ်းစားယူခြင်းဆိုင်ရာ ပြင်ဆင်ပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းပြီးပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခြင်းအပိုင်းတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ၌ ပိုမိုအထောက်အကူဖြစ်စေရန်နှင့် အရည်အသွေးမြင့်ပြည်သူ့ဝန်ထမ်းများ ပိုမိုရွေးချယ်ပေးနိုင်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူး ရေးဖြေစာမေးပွဲမှ စတင်ပြီး ပြည်သူ့ဝန်ကိုထမ်းဆောင်လိုသော အကြောင်းအရင်းခံစိတ်(Motivation) ရှိမရှိ အခြေခံကို ဖော်ထုတ်စစ်ဆေးသည့် မေးခွန်းပုံစံအသစ်များဖြင့် ပြောင်းလဲစစ်ဆေးခဲ့ပါသည်။ ဘာသာရပ်များမှာ မြန်မာစာဘာသာ၊ အင်္ဂလိပ်စာဘာသာ၊ သုတရေးရာဘာသာတို့ ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ရေးအပိုင်းတွင် နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ၁၉၆၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးတွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၇ ခုနှစ် မေ ၅ ရက်တွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအနီးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ တည်နေရာပိုင်းကိုအခြေခံ၍ အမည်ပြောင်းလဲ သတ်မှတ်ရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နည်းတူ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို ၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် UNDP ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ရန် ကျင့်ဝတ်သိက္ခာ၊ တန်းတူအခွင့်အရေးများနှင့် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုတို့နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများ၏ သဘောထားအမြင်နှင့် အတွေ့အကြုံများကို လေ့လာသည့်စစ်တမ်း(Perception Survey)ကို ကောက်ယူခဲ့ပြီး စစ်တမ်းရလဒ်အပေါ် အခြေပြု၍ Competency Framework နှင့် Leadership Scheme ရေးဆွဲနိုင်ရေးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က စီမံခန့်ခွဲရသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပြဋ္ဌာန်းချက်များကို ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်သောအဖွဲ့မှ လေ့လာသုံးသပ်သည့်လုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအဖွဲ့၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ်မူတည်ပြီး ကျင့်သုံးမည့် အုပ်ချုပ်ရေးယန္တရား စနစ်သစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ မူလအမှတ်တံဆိပ်အစား ပြည်သူ့ဝန်ထမ်းများ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်နိုင်ရေး၊ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိကစံတန်ဖိုး(Core Value)များဖြစ်သည့် ရိုးသားခြင်း(Honesty)၊ ဖြောင့်မတ်သမာဓိရှိခြင်း (Integrity)၊ ဓမ္မဓိဋ္ဌာန်ကျခြင်း(Objectivity)၊ ဘက်မလိုက်ခြင်း (Impartiality)တို့ကို ပိုမိုခံယူ ကျင့်သုံးတန်ဖိုးထားတတ်စေရေးနှင့် ဝန်ထမ်းတစ်ဦး၏ စွမ်းဆောင်ရည်မူဘောင်(Competency Framework)၏ အခြေခံအုတ်မြစ်များဖြစ်သော စရိုက်လက္ခဏာ(Ethos)၊ ကိုယ်ကျင့်တရား(Ethics)၊ တန်းတူညီမျှရှိမှု(Equity)၊ စွမ်းဆောင်ရည်ပြည့်ဝမှု(Efficiency) ပိုမိုရှိစေရေးတို့ကို အသီးသီး ဖော်ကျူးထားသော တက္ကသိုလ်၏ အမှတ်တံဆိပ်အသစ်ဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသော မူဝါဒများအတိုင်း အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ပြည်သူနှင့်အတူလက်တွဲ၍ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ‘နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်းလက်တွဲပြု(Cooperation of the Civil Service and Public Creates a Nation)’ဟူသော ဆောင်ပုဒ်အသစ်ချမှတ်ခြင်းတို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။

> **နိုင်ငံ့ဝန်ထမ်းဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များအား ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်နှင့် ဝန်ထမ်းမှုဆိုင်ရာအခွင့်အရေးများ ပိုမိုရရှိစေရန်အတွက် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်တည်မှီ၍ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ခွင့်ခံစားခြင်း၊ အငြိမ်းစားယူခြင်းဆိုင်ရာ ပြင်ဆင်ပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းပြီးပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်**

ထို့အပြင် ယခင် Old Public Administration မှ New Public Administration သို့ ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံတော်ကကျင့်သုံးမည့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသော New Public Management, New Public Governance တို့ကို အထောက်အကူပြုသည့် New Public Service Delivery လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဝန်ထမ်းများအား ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူဟူသည့် စိတ်ဓာတ်မျိုး ထားရှိနိုင်ရေးနှင့် ပိုမိုကောင်းမွန်သော Service Delivery ပေးနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် ရည်ရွယ်လျက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးတွင် ‘ပြည်သူ့ဝန်ထမ်းအကယ်ဒမီ(Civil Services Academy-CSA)’ တစ်ခုစီကို ဖွင့်လှစ်ပြီး စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့်ဝန်ထမ်းများအား အခြေခံသင်တန်းများ ပေးခြင်းနှင့် အရာထမ်းလောင်းများအတွက် ဘွဲ့လွန်ဒီပလိုမာ(Post-Graduate Diploma in Civil Service Management)အပ်နှင်းခြင်း၊ အလယ်အလတ်အဆင့် အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာ(Advanced Diploma) အပ်နှင်းခြင်း၊ အဆင့်မြင့်အရာထမ်းများအတွက် မဟာဘွဲ့(Master Degree)အပ်နှင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

‘ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)’တွင် နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ နိုင်ငံရေးသိပ္ပံပညာ၊ လူမှုရေး သိပ္ပံပညာ၊ ဥပဒေပညာများအပြင် အင်္ဂလိပ်ဘာသာပညာနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ် နှစ်ခုကို တိုးချဲ့သင်ကြားနိုင်ရေးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော Curriculum, Syllabus များကို နိုင်ငံတကာအဆင့်မီ နောက်ဆုံးအခြေအနေနှင့်အညီ ဖြစ်စေရေးတို့အတွက် EU(GOPA) အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်များတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ ‘ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော ပုံမှန်သင်တန်းများနှင့် ဘာသာရပ်ပို့ချချက်များအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ’ကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် Hanns Seidel Foundation ၏ အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်နှင့် ၂၄ ရက်များတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ ‘မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ’ကို လည်းကောင်း၊ UNDP အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်က နေပြည်တော်၊ MICC II ၌ ‘ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ’ကိုလည်းကောင်း အသီးသီး ကျင်းပခဲ့သည်။

ထိုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းသာမက နိုင်ငံတကာကပါ မိမိတို့နိုင်ငံ၏ Civil Services အခန်းကဏ္ဍကို မည်သို့ပြောင်းလဲလုပ်ဆောင်နေကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုသိရှိနိုင်ပြီး အစိုးရ၏ စုဖွဲ့မှုပုံစံနှင့် အရွယ်အစား(Size and Structure of the Government)၊ ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း(Recruitment)၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု (Capacity Building and HRD)၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်မှုနှင့် ရာထူးတိုးမြှင့်ခြင်း (Performance & Promotion)၊ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက်ကျွမ်းကျင်မှု(Professionalism)နှင့် တာဝန်ယူ/တာဝန်ခံတတ်ခြင်း(Accountability)စသည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း အလေးအနက်ထားရှုမြင်လာနိုင်ကြမည်ဖြစ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းများပါဝင်မှု တိုးပွားလာအောင် အစိုးရ၏ ကျင့်သုံးသော နည်းလမ်းသစ်တစ်ရပ်မှာ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း(Public Private Partnership-PPP)ပင် ဖြစ်ပါသည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အကောင်းဆုံးသော လုပ်ငန်းမူဘောင်ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အထိရောက်ဆုံးနှင့် စွမ်းဆောင်ရည်အရှိဆုံး ဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူလူထုအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကျွမ်းကျင်သူပညာရှင်များနှင့်အတူ လုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာများ တစ်ပါတည်းပါလာသောကြောင့် ပြည်သူလူထု၏ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် စွမ်းဆောင်ရည်အပြည့်ဝဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် ပူးပေါင်းဆောင်ရွက်မှု(PPP)ကို လက်ခံကျင့်သုံးလာခဲ့သည်မှာ ၁၉၈၀ ပြည့်လွန် အစောပိုင်းကာလကပင် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့်လည်း ‘နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်’ဟု မျှော်မှန်းချက်ထားရှိ၍လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် ‘နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်’ဟု လည်းကောင်း၊ ‘ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်’ဟုလည်းကောင်း၊ ‘ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်’ဟုလည်းကောင်း အတိအလင်း ချမှတ်ကြေညာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိက ကုမ္ပဏီ/ အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထောက်အကူပြုသင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်ပညာပေးရန် မလွဲမသွေလိုအပ်ပါသည်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် နိုင်ငံ့ဝန်ထမ်းများနှင့်အတူ ပုဂ္ဂလိကဝန်ထမ်းများကိုပါ လက်ခံလေ့ကျင့် သင်ကြားပေးခြင်းဖြင့် ဝန်ထမ်းများအကြား အတွေ့အကြုံကောင်းများ ဖလှယ်နိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်ခြင်း၊ ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးရန်အတွက် ပိုမိုသစ်လွင်ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်တီထွင်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ဆန်းသစ်မှုများကို ရရှိနိုင်ခြင်း၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့အကြားတွင် တာဝန်ဝတ္တရားများကို ပွင့်လင်းမြင်သာစွာဖြင့် ပိုင်းခြားဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ မလွဲကေန် ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်မည့် ‘ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)’ တွင် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများသာမက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းများပါဝင်မှု တိုးပွားလာအောင် ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကိုပါ လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post-Graduate Diploma in Civil Service Management) အမှတ်စဉ်(၁)တွင် နိုင်ငံ့ဝန်ထမ်း အရာထမ်းလောင်းများနှင့်အတူ ပြင်ပပုဂ္ဂလိက ကုမ္ပဏီ/အဖွဲ့အစည်းများမှ သတ်မှတ်အရည်အချင်းပြည့်မီသည့် ပုဂ္ဂလိကဝန်ထမ်း ၃၀ ကို လက်ခံသင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ‘ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)’ ၌ နိုင်ငံ့ဝန်ထမ်းများအား အရည်အချင်းပြည့်ဝသည့် နည်းပြများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်တန်းများ သင်ကြားပို့ချမှုကြောင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ကောင်းမွန်သော အုပ်ချုပ်မှု(Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ပေါ်လာစေရေးကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အပြည့်အဝ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေရန် ငါးဖောက်နည်းပညာများအဆင့်မြှင့်တင်

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ချမ်းချမ်း**



တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငါးစားသုံးမှုနှုန်း မြင့်မားဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ဒေသများရှိ ငါးမွေးတောင်သူများလိုအပ်သော ငါးသားပေါက်များကို အလွယ်တကူ သားဖောက်ထုတ်လုပ်မွေးမြူတတ်စေရန်နှင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံ ၆၂ ရုံနှင့် ၂၀၁၅-၂၀၁၆ တွင် ငါးသားဖောက်ရုံ ၆၀ တည်ဆောက်ပေးကာ ငါးသားဖောက်လုပ်ငန်းများကို အဆင့်မြှင့်တင်ပေးခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ၁၉၄၅ ခုနှစ်မှ စတင်၍ တီလားဗီယား၊ ဂိုရာမီနှင့် ရွှေဝါငါးကြင်း ငါးမျိုးများမွေးမြူခြင်းဖြင့် စတင်ခဲ့ကြောင်း၊ ၁၉၆၀ ပြည့်နှစ် အစောပိုင်းတွင် ငါးသားဖောက်နည်းပညာများဖြင့် ငါးသားဖောက်ထုတ်လုပ်ခြင်းစတင်အောင်မြင်ခဲ့ပြီး ရေချိုငါးမွေးမြူရေးလုပ်ငန်းမှာ နိုင်ငံတစ်ဝန်း ပျံ့နှံ့ခဲ့ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ငါးလုပ်ငန်းစခန်း ၃၇ ခု၊ ပုစွန်သားပေါက်စခန်း ရှစ်ခု ၊ ငါး၊ ပုစွန် မွေးမြူရေးစခန်း သုံးခု၊ မိကျောင်းမွေးမြူရေးစခန်းတစ်ခု၊ ရေငန်သုတေသနစခန်း တစ်ခု စုစုပေါင်း ငါးလုပ်ငန်းစခန်းပေါင်း ၅၀ ရှိပြီး ဒေသ၊ ရာသီဥတု၊ ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများဖြန့်ဖြူးရေးနှင့် သဘာဝရေပြင်နှင့် ဆည်တမံများတွင် မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များ စဉ်ဆက်မပြတ် ဖြန့်ဖြူးမျိုးစိုက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွှန့်ခင်ထံမှ သိရသည်။

“အရင်တုန်းက ငါးသားဖောက်တာက ငါးရဲ့ပီကျူထရီဂလင်းကို ထုတ်ပြီးတော့ ဆေးထိုးရတဲ့စနစ်ပေ့ါ။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က သုံးခဲ့တဲ့စနစ်၊ နောက်ပိုင်း တဖြည်းဖြည်းနဲ့ နည်းပညာဖွံ့ဖြိုးလာတဲ့အတွက် ပီကျူထရီဂလင်းအစား ဟော်မုန်းဆေးတွေက ရယ်ဒီမိတ်တွေလာတယ်။ အဲဒီမှာ တရုတ်ဆေးတွေလာတယ်။ ခုနောက်ပိုင်းဆို ဂျာမနီကလာတဲ့ ဂျာမနီဆေးတွေရှိတယ်။ တရုတ်ဆေး AHGC တို့၊ RH AH2 တို့ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က တရုတ်ပြည်နယ်ကနေ တင်သွင်းပြီးတော့ ပီကျူထရီဂလင်းအစား ဆေးတွေကို အသုံးပြုခဲ့တယ်။ ခုနောက်ပိုင်းမှာ စကူလီဖက်နဲ့ မိနယ်လီယမ်ဆိုပြီးတော့ တွဲသုံးတယ်။ စကူလီဖက်ကတော့ ဂျာမနီက တင်သွင်းလာတဲ့ ဆေးဖြစ်ပါတယ်။

“ဒီလိုရယ်ဒီမိတ်ဆေးတွေအသုံးပြုလို့ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကတော့ ပီကျူဂလင်းကို သုံးတဲ့နေရာမှာ ခေါင်းခွဲငါးကို သီးခြားမွေးရပါတယ်။ အနည်းဆုံး သူ့ရဲ့သက်တမ်းက တစ်နှစ်လောက်ပြည့်တဲ့ ငါးကျမှပဲ ခေါင်းခွဲငါးကို ထုတ်နုတ်အသုံးပြုပါတယ်။ ခေါင်းခွဲ ငါးကို မွေးပြီးမှ သူ့ရဲ့ပီကျူထရီဂလင်းကို ထုတ်ပြီးမှ ဟော်မုန်းအဖြစ် အသုံးပြုပြီး သီးခြားမွေးရတာဖြစ်တဲ့အတွက် ကန်အပို အသုံးပြုရတဲ့ စနစ်ဖြစ်တယ်။ နောက်ပိုင်း ကျွန်တော်တို့က ဂလင်းအစားဆေးတွေကို အသုံးပြုလာတာဖြစ်တဲ့အတွက် ခေါင်းခွဲငါး သီးခြားမွေးစရာ မလိုတော့ဘူး။ ရှိသမျှကန်အားလုံးကို အသုံးပြုနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ အရင်တုန်းကတော့ ငါးဖောက်ဖို့ဖြစ်တဲ့အတွက် ဂလင်းထုတ်ဖို့ ငါးကို သီးခြားမွေးရတဲ့ အနေအထားပေ့ါ။ ရယ်ဒီမိတ်ဆေးတွေ အသုံးပြုတာ ငါးမှုန်၊ ငါးသန် ထုတ်လုပ်တဲ့နေရာမှာ ပိုပြီးထုတ်လုပ်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ပီကျူထရီဂလင်းကို ထုတ်ပြီးတော့ အသုံးပြုခြင်းနဲ့ ဆေးတွေကိုထုတ်ပြီး အသုံးပြုခြင်းရဲ့ အားသာချက်တွေ ဖြစ်ပါတယ်။ ဆေးကို အသုံးပြုပြီးတော့ ထိုးတဲ့ အနေအထားမှာ သူ့ရဲ့အားသာချက်က အချိန်ကုန်သက်သာတယ်။ ထိုးဆေးကိုလည်း တိတိကျကျ သုံးနိုင်တဲ့ အနေအထားဖြစ်ပါတယ်” ဟု ရေဆင်းငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးစိုးပိုင်က ငါးသားဖောက်လုပ်ငန်းနှင့်ပတ်သက်၍ ပြောသည်။

တစ်ပိုင်တစ်နိုင် ငါးမွေးမြူသည့် ငါးမွေးတောင်သူများကို ငါးသားဖောက်ထုတ်လုပ်ခြင်းနည်းပညာများ တိုးချဲ့ပညာပေးခြင်းအပြင် ငါးမွေးမြူသည့်နည်းစနစ်များ၊ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းများကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ထို့ပြင် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေး၊ ပရိုတင်းအာဟာရဓာတ်ပြည့်ဝသောလတ်ဆတ်သည့်ငါးအာဟာရပြည့်စုံဖူလုံရေး၊ လူတစ်ဦးချင်းငါးစားသုံးမှုမြင့်မားလာစေရေးအတွက် ဒေသတွင်း ငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်လာစေရန်၊ ခေတ်မီနည်းစနစ်များဖြင့် ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။

“ငါးမွေးမြူတဲ့တောင်သူတွေအနေနဲ့ မွေးမြူရေးဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် အထောက်အကူပြုနိုင်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူတဲ့စနစ်ကနေ စီးပွားဖြစ် မွေးမြူတဲ့စနစ်ကို လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက် ငါးမွေးမြူရေးဟာ အရင်းအနှီးနည်းနည်းနဲ့ အကျိုးအမြတ်များများ ရရှိနိုင်တာကြောင့် ငါးမွေးမြူရေးလုပ်ငန်းကို ရှေ့ဆက်လုပ်ဆောင်သင့်တယ်လို့ အကြံပြုချင်ပါတယ်” ဟု ဦးစီးအရာရှိက ပြောသည်။

# ဈေးမကိုက်လို့ ပဲတီစိမ်းအစား အစားထိုးပဲများပြောင်းလဲစိုက်ရန် ပြင်ဆင်မှုများရှိ

**ကေဇူး၊ ဓာတ်ပုံ-သိန်း**

“စစ်ကိုင်းတိုင်းဒေသကြီးက တောင်သူတွေအနေနဲ့ ပြီးခဲ့တဲ့နှစ်က ရာသီချိန်အတွင်း ပဲတီစိမ်းဈေးများ ထိုးကျခဲ့တဲ့အတွက် မတ်ပဲနဲ့ မြေပဲကို အစားထိုး စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီးမှ တောင်သူများက ပြောသည်။

“သုံးနှစ်အတွင်းမှာ ဒီနှစ်က အနိမ့်ဆုံး ဈေးဖြစ်ခဲ့တဲ့အတွက် စိုက်ပျိုးစရိတ်



မကာမိလို့ သီးနှံပြောင်းဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်”ဟုပြောသည်။

“ကျွန်တော်အပါအဝင် တစ်နယ်လုံးလိုလို မြေပဲနဲ့ မတ်ပဲဦးစားပေးစိုက်ဖို့ပြင်ဆင်နေကြတယ်။ မြေပဲမျိုးတွေတောင် မနည်းဝယ်ရတယ်။ ဝယ်တဲ့သူတွေများလို့ ”ဟု စစ်ကိုင်းတိုင်းဒေသကြီးက ပဲစိုက်တောင်သူ ဦးစိုးရွှေက ပြောသည်။

ရာသီဥတုကြောင့် ပဲတီစိမ်းတွေ အရည်အသွေး ကျဆင်းတဲ့အတွက် လတ်တလောမှာ ပိဿာ ၆၀၊ တစ်တင်းခွဲကို ငွေကျပ်တစ်သိန်းဝန်းကျင်ရှိသည်။

“မတ်ပဲတွေချည်းပဲစိုက်လို့ အိန္ဒိယက မဝယ်တော့ဘူးဆိုရင် အခက်တွေ့မယ်။ အဲဒါကြောင့် ပဲကို ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ အဲဒီလိုမျှအောင်စိုက်မှ ဝယ်လိုအားနဲ့ ရောင်းလိုအားမျှတမယ် ”ဟု မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘညဏ်က သုံးသပ်သည်။

ယခုကာလသည် မိုးစပါးများရိတ်သိမ်းပြီး မကြာမီ ပဲများ ပြန်လည်စိုက်ပျိုးတော့မယ့်ကာလ ဖြစ်သည်။

## မိုးစပါးစိုက်ပျိုးနည်းစနစ်နှင့် မျိုးစပါးများစိုက်ပျိုးထားမှု အခြေအနေ ပညာပေးသရုပ်ပြ

**စလင်း အောက်တိုဘာ ၂၃** မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ တောစိမ့်ကျေးရွာအုပ်စုနှင့် မကျီးပင်ပုကျေးရွာအုပ်စုများရှိ တောင်သူများအား မိုးစပါးစိုက်ပျိုးနည်းစနစ်ငါးမျိုး ယှဉ်ပြိုင်စိုက်ပျိုးထားမှုနှင့်အရည်အသွေးကောင်းစပါးခြောက်မျိုး၊ ဆည်ရေသောက် စပါးလေးမျိုးတို့ ယှဉ်ပြိုင်စိုက်ပျိုးထားမှုအခြေအနေများကို အောက်တိုဘာလတတိယပတ်က ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်မြေတာဝန်ခံ၊ မျိုးတာဝန်ခံ၊ ပိုးမွှားကာကွယ်ရေးတာဝန်ခံ နှင့် စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှညှိနှိုင်းမှုအဖွဲ့များမှ တောစိမ့်ကျေးရွာအုပ်စု ကွင်းအမှတ် ၆၀၀ ၌ မိုးစပါးစိုက်ပျိုးနည်းစနစ် ငါးမျိုး ယှဉ်ပြိုင်စိုက်ပျိုးထားခြင်း အခြေအနေများကိုလည်းကောင်း၊ စပါးအရည် သွေးကောင်းခြောက်မျိုးနှင့် ဆည်ရေသောက်စပါးလေးမျိုး ယှဉ်ပြိုင်စိုက်ပျိုးထားမှု အခြေအနေများကို မကျီးပင်ပုကျေးရွာအုပ်စု ကွင်းအမှတ် ၅၇၃ ၌လည်းကောင်း တောင်သူ ၅၀ ကျော်တို့အား ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇွဲထက်ရှင်**

## လယ်ယာလုပ်ငန်းခွင်များအတွက် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်မည့်အစီအစဉ်ကြေညာခြင်း

၁။ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သား ရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အညီ အချိန်မီလုပ်ငန်းများပြီးစီးစေရန်အတွက် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ တောင်သူများအနေဖြင့် စက်ကိရိယာဝယ်ယူရန်ဆန္ဒရှိသော်လည်း စက်တန်ဖိုးကြီးမြင့်မှုကြောင့် ဝယ်ယူရန်အခက်အခဲများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍအတွက် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရေးနှင့် စက်ကိရိယာများတိုးမြှင့်သုံးစွဲနိုင်ရေးတို့အတွက် ရည်ရွယ်ကာစီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ ယင်းသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ ကြိုက်နှစ်သက်သည့် ထွန်စက်ကြီးများနှင့်ရိတ်သိမ်းခြွေလှေ့စက်များကို အဓိကထားဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ရာတွင် စက်တန်ဖိုးလျော့နည်းစေရေး၊ အရည်အသွေးအာမခံမှုရှိစေရေး၊ ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ စက်အရန်ပစ္စည်းများ အလွယ်တကူရရှိရေး၊ စက်ကို မောင်းနှင်ကိုင်တွယ်ထိန်းသိမ်းတတ်စေရေးတို့ကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိက လုပ်ကိုင်လိုသူများနှင့် စက်တင်သွင်းရောင်းချသူများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ပါသည်။

၃။ စက်ဝယ်ယူမည့်ဝန်ဆောင်မှုလုပ်ကိုင်လိုသူများအတွက် လက်ရှိပြင်ပမှ လက်ငင်းငွေပေးချေဝယ်ယူသုံးစွဲနေသော ဈေးနှုန်းများထက်စက်တန်ဖိုးသက်သာစေရေးကို ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ငွေပေးချေရမည့်အစီအစဉ်မှာ

(က) စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုသာ ကနဦးပေးသွင်း၍ စက်ကို ရယူခြင်း၊

(ခ) ကျန် ၉၀ ရာခိုင်နှုန်းကို မိမိလုပ်ငန်းခွင်တွင် အသုံးပြုခြင်း၊ အငှားဝန်ဆောင်မှု လုပ်ကိုင်ခြင်းတို့ဖြင့် ငွေကြေးစုဆောင်းကာ ခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းစီ ပေးသွင်းပြီး ခြောက်ရစ်ခွဲ၍ သုံးနှစ်အတွင်းပေးချေခြင်းဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ တောင်သူများ ဝယ်ယူလိုသည့် ထွန်စက်ကြီးများနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ဦးစွာဖြည့်တင်းဖြန့်ဖြူးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တောင်သူလိုအပ်ချက် နှင့် ထောက်ခံမှုအပေါ်မူတည်၍ စိစစ်ကာ လယ်ယာသုံးစက်ကိရိယာများကို အသုတ်လိုက်ထပ်မံဖြည့်တင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ဝယ်ယူလိုသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်အသေးစိတ်ကို သက်ဆိုင်ရာမြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ **(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# မြန်မာ့ပင်လယ်လိပ်မျိုးများ မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းထိန်းသိမ်း

## မောင်မော်(ငါးလုပ်ငန်းဦးစီးဌာန)

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် အလျား ၂၈၃၂ ကီလိုမီတာအထိ ရှည်လျားပြီး ရေခံ၊ မြေခံ ကောင်းမွန်သောကြောင့် ရေနေသက်ရှိ သယံဇာတအရင်းအမြစ် ဇီဝမျိုးစုံမျိုးကွဲများ လွန်စွာပေါကြွယ်ဝပါသည်။ အပြည်ပြည်ဆိုင်ရာ အာရုံစူးစိုက်ခြင်းခံရသည့် မျိုးသုဉ်းရှားပါးရေနေသက်ရှိသတ္တဝါများဖြစ်သော ပင်လယ်လိပ်၊ ရေဝတီလင်းပိုင်၊ ရေဝက်အစရှိသည့် မျိုးစိတ်များအား မြန်မာနိုင်ငံအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာနှင့်အဝန်းတွင် နှစ်သန်းပေါင်း ၂၀၀ ဝန်းကျင်ခန့်ကတည်းက ပေါ်ပေါက်ခဲ့သော အလွန်ရှေးကျသည့် တွားသွားသတ္တဝါတစ်မျိုးဖြစ်သော ပင်လယ်လိပ်မျိုးစိတ်များစွာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်မှစတင်၍ လူသား ပယောဂကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း လျင်မြန်စွာလျော့နည်းလာသည်ကို သုတေသနပညာရှင်များနှင့် သိပ္ပံပညာရှင်များက သတိမူသိရှိလာသည့်အတွက် သဘာဝအတိုင်းရှိနေသည့် မျိုးသုဉ်းလုနီးပါးဖြစ်နေသော သတ္တဝါများနှင့် အပင်မျိုးစိတ်များအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုရေးရာကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Floa-CITIES) နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း(International Union for Conservation of Nature-IUCN) တို့က မျိုးသုဉ်းလုနီးပါးသတ္တဝါမျိုးစိတ် (Endangered Species) အဖြစ် စာရင်းထည့်သွင်းသတ်မှတ်ကာ နိုင်ငံများစွာရှိ မျိုးထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပင်လယ်လိပ်သားပေါက်များသည် အသားစားသတ္တဝါများ ဘေးအန္တရာယ်များကြောင့် သဘာဝပင်လယ်ပြင်တွင်ရှင်သန်ရန် အခွင့်အလမ်း အလွန်နည်းပါးခြင်းနှင့် အရွယ်ရောက်မျိုးပွားရန် နှစ်ပေါင်း ၃၀ မှ ၅၀ အထိ ကြာမြင့်ခြင်းများကြောင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲမှု ဖြစ်စေပါသည်။

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပြီး ယင်းတို့မှာလိပ်စောင်းလျား(Leatherback Turtle Der- mochelyscoriacea)၊ ပြင်သာလိပ်(Green Turtle Cheloniamydas)၊ လိပ်လှောင်း (Olive Ridley Turtle -Lepidochelysolivacea)၊ လိပ်ကြက်တူရွေး (Hawksbill Turtle – Eretmochelysimbricata)၊ လိပ်ခွေး( Longgerhead Turtle – Carettacaretta) တို့ဖြစ်ပါသည်။ ယခုအချိန်တွင် အဆိုပါပင်လယ်လိပ် ငါးမျိုးအနက် ပြင်သာလိပ်၊ လိပ်လှောင်းနှင့် လိပ်ကြက်တူရွေးများကိုသာ ပုံမှန်တွေ့ရှိရသော်လည်း လိပ်စောင်းလျားနှင့် လိပ်ခွေးတို့မှာ မတွေ့ရှိရသလောက်ပင် အလွန်ရှားပါးလာသည်ကို တွေ့ရှိရပါသည်။

ပင်လယ်လိပ်များ လျော့နည်းပျောက်ကွယ်စေသည့် အဓိကအကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲလာခြင်း၊ ရေအောက်ရေစီးကြောင်းများ ပြောင်းလဲလာခြင်း၊ စားကျက်ဒေသများ ပျက်စီးဆုံးရှုံးလာခြင်း၊ ဒီရေတိုက်စားမှုကြောင့် သဲသောင်များလျော့နည်းလာခြင်းနှင့် အခြားအသားစားသတ္တဝါများမှ လိပ်ဥနှင့်သားပေါက်ငယ်များအား ဖမ်းယူစားသောက်ခြင်းများကြောင့် ဖြစ်ပါသည်။

ထို့အပြင် လူသားတို့၏ ပယောဂများဖြစ်သည့် ငါးဖမ်းဆီးခြင်းလုပ်ငန်းများတွင် မတော်တဆထိမိခြင်း၊ ဥနှင့်အသားများအားစားသုံးခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်များကြောင့် ရေထုညစ်ညမ်းခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်သော ငါးဖမ်းပိုက်အစုတ်များတွင် ငြိတွယ်သေဆုံးခြင်း၊ ကမ်းရိုးတန်းဒေသများတွင် စက်ရုံအလုပ်ရုံနှင့် လူနေအိမ်အဆောက်အအုံများ ချဲ့ထွင်လာခြင်း၊ ပင်လယ်မြက်ခင်းပြင်များနှင့် သန္တာကျောက်တန်းများ ပျက်စီးလာခြင်းစသည့် အကြောင်းများကြောင့်လည်း ပင်လယ်လိပ်များ လျော့နည်းပျောက်ကွယ်စေခဲ့ပါသည်။

၁၉၆၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းမှ သမီးလုကျွန်းတွင် ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက် ခဲ့ပြီး ၁၉၈၆ ခုနှစ်မှစတင်၍ သမီးလုကျွန်းပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ပြန်လည်တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်မှစတင်ပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပင်လယ်လိပ်မျိုးများ ပြန်လည်ပွားများလာစေရန် ရည်ရွယ်၍ ၁၉၉၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ လိပ်ကျွန်းများဖြစ်သော ကတုံးကလေးကျွန်း၊ ဂယက်ကြီးကျွန်း၊ မစိန်ယုံကျွန်း၊ ငါးမန်းသောင်ကျွန်းနှင့် ငုက်ဥသောင်ကျွန်းများအား လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် လပွတ္တာမြို့နယ် အမတ်ကြီး(ကွင်းပေါက်)သောင်နှင့် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်းများအားလည်းကောင်း တိုးချဲ့၍ပင်လယ်လိပ်ဥများကို စနစ်တကျသားဖောက်ပြီး သားပေါက်များအား ပင်လယ်ပြင်သို့ နှစ်စဉ်မျိုးစိုက်ထည့်ပေးလျက်ရှိပါသည်။ ပင်လယ်လိပ်များအား သဘာဝနည်းဖြင့် သားဖောက်ခြင်း၊ ရွှေ့ပြောင်းသားဖောက်ခြင်းများအပြင် ဘိုကလေးမြို့ရှိ လိပ်ကျွန်းများ၌ ဖော့ပုံးဖြင့်သားဖောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥလုံးရေစုစုပေါင်း ၁၂၀၇၃၀ အား သားဖောက်နိုင်ခဲ့ပြီး သားပေါက်ကောင်ရေစုစုပေါင်း ၈၉၉၉၅၈ ကောင်အား သဘာဝပင်လယ်ပြင်သို့ မျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။

သုတေသနလုပ်ငန်းများအနေဖြင့် ပင်လယ်လိပ်များ၏ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းများ၊ စားကျက်ဒေသများ၊ ဥဥချရာဒေသများ၊ ကြီးထွားနှုန်းများ၊ ရှင်သန်နှုန်းများနှင့် ပင်လယ်လိပ်များ၏ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းများ၊ စားကျက်ဒေသများ၊ ဥချဒေသများ၊ ကြီးထွားနှုန်းများ၊ ရှင်သန်နှုန်းများနှင့် ပင်လယ် လိပ်များ၏အရေအတွက်များ သိရှိနိုင်ရေးအတွက် အမှတ်အသားပြုလေ့လာခြင်းလုပ်ငန်း (Tagging)၊ လိပ်ကျောခွံပေါ်၌ ဂြိုဟ်တုမှတစ်ဆင့် ခြေရာခံခြင်း(Satellite Tracking) လုပ်ငန်းအတွက် တပ်ဆင်ခြင်းလုပ်ငန်းများနှင့် တစ်သျှူးနမူနာများရယူ၍ မျိုးရိုးဗီဇဆိုင်ရာ ခွဲခြားသတ်မှတ်လေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အမှတ်အသားတံဆိပ် တပ်ဆင်ခြင်းလုပ်ငန်း (Tagging) အားပင်လယ်လိပ် ကောင်ရေစုစုပေါင်း ၉၁၄ ကောင်၊ ဂြိုဟ်တုမှတစ်ဆင့် ခြေရာခံခြင်း(Platform Transmitter Terminals) တပ်ဆင်ပြီး ကောင်းကင်လုပ်ငန်း(Satellite Tracking) အတွက်လိပ်လှောင်း နှစ်ကောင်တို့ကို သုတေသနပြုလေ့လာခဲ့ပါသည်။



နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲမှ သမီးလုကျွန်းအတွက် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဒေသနိုင်ငံများရှိ ပင်လယ်လိပ်မျိုးများနှင့် ယင်းတို့ နေထိုင်ကျက်စားရာဒေသများအား ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ "Memorandum of Understanding on Conservation and Management of Marine Turtle and their Habitats and Indian Oceans and South-East Asia Countries-IOSEA (MoU)" ကို မြန်မာနိုင်ငံမှ ၂၀၀၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သမီးလုကျွန်းကို Site Network သတ်မှတ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဂျာမနီနိုင်ငံ ဘွန်းမြို့၌ကျင်းပခဲ့သည့် IOSEA-MoU အစည်းအဝေးတွင် အဆိုပြုတင်ပြခဲ့ရာ အဆိုပါအဖွဲ့အစည်း၏ Advisory Board မှ သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါသဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် သမီးလုကျွန်းအတွက် Site Network Certificate ရရှိကြောင်း အကြောင်းပြန်ကြားလာပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် "Network of Site of Importance for Marine Turtles in the Indian Ocean- South-East Asia Region" အသိအမှတ်ပြုလက်မှတ်အား လက်ခံရရှိခဲ့ပါသည်။

ထို့အပြင် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းများတွင် အများပြည်သူ ပူးပေါင်းပါဝင်လာစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များ၊ ကျောင်းသား ကျောင်းသူများ၊ ရေလုပ်သားများနှင့် ဒေသခံပြည်သူများအား ဟောပြောဆွေးနွေးစည်းရုံးခြင်းနှင့် သင်တန်းများပို့ချခြင်းများအပြင် ရေဒီယိုမှ အသံလွှင့်ခြင်း၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း၊ ပိုစတာ၊ ဆိုင်းဘုတ်၊ လက်ကမ်းစာစောင်၊ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ထည့်သွင်းဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မျိုးသုဉ်းရှားပါးရေနေသတ္တဝါများ မျိုးထိန်းသိမ်းနိုင်ရေးအတွက် ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရုံးအမိန့်ကြော်ငြာစာများဖြင့် နှိုးဆော်ချက်များကို ပြည်သူတစ်ရပ်လုံးမှ လိုက်နာလာစေရန်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအား ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်ဆင့်ကမ်းပညာပေးနှိုးဆော်ရေးမှာလည်း အရေးပါလှသည့်အတွက် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ပင်လယ်လိပ်မျိုးများသည် ယင်းတို့နေထိုင်ကျက်စားရာဒေသများတွင် ပေါက်ရောက်လေ့ရှိသော ပင်လယ်မြက် (Seagrass)၊ ရေညှိ (Algae)၊ ရေမှော် (Sea weed) များကိုစားသုံးပြီး ယင်းတို့စွန့်ပစ်သည့် အညစ်အကြေးများတွင် ငါး၊ ပုစွန် အစရှိသည့် ရေနေသက်ရှိမျိုးစိတ်များစွာတို့အတွက် စားသုံးနိုင်သည့် ဩဇာဓာတ်များစွာ ပါဝင်ပါသဖြင့် ရေသတ္တဝါများ ပေါက်ပွားရှင်သန်နိုင်ရန်အတွက် ပင်လယ်လိပ်များမှ ဖန်တီးပေးနေခြင်းဖြစ်ပါသည်။ ထို့အပြင် ပင်လယ်ပြင်ဂေဟစနစ် (Marine Ecosystem) တွင် ဇီဝမျိုးစုံမျိုးကွဲ (Bio-diversity) တစ်ခုအဖြစ် ပါဝင်လျက်ရှိပြီး အစာကွင်းဆက် (Food Chain)နှင့် အစာကွန်ရက် (Food Web) တွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပင်လယ်ရေထုကို အဆိပ်အတောက်ဖြစ်စေသည့် ပင်လယ်ဒီရေနီ (Red Tide) ကိုဖြစ်ပေါ်စေနိုင်သည့် အပင်မျှောလေးများဖြစ်သည့် Dinoflagellates နှင့် Diatoms များကိုစားသုံးပြီး ပင်လယ်ပြင်ဂေဟစနစ် (Marine Ecosystem) ဟန်ချက်ညီစေရေး အတွက် အရေးပါအရာရောက်သည့် သတ္တဝါများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ပင်လယ်၌နေထိုင်ကျက်စားလျက်ရှိသော အခြားရေနေသတ္တဝါမျိုးစိတ် များ ရှင်သန်ကြီးထွား မျိုးပွားရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် ပင်လယ်ပြင်ဂေဟစနစ် ပိုမိုကောင်းမွန်စေခြင်းနှင့် ပင်လယ်ပြင် သယံဇာတအရင်းအမြစ်များ ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် တိုက်ရိုက်အချိုးကျလျက်ရှိသည့် ပင်လယ်လိပ်မျိုးများအား ရေလုပ်သားများအပါအဝင် အများပြည်သူများမှ မိမိတို့ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ လက်တွဲ၍ပူးပေါင်းပါဝင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



# ဆန်သစ်ပေါ်စ ဆန်ဈေးကျ၍ လယ်သမားများစိုးရိမ်နေ

**ဖြူး အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့် ဆောင်းသီးနှံပဲမျိုးစုံကေအများဆုံး စိုက်ပျိုးထုတ်လုပ်သော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုနှစ် မိုးစပါးများကို သတ်မှတ်လျာထားသည့်အတိုင်း ကျေးရွာအုပ်စု(၅၉)အုပ်စုနှင့် မြို့ပေါ်အချို့ရပ်ကွက်များမှ လယ်သမားများက ၁၅၁၄၅၄ ဧက စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် ဖြူးမြို့နယ်၌ ရာသီဥတုကောင်းမွန်ပြီး ရေကြီးမိုးခေါင်မရှိသဖြင့် ရာခိုင်နှုန်းပြည့်ကောင်းမွန်ဖြစ်ထွန်းခဲ့ကြပြီး စပါးအထွက်နှုန်းကောင်းမွန်ရန် အလားအလာကောင်းလျက်ရှိကြသည်။

အချို့ကျေးရွာအုပ်စုများမှ လယ်သမားများမှာ ဆောင်းရာသီစိုက် မတ်ပဲများကို ရာသီအမီ စောစောစိုက်ပျိုးနိုင်ရေးအတွက် မိုးစပါးများရိတ်သိမ်း၍ရသော်လည်း လယ်ယာလုပ်သားရှားမှုကြုံတွေ့နေရသဖြင့် စပါးရိတ်ခ နံနက် ၇ နာရီ မှ ညနေ ၄ နာရီအထိ လူတစ်ဦးလျှင်စပါးရိတ်ခငွေကျပ် ငါးထောင်ပေးကာ ငှားရမ်းရိတ်သိမ်းနေကြရပြီး ရိတ်သိမ်းခြွေလှေ့စက်များမှာလည်း နည်းပါးသဖြင့် စပါးတစ်ဧက ရိတ်သိမ်းခြွေလှေ့ခ ငွေကျပ် ၅၅၀၀၀ အထိပေး၍ ငှားရမ်းရိတ်သိမ်းနေကြရကြောင်း သိရသည်။

ထို့အပြင် ယခုအချိန်တွင် ဆန်ဈေးများမှာလည်းအေးနေပြီး စားသုံးသူများမှအပ ကုန်သည်ပွဲစားများအနေဖြင့် ဝယ်ယူခြင်းမရှိ၍ အရောင်းမဝယ်မဖြစ်ကြဘဲ ဈေးနှုန်းကျဆင်းနေကာ စပါးနှင့်ဆန်ဖြိုင်ဖြိုင်ပေါ်ပါက ယခုထက် ဆန်ဈေးနှုန်းကျဆင်းသွားမည်ကို လယ်သမားများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# အိန္ဒိယနိုင်ငံက ပဲအဝယ်ကမ်းလှမ်းမှုရှိ၊ ပေါက်ဈေးဖြင့်ဝယ်ယူရန် မြန်မာ့ပဲလုပ်ငန်းရှင်များ မျှော်လင့်

**ကေဇူး၊ ဓာတ်ပုံ- သိင်္ခ** ••••••••

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း မြန်မာပဲမျိုးစုံကို အိန္ဒိယနိုင်ငံက ဝယ်ယူရန် ဆန္ဒရှိကြောင်းပြောကြားခဲ့သည်ဟု မြန်မာနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံကိုအိန္ဒိယသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး လတ်တလောတွင် အိန္ဒိယဘက်မှ ဈေးလျှော့ ဝယ်ယူနေမှုများရှိသည့်အတွက် မြန်မာ့ပဲလုပ်ငန်းရှင်များ အထိနာလျက်ရှိသည်။

နှစ်နိုင်ငံဆွေးနွေးမှုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘညဏ်က "အိန္ဒိယဘက်က ဈေးလျှော့လိုချင်တယ်။ မြန်မာဘက်က ကိုယ့်ပစ္စည်းကို ပေါက်ဈေးနဲ့ ရောင်းချင်ကြတယ်။ ပေါက်ဈေးနဲ့မဟုတ်ဘဲ နည်းပညာပေးမယ်။ မရှုံးအောင် ဝယ်ပေးမယ်ဆိုရင်တော့ အဆင်မပြေဘူး။ လူကြီးတွေက မူအားဖြင့် ဆွေးနွေးပြီးရင် လုပ်ငန်းအကောင်အထည်ဖော်တဲ့လူတွေက ပြန်ညှိနှိုင်းရမှာပါ"ဟု ပြောသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလက အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာနက တာဝန်ရှိသူတွေ မြန်မာနိုင်ငံစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နဲ့ တွေ့ဆုံခဲ့ပြီး မြန်မာ့ပဲမျိုးစုံဝယ်ယူရေးနဲ့ပတ်သက်ပြီး အကြမ်းဖျင်းသတ်မှတ်ချက်တွေ ဆွေးနွေးခဲ့ပါတယ်။ အိန္ဒိယရဲ့ပရိုပိုဆယ် Draft ပေါ်မှာပဲ ပဲအသင်းအဖွဲ့တွေ၊ ပညာရှင်တွေအားလုံးရဲ့ သဘောထားအရ ပြင်ဆင်ချက်ကို အိန္ဒိယသံရုံးဘက်ကို ပို့ထားတာပေါ့။ ခုထိတော့ အိန္ဒိယဘက်က အကြောင်းမပြန်သေးဘူး"ဟု အိန္ဒိယ-မြန်မာ ပဲမျိုးစုံရောင်းဝယ်ရေးနှင့် ပတ်သက်၍ အစိုးရချင်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ စီးပွားကူးသန်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

"လတ်တလောမှာ မတ်ပဲတစ်တန်ကို ငွေကျပ် တစ်ဆယ့်လေးသိန်းငါးသောင်း ဝန်းကျင်ရှိပြီး ပဲစင်းငုံတစ်တန်ကို ငွေကျပ် ၁၀ သိန်း ဝန်းကျင်ရှိပါတယ်။ တောင်သူတွေအနေနဲ့ ပြီးခဲ့တဲ့နှစ်က ပဲဈေးကျလို့ အရှုံးပေါ်ခဲ့ရပြီး ဈေးလျှော့ဝယ်ရင်လုပ်အားနဲ့ စရိတ်မကာမိပါဘူး။ သူ့ဟာသူ နည်းပညာပဲပေးပေး၊ မျိုးစေ့ပဲ ပေးပေး၊ ဘယ်လောက်ပဲ အထွက်နှုန်းကောင်းကောင်းအခု အလုပ်သမားစရိတ်နဲ့ဆို လုံးဝမကိုက်ဘူး။ ဒါကြောင့် အနည်းဆုံး ပဲစင်းငုံတစ်တန်ကို ဒေါ်လာ ၁၁၀၀ ကျော် ၁၂၀၀ လောက်ရမှ ကိုက်မှာပါ"ဟု ရွှေဘိုမြို့နယ်မှတောင်သူတစ်ဦးက ပြောသည်။ ပြီးခဲ့သည့်နှစ်က မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်း တန်ချိန် တစ်သန်းကျော် အိန္ဒိယသို့ တင်ပို့ခဲ့ကြောင်း သိရသည်။



# တရုတ်ကို တရားဝင် ဆန်တန်ချိန်လေးသိန်းတင်ပို့နိုင်ရန် တင်ပြထား

**ကေဇူး** ••••••••

လာမည့်နှစ်တွင် တရုတ်နိုင်ငံကို ဆန်တန်ချိန် လေးသိန်း တရားဝင် တင်ပို့နိုင်ရန် စီးပွားရေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြထားသည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

နယ်စပ်မှ တရုတ်ဘက်သို့ တင်ပို့နေသည့်ဆန်များမှာ မကြာခဏ ဖမ်းဆီးမှုများရှိနေပြီး ဆန်ဈေးကျဆင်းမှုကိုထိန်းချုပ်ရန် ယခုကဲ့သို့တင်ပြထားခြင်းဖြစ်သည်။

"ဆန်ဈေးကျလာလို့ အရန်ဆန်ဝယ်မယ့်အစီစဉ်မျိုး၊ ဈေးနှုန်းထိန်းချုပ်မယ့် အစီအစဉ်မျိုး တင်ပြထားပါတယ်။ နောက်ပြီး အိန္ဒိယနဲ့ တရားဝင် ဆန်တန်ချိန် ခြောက်သိန်းတင်ပို့နိုင်ဖို့ အစိုးရချင်းညှိနှိုင်းပေးမယ့် အစီအစဉ်မျိုး တင်ပြထားပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဒေါက်တာစိုးထွန်းက ပြောသည်။

"မကြာခင်မှာ မိုးစပါးပေါ်လာတော့မှာမို့ ယခုထက်ပိုဈေးနှုန်းကျဆင်းမည်ကို တောင်သူတွေက စိုးရိမ်နေကြပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကတော့ တရုတ်ဘက်တင်ပို့ဖို့ကို ညှိနှိုင်းနေပြီး တရုတ်နိုင်ငံက အကြောင်းပြန်ခြင်းမရှိသေးပါဘူး"ဟု ၄င်းက ပြောသည်။

"ခုလက်ရှိမှာ နယ်ပေါက်ဈေးအနေနဲ့ စပါးတစ်တင်းကို ငွေကျပ် ၇၀၀၀ ဝန်းကျင်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမှ တောင်သူတစ်ဦးက ပြောသည်။



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်ပိတ်သိမ်း ပို့ကုန်များ ရပ်ဆိုင်းထားရ

**ကေဇူး** ••••••••

မောင်တောနယ်စပ်ဂိတ် ပိတ်ထားသဖြင့် ရခိုင်ပြည်နယ်မှထွက်သည့် ဆန်နှင့် ရေထွက်ပစ္စည်းများမှာ ပြည်ပတင်ပို့ရန် အခက်အခဲရှိနေပြီး ပို့ကုန်လုပ်ငန်းရှင်များ အခက်ကြုံနေကြသည်ဟု လုပ်ငန်းရှင်များထံမှ သိရသည်။

လတ်တလော ရခိုင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများနှင့်အတူ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ကုန်သွယ်မှုရပ်တန့်သွားခြင်းဖြစ်သည်။

"ဘင်္ဂလားဒေ့ရှ်ကိုတော့ ပုံမှန်ပို့နေတာပေါ့။ ဒါပေမယ့် မတည်မငြိမ်တွေဖြစ်တော့ ရန်ကုန်ကနေတစ်ဆင့် တရုတ်ကိုဖြစ်ဖြစ်၊ အခြားနိုင်ငံကိုဖြစ်ဖြစ် ပို့ဖို့ကြိုးစားနေပါတယ်။ ဒါပေမယ့် သယ်ယူပို့ဆောင်ရေးစရိတ်က များနေတယ်။ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း မဟုတ်ခြင်းကြောင့် ထုပ်ပိုးစနစ်နဲ့ အရည်အသွေးပိုင်းမှာ စိန်ခေါ်မှုရှိနေပါတယ်"ကျောက်ဖြူမြို့နယ်မှ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးထွန်းအောင်ခိုင်က ပြောသည်။

ရခိုင်ပြည်နယ်မှ ဆန်၊ ငါးခြောက်၊ ပုစွန်တို့ကို တင်ပို့ပြီး ဘင်္ဂလားဒေ့ရှ်က စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့်အဝတ်အထည်များကို ပြန်လည်တင်သွင်းနေခြင်းဖြစ်သည်။

# အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-သိင်္ခ**

**ဆန်မျိုးစုံဈေးတည်ငြိမ်၊ အနည်းငယ်သာအပြောင်းအလဲရှိ**

ယခုအပတ် ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးနေသည်။ ညော့်မထဆန်တစ်အိတ်လျှင် ကျပ်၅၀၀လောက် ကျဆင်းသွားပြီး မိုးသုခဆန်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၊ ပေါ်ဆန်မွှေး၊ ငစိန်၊ မြီးတုံးမှာ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၁၀၀၀ အထိ အမျိုးအစားအလိုက် ဈေးတည်ငြိမ်နေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

အောက်တိုဘာ ၁၀ ရက်မှစ၍ ပေါ်ဆန်း (နယ်စုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) တစ်အိတ်ဈေး ငွေကျပ် ၃၁၀၀၀ မှ ၄၅၅၀၀ ကြား၊ ညော့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၀၀၀ ကြား၊ ငစိန်ဆန် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၉၅၀၀ ကြား၊ မြီးတုံးဆန် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀ မှ ၂၅၀၀၀ ကြားနှင့် မိုးသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ ကြား အကျဈေးဖြင့် တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မတ်ပဲ FAQ/RC ၊ ပဲစင်းငုံဈေးများတစ်ပတ်အတွင်း ပြန်တက်လာ**

မတ်ပဲ FAQ/RCမှာ ယခုအပတ် တနင်္လာနေ့တွင် ငွေကျပ် ၁၄၁၀၀၀၀ ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ငွေကျပ် ၁၄၅၈၀၀၀ အထိပြန်တက်ခဲ့သည်။ ပဲစင်းငုံဈေးနှုန်းမှာ တနင်္လာနေ့က ငွေကျပ် ၁၀၁၂၀၀၀ ရှိခဲ့ပြီး သောကြာနေ့အထိ တစ်ပတ်အတွင်း ငွေကျပ် ၁၀၄၂၀၀၀ ရှိသည်။ ငါးရက်အတွင်း ပဲစင်းငုံဈေး ငွေကျပ် ၃၀၀၀၀ ဈေးတက်ခဲ့သည်ကို တွေ့ရသည်။

**နှမ်းနက်စမုံဈေးနှင့် နှမ်းဖြူဈေးအတက်အကျ မတည်ငြိမ်**

နှမ်းနက်စမုံဈေးမှာ ငွေကျပ် ၁၄၅၀၀၀မှ ၁၆၂၀၀၀ ဖြင့် ဈေးစဖွင့်ခဲ့ပြီး သောကြာနေ့တွင် ငွေကျပ် ၁၄၅၀၀၀မှ ငွေကျပ် ၁၆၅၀၀၀ အတွင်း ဈေးရှိခဲ့ကြောင်း သိရသည်။ နှမ်းဖြူမှာ ဈေးများ ဆက်တိုက်ကျဆင်းခဲ့ပြီး ဈေးဖွင့်ချိန်တွင် ငွေကျပ် ၉၀၀၀၀ မှ ၉၉၀၀၀ ကြား၊ ငွေကျပ် ၉၀၀၀၀ မှ ၉၆၀၀၀ ကြား ဈေးရှိခဲ့သည်။ ပြီးခဲ့သည့်အပတ်တွင် နှမ်းဖြူမှာ ငွေကျပ် ၉၅၀၀၀ အထိ ဈေးကျခဲ့သည်။

ငွေကျပ် ၁၀၂၀၀၀၊ ဈေးပိတ်ချိန်တွင် ငွေကျပ် ၈၅၀၀၀ မှ ၉၅၀၀၀ အထိ ကျဆင်းသွားခဲ့သည်။ ယခင် အပတ်နှင့်နှိုင်းယှဉ်ပါက ယခုအပတ် တနင်္လာနေ့ ဈေးစဖွင့်ချိန် တွင် နှမ်းဖြူဈေးနှုန်းမှာ အတက်ဈေးနှုန်းဖြင့် ရှိနေခဲ့သည်။

**ထူးထူးခြားခြားဈေးကျလာသည့် မီးဖိုချောင်သုံး လယ်ယာထွက်ကုန်များ**

ထူးထူးခြားခြား ဈေးကျလာသည့် ငရုတ်ရှည် (အိန္ဒိယ) မှာ တစ်ပိဿာလျှင် ငွေကျပ် ၄၁၀၀ မှ ၂၉၀၀ အထိ ဈေးကျသွားသည်။ ငရုတ်မိုးထောင်ဈေးမှာလည်း တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ မှ ၇၀၀ အထိဈေးကျသွားသည်။



# အင်းလေးဒေသထွက် ခရမ်းချဉ်သီးအား သဘာဝအရသာစစ်စစ် ခရမ်းချဉ်သီးယိုနှင့် ခရမ်းချဉ်တော်ဖီအဖြစ် ထုတ်လုပ်အောင်မြင်

**စိုင်းဇော်လတ်(လင်းခေး)**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသထွက် ခရမ်းချဉ်သီးအား သဘာဝအရသာစစ်စစ် ခရမ်းချဉ်သီးယိုနှင့် ခရမ်းချဉ်တော်ဖီကို နုလုံးလှအင်းသားလူငယ်မောင်မယ်များအဖွဲ့က အင်းခရမ်းချဉ်သီးတစ်ဆင့်မြှင့် စားသုံးကုန်အဖြစ် အောင်မြင်စွာထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါလူငယ်များအဖွဲ့က အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုရန်နှင့် ၎င်းတို့ အင်းတိုင်းရင်းသားလူငယ်မောင်မယ်များအဖွဲ့ ရေရှည်ရပ်တည်သွားနိုင်ရန်နှင့် အသင်းရန်ပုံငွေတိုးပွားလာစေရန်ဟူသော ရည်မှန်းချက်များဖြင့် အင်းလေးဒေသအတွင်းမှထွက်ရှိသော ခရမ်းချဉ်သီးများပေါများနေချိန်တွင် လွန်ခဲ့သည့် ဧပြီလခန့်မှစ၍ ခရမ်းချဉ်သီးတစ်ဆင့်မြှင့် သဘာဝစားသုံးကုန်ကို စတင်စမ်းသပ်ထုတ်လုပ်ခဲ့ရာ ယခုအခါ အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း လူငယ်အဖွဲ့က ပြောသည်။

"ကျွန်မတို့ ညောင်ရွှေ အင်းလေးဒေသတွင်းရှိ ရွာပေါင်း ၂၀၀ ကျော်က အင်းသားလူငယ်တွေ စုပေါင်းပြီး ဒီနုလုံးလှအင်းသားလူငယ် သဘာဝခရမ်းချဉ်သီးယိုနဲ့ ခရမ်းချဉ်တော်ဖီထုတ်ကုန်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတာပါ။ အဖွဲ့က ခရမ်းချဉ်သီးသဘာဝအရသာမပျက် အဆင့်မြှင့်စားကုန်အဖြစ် အဓိကလုပ်ကိုင်ပါတယ်။ အဲဒါအပြင် အင်းလေးကန်သဘာဝသစ်တောထွက် သစ်သီးဝလံတွေကိုလည်း ထပ်မံထုတ်လုပ်သွားနိုင်ဖို့အတွက် လူငယ်အဖွဲ့က ရည်မှန်းထားပါတယ်။ ရရှိလာတဲ့အကျိုးအမြတ်တွေနဲ့ ကျွန်မတို့ အင်းလေးကန် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုလုပ်ငန်းတွေမှာ ပါဝင်အသုံးချသွားမယ်ဆိုပြီး ဒီထုတ်ကုန်လုပ်ငန်းတွေကို စုပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ယင်းအဖွဲ့ခေါင်းဆောင် မသူဇာခိုင်က ရှင်းလင်းပြောပြသည်။

"လက်ရှိ ကျွန်မတို့ ထုတ်လုပ်ရောင်းချလျက်ရှိတဲ့ သဘာဝခရမ်းချဉ်သီးယိုနဲ့ တော်ဖီကို မြင်တွေ့နေရတဲ့အထုပ်ငယ်နဲ့ ဘူးတွေကိုအသုံးပြုထုပ်ပိုးစနစ်ပြုလုပ်ပြီး တစ်ထုပ်၊ တစ်ဘူးလျှင် ငွေကျပ် ၁၀၀၀ နဲ့ ရောင်းချပါတယ်။ ကျွန်မတို့ လုပ်ဆောင်သွားရမှာက ခရမ်းချဉ်ယို၊ တော်ဖီ သဘာဝအရသာစစ်စစ်ကို အခုထက်ပိုမိုတာရှည်စွာ အထားခံနိုင်ရေးနဲ့ ထုပ်ပိုးမှုစနစ်အဆင့်မြှင့်တင်ပေးတာတွေကို တိုးမြှင့်လုပ်ဆောင်သွားရဦးမှာ ဖြစ်ပါတယ်။

ထုတ်လုပ်ပြီးသွားတဲ့ စားကုန် ပစ္စည်းနှစ်မျိုးလုံးက သဘာဝအရသာမပျက် ခရမ်းချဉ်သီးရဲ့အရသာကို ခံစားရရှိနိုင်တာကြောင့် ကျွန်မတို့ ဒီနှစ် အင်းလေးဖောင်တော်ဦးဘုရားပွဲကို လာရောက်ခဲ့ကြတဲ့ ဧည့်သည်တွေက များစွာဝယ်ယူအားပေးခဲ့ကြတဲ့အတွက် ဒီလုပ်ငန်းက အောင်မြင်မှု အပြည့်အဝရရှိခဲ့ပြီး လူငယ်မောင်မယ်အဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ငွေတိုးစေတယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်"ဟု လူငယ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ မယဉ်ယဉ်ထွေးက ပြောသည်။





သို့ဖြစ်၍ ညောင်ရွှေ အင်းလေးဒေသ အတွင်းမှ ရေပေါ်အင်းခရမ်းချဉ်စိုက်ပျိုးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော ဒေသခံ အင်းသူအင်းသားများ၏ ခရမ်းချဉ်(ပေါင်) စိုက်ပျိုးရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုလာနိုင်မည့်အပြင် အင်းသားလူငယ်မောင်မယ် များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေကာ လူငယ်အများစုတို့ လေ့လာသင်ယူတတ်မြောက်ထားကြသည့် ခေတ်မီစိုက်ပျိုးရေး ထုတ်ကုန် အဆင့်မြှင့်ပြုလုပ်နည်းပညာများ ကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ရှေးနှစ်ပေါင်းများစွာက အသီးသက်သက်ကိုသာ ကုန်သွယ်လာခဲ့ကြရာမှ နောင်လာမည့် အနာဂတ်ကာလများ၌ အင်းလေးဒေသသို့ အလည်အပတ်ရောက်ရှိလာသူ နိုင်ငံခြားခရီးသွားဧည့်သည်များသာမက ပြည်တွင်းမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးက အင်းလေးဒေသထွက် ခရမ်းချဉ်သီးမှ တစ်ဆင့်မြှင့် သဘာဝအရသာစစ်စစ်၊ ကျန်းမာရေးကို မထိခိုက်စေသည့် အင်းခရမ်းချဉ်သီးယိုနှင့် ခရမ်းချဉ်သီးတော်ဖီတို့ကို အင်းလေးရောက် အမှတ်တရလက်ဆောင်များအဖြစ် အိမ်အပြန်ခရီးအတွက် ရယူသွားနိုင်ကြတော့မည်ဖြစ်သည်။ ။

# တောင်သူများအတွက် တစ်ကျော့ပြန် ဝင်ငွေတိုးစေမည့် ချည်မျှင်ရှည်ဝါ

**သတင်းဆောင်းပါး-ကျော်သူဝင်း**
**ဓာတ်ပုံ-သက်ထက်**

ယခုနောက်ပိုင်းနှစ်များတွင် တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်လာသည့် မိုးနှောင်းချည်မျှင်ရှည်ဝါများကို ပိုမိုစိတ်ဝင်တစားစိုက်ပျိုးလာကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် တပ်ကုန်းမြို့နယ်သည် ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုအများဆုံး မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံသည် မိုးရေချိန် ၂၀ လက်မမှ ၄၀ လက်မအတွင်း ဖြစ်ထွန်းအောင်မြင်သောသီးနှံဖြစ်သည့်အတွက် မိုးရေချိန်မျှတစွာရရှိသည့် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် မိုးကြို၊ မိုးရာသီနှင့် မိုးနှောင်းဟူ၍ စိုက်ပျိုးချိန် သုံးချိန်ရှိရာ တပ်ကုန်းမြို့၌ မိုးကြိုနှင့် မိုးရာသီတို့တွင် စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးရာသီ ပဲတီစိမ်းသီးနှံအပြီး မိုးနှောင်းရာသီ၌ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါသီးနှံကို မြို့နယ်၌ ၁၉၉၅ ခုနှစ်မှစ၍ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ စီမံကိန်းချကာ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုအချိန်က စိုက်ပျိုးသော သီးနှံဖြစ်သည့် ငွေချည် ၁၊ ၂၊ ၃၊ ၄၊ ၅ စသော ဝါမျိုးများသည် စုပ်စားပိုး၊ သီးလုံးဖောက်ပိုးများ၏ဒဏ်ကို ခံနိုင်ရည်မရှိခြင်း၊ ဆေးဖျန်းမှု ကုန်ကျစရိတ်များခြင်း၊ ကြွယ်ဝါပါဝင်မှုများခြင်း၊ တောင်သူများ စိုက်ပျိုးမှုတွင် ကျွမ်းကျင်မှုနည်းပါးခြင်းနှင့် အဓိကဈေးကွက်မရှိခြင်းစသည့် အခြေအနေများကြောင့် ဝါစိုက်တောင်သူများ စိတ်ဝင်စားမှုနည်းပါးကာ အခက်အခဲများစွာဖြစ်ခဲ့ရကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုနောက်ပိုင်းနှစ်များတွင် တောင်သူများသည် ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုများတွင် စိတ်ဝင်စားလာကာ စိုက်ပျိုးမှုများ သိသိသာသာတိုးတက်လာခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်တွင် ငွေချည်- ၆ ချည်မျှင်ရှည်ဝါကို ဝါနှင့် ပိုးချည်လုပ်ငန်းဌာနရှိ ခြံများမှ မျိုးသန့်မျိုးပွားထုတ်ယူ၍ ဝါစိုက်တောင်သူများအား ဖြန့်ဖြူးစိုက်ပျိုးပေးခဲ့ရာ တောင်သူများ စိတ်ဝင်တစားစိုက်ပျိုးလာကြောင်း သိရသည်။

ငွေချည်- ၆ ဝါ၏ ထူးခြားသော လက္ခဏာများမှာ ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေးအရှည်အသွေးနှင့် ဂွမ်းထွက်ကောင်းခြင်း၊ ဝါသီးနှံ အထွက်နှုန်းကို အဓိကထိခိုက်စေသည့် သီးလုံးဖောက်ပိုးဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ပိုးသတ်ဆေးစရိတ်သက်သာခြင်း၊ ပန်းရောင်သီးလုံးဖောက်ပိုးမှ ဖြစ်စေသော ကြွယ်ဝါနှင့် အရောင်အစွန်းကင်းခြင်း၊ ရေမြေဒေသနှင့် ကိုက်ညီမှုရှိခြင်း၊ ဝါပေါက်ညီညာခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းတို့ကြောင့် တောင်သူများတွက်ခြေကိုက်သော သီးနှံဖြစ်ကြောင်း သိရသည်။




ယခုအခါ တပ်ကုန်းမြို့နယ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးရန် ဧက ၈၅၀၀ လျာထားသတ်မှတ်ထားရာ ကျေးရွာအုပ်စု ၂၅ အုပ်စုတွင် ၉၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှစ်စဉ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တောင်သူများ စိုက်ပျိုးကြသော ဝါမျိုးကောင်းမျိုးသန့်များမှာ ငွေချည်- ၆၊ ရွှေတောင်- ၈၊ ငွေချည်- ၉ တို့ဖြစ်ကြပြီး အိန္ဒိယနိုင်ငံမှ Hybriol မျိုးဖြစ်သည့် RAKA မျိုးမှာလည်း တောင်သူများ စိတ်ဝင်စားပြီး အထွက်ကောင်းသည့် မျိုးဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် ချည်မျှင်ရှည်ဝါတစ်ဧက စိုက်ပျိုးလျှင် လုပ်အားခမပါ ငွေကျပ်နှစ်သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်း ပိဿာ ၄၀၀ ရရှိပါက ဝါတစ်ပိဿာ လက်ရှိပေါက်ဈေး ၁၁၀၀ ဖြင့်တွက်ပါက ငွေကျပ် ၄၄၀၀၀၀ ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ငွေကျပ်နှစ်သိန်းကျော် အနည်းဆုံးဝင်ငွေရရှိ မည်ဖြစ်သည်။

ဝါဝယ်ယူမှုတွင်လည်း မြို့ပေါ်ရှိကုန်သည်များမှ ဝါဝယ်ယူရေးဒိုင်များမှ ဖွင့်လှစ်ဝယ်ယူလျက်ရှိပြီး ကျေးရွာများသို့လည်း လက်ခွဲဝါဒိုင်များထား၍ ဝယ်ယူလျက်ရှိသည်။ ထို့အပြင် ယင်းဝယ်ယူပြီး ဝါများကိုလည်း မန္တလေးမြို့ စက်မှုဇုန်များရှိ အထည်စက်ရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

တပ်ကုန်းမြို့ဒေသတွင်း၌လည်း ဒဟတ်ကုန်းရွာတွင် ပုဂ္ဂလိက ဝါစက်ရုံတစ်ရုံနှင့် မြို့ပေါ်၌လည်း အသေးစား ဝါကြိတ်စက်ကလေးများထူထောင်ပြီး ဝယ်ယူကြိတ်ခွဲကာ ဝါဂွမ်းများကို မန္တလေးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် တပ်ကုန်းမြို့အတွင်းရှိ ဝါစိုက်တောင်သူများအတွက် ဝါစိုက်ပျိုးခြင်းဖြင့် ထွက်ရှိလာသော ဝါများကို ရောင်းချရာတွင်လည်း များစွာအဆင်ပြေလျက်ရှိကာ မိသားစုဝင်ငွေတိုးစေသည့် သီးနှံဖြစ်သောကြောင့် တစ်ကျော့ပြန်ပြန်လည် စိုက်ပျိုးသင့်ပါကြောင်း။ ။

# သွားဘက်ဆိုင်ရာဆရာဝန်အသင်း(မန္တလေး)မှ ဆရာဝန်များက သွားရောဂါဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းဆေးကုသပေး

**ကန့်ဘလူ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ရွှေတောင်ဦး အာယုဒါနသံဃာ့ဆေးခန်း၌ ဒေသခံ ရဟန်းရှင်လူ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါများကို သွားနှင့်ခံတွင်းရောဂါအထူးကုဆရာဝန်များက အောက်တိုဘာ ၂၁ မှ ၂၃ အထိ အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ရှိကြောင်း သိရသည်။

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီးအသင်းခွဲ) သွားနှင့်ခံတွင်းရောဂါ ကွင်းဆင်းကုသရေးအဖွဲ့မှ ဒေါက်တာဝင်းမောင်မောင်၊ ဒေါက်တာခင်လှဲ့လှဲ့တို့ ဦးဆောင်သည့် သွားဆရာဝန် ၂၀ တို့က ကွင်းဆင်းဆေးကုသပေးခဲ့ခြင်းဖြစ်သည်။



ကွင်းဆင်းကုသရေးအဖွဲ့သည် လူနာတစ်ဦးချင်း၏ သွားနှင့်ခံတွင်းကျန်းမာရေးကို စစ်ဆေးပေးပြီး ဝေဒနာရှင်များ၏ ရောဂါအလိုက် သွားနုတ်ပေးခြင်း၊ သွားဖာခြင်း၊ သွားမြစ်ကုသခြင်း၊ သွားနှင့်ခံတွင်းသန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ သွားစိုက်ခြင်းနှင့် သွားနှင့်သွားဖုံးရောဂါကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

သွားနှင့်ခံတွင်းကျန်းမာရေးကုသခြင်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ရွှေတောင်ဦးတိုက်သစ် သီရိမင်္ဂလာကန်တော်ဦးကျောင်းတိုက် ဆရာတော်၊ ဂေါပကအဖွဲ့နှင့် တပည့်သာဝကများ၊ ရွှေတောင်ဦး အာယုဒါနသံဃာ့ဆေးခန်းမှ ဆရာဝန်များနှင့် ဆရာဆရာမများ၊ ကန့်ဘလူမြို့မှ လူငယ်ပရဟိတအဖွဲ့များ၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာနေမိုး၊ သွားဆရာဝန် မောင်မောင်တင့်လွင်နှင့် ကျန်းမာရေးဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ခင်ဦးမြို့နယ်အတွင်းမှ တီဘီသံသယလူနာများအား ရွှေ့လျားအဖွဲ့ဖြင့် ကွင်းဆင်းရှာဖွေကုသ

**ခင်ဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ တီဘီရောဂါ သံသယရှိသူများကို တိုင်းဒေသကြီး ရွှေ့လျားတီဘီရောဂါရှာဖွေရေး



အဖွဲ့က အောက်တိုဘာ ၁၇ ရက်မှစ၍ ကွင်းဆင်းရှာဖွေကုသပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေ့လျားတီဘီရောဂါရှာဖွေရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ကျော်ဦးနှင့် အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေါက်တာအောင်ကျော်ဦးက တီဘီလက္ခဏာများအကြောင်းကို ရှင်းလင်းပြောကြားပြီး တီဘီရောဂါသံသယရှိသူများကို ရှာဖွေဖော်ထုတ် ကုသပေးနေခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်တွင် ညောင်ပင်ကြီးစုတိုက်နယ်အတွင်းမှ သံသယရှိသူ ၁၅၉ ဦးကိုလည်းကောင်း၊ ၁၈ ရက်တွင် မြင်းဒေါင်းကျေးလက်ကျန်းမာရေးဌာန၌ အခြေပြု၍ သံသယရှိသူ ၁၇၆ ဦးကိုလည်းကောင်း၊ ၁၉ ရက်တွင် မဒေါင်းလှကျေးလက်ကျန်းမာရေးဌာန၌ အခြေပြု၍ သံသယရှိသူ ၉၉ ဦးကိုလည်းကောင်း၊ ၂၀ ရက်တွင် ရွာစဉ်တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ သံသယရှိသူ ၁၅၃ ဦးကိုလည်းကောင်း၊ ၂၁ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ သံသယရှိသူ ၁၇၆ ဦးကိုလည်းကောင်း၊ စုစုပေါင်း ၇၆၃ ဦးတို့ကို ရင်ဘတ်ဓာတ်မှန်ရိုက်၍စစ်ဆေးခြင်းနှင့် သလိပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဆိုပါ တီဘီရောဂါသံသယရှိသူ ၇၆၃ ဦးအား စစ်ဆေးရာတွင် လူကြီးတီဘီရှိသူ ၅၉ ဦးနှင့် ကလေးတီဘီရှိသူ ခြောက်ဦးတို့ကို တီဘီဆေးကုသမှု စတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## မောင်တောဒေသမှ ပြည်သူများအားထောက်ပံ့ရန် အလှူခံဌာန စတင်ဖွင့်လှစ်ထား

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က ဖြစ်ပျက်ခဲ့သည့် အကြမ်းဖက်မှုများကြောင့် စားဝတ်နေရေး အခက်အခဲဖြစ်နေသည့် ဒေသခံ တိုင်းရင်းသားကျေးရွာများမှ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် ပုဏ္ဏားကျွန်းမြို့နယ် ကူညီထောက်ပံ့ရေးအဖွဲ့က မြို့မစေတီမော်ရုံ၌ အလှူခံဌာနကို အောက်တိုဘာ ၂၁ ရက်က စတင်ဖွင့်လှစ်၍ အလှူခံလျက်ရှိကြောင်း သိရသည်။

အလှူခံဌာန ဖွင့်လှစ်သည့်အချိန်မှစ၍ စေတနာရှင်ပြည်သူများက အလှူငွေနှင့် ဆန်အိတ်များ လာရောက် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း၊ အလှူငွေ ကောက်ခံရေးအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ကောက်ခံရရှိသော အလှူငွေများနှင့် ဆန်အိတ်များကို စားဝတ်နေရေးခက်ခဲနေသော မောင်တောခရိုင်မှ ကျေးရွာများသို့ သွားရောက်ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း အဖွဲ့ဝင် ဦးမောင်လှအောင်ထံမှ သိရသည်။

**သူ(ပုဏ္ဏားမြီ)**

## ကျေးလက်နေအိမ်ထောင်စု ၂၄၆ စုအတွက် ဆောင်ရွက်ပေးခဲ့သော မြေငှားဂရန်များ လက်ရောက်ထုတ်ပေး

**မိုင်းဖုန်း အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာမှ ဒေသခံပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များကို အောက်တိုဘာ ၂၁ ရက်က အဆိုပါကျေးရွာရှိ ရှမ်းကျောင်းဓမ္မာရုံ၌ အခမ်းအနားပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်နှင့် တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့က ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဝမ်ပုံကျေးရွာ အကွက်ကြီး အမှတ်(၁)ရေိယာအတွင်းမှ ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ၆၅ ဦး၊ အကွက်ကြီးအမှတ်(၂)ရေိယာအတွင်းမှ ကျေးရွာမြေငှားဂရန် လျှောက်ထားသူ ၁၁၁ ဦး၊ အကွက်ကြီးအမှတ်(၃)ရေိယာအတွင်းမှ ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ၂၈ ဦး၊ အကွက်ကြီးအမှတ်(၅)ရေိယာအတွင်းမှ ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ၄၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၂၄၆ ဦးတို့အား တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များ လက်ရောက်ထုတ်ပေးခဲ့သည်။

ကျေးရွာနေပြည်သူများ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေပြီး ပိုင်ဆိုင်မှုအာမခံချက်တစ်ခုဖြင့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ကျေးရွာမြေငှားဂရန် လျှောက်ထားသူများကို မြေငှားဂရန်များပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန် လျှောက်ထားချက်အပေါ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထွက်ဆိုချက်များရယူခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီးမှ ဝမ်ပုံကျေးရွာရှိ မြေငှားဂရန်လျှောက်ထားသူများအား မြေငှားဂရမ်များ လက်ဝယ်အရောက် လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ကျောင်းစာကြည့်တိုက်များသို့ စာအုပ် ၅၀၀၀ ကျော်လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းမှ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၀ ကျော်အတွက် စာပေရေချမ်းစင် စာအုပ်နှင့် မဂ္ဂဇင်းစာအုပ်မျိုးစုံ စုစုပေါင်း အုပ်ရေ ၅၀၀၀ ကျော်ကို တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်မှ ပညာရေးမှူးရုံးမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းသားလူငယ်များ ကျောင်းစာအပြင် ပြင်ပ ဗဟုသုတစာပေများကိုပါ လေ့လာနိုင်စေရန်၊ အသိပညာတိုးပွားစေရန်နှင့် အမှားအမှန် ဝေဖန်ပိုင်းခြားတက်စေရန် ရည်ရွယ်လျက် ကျောင်းသားလူငယ်များ ဖတ်သင့်သည့်စာအုပ်များကို ရွေးချယ်၍ ယခုလို ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းခြင်းဖြစ်ကြောင်း တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါ်စုစုမြိုင်က ပြောကြားသည်။

**လှလှ**

## ကျောင်းသား ကျောင်းသူများ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၂၃**

ကျိုက်ထိုမြို့နယ်အတွင်းမှ ကျောင်းနေရွယ်ကလေးငယ်များ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာဖတ်စာမှတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုန်းပြိုင်ပွဲ၊ ကျဘန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကွင်းဆင်းကျင်းပပေးလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်က ဖက္ကလိပ်ကျေးရွာအုပ်စု ကြာဖြူကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းမော်က ပြိုင်ပွဲပြုလုပ်သည့်ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် သတ္တမတန်း ကျောင်းသားအုပ်စုနှင့် ကျောင်းသူအုပ်စုများက အဖွဲ့လိုက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**



## သတင်းတိုများ

### မချမ်းဘော၌ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း ပညာပေးဟောပြော

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အတွင်း ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မချမ်းဘောမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေဖြိုးဇော်က ဇီကာဗိုင်းရပ်စ်ရောဂါ၏ ဆိုးကျိုးများအကြောင်းကို ဟောပြောပွဲတက်ရောက်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### ရေပေးဝေရေးလုပ်ငန်းအဆင်ပြေစေရန် ရေဘားအသစ်လဲလှယ်တပ်ဆင်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင်း ရေပေးဝေရေးလုပ်ငန်း အဆင်ပြေစေရန်အတွက် ရေဘားအသစ် တပ်ဆင်လဲလှယ်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သိန်းသိန်းတင့်က ကြီးကြပ်၍ လွိုင်လင်မြို့ ရပ်ကွက်(၄) ဘုရင့်နောင်လမ်းနှင့် မွေတော်လမ်းဆုံတွင် ရေဘားအသစ် တပ်ဆင်ခြင်းနှင့် ရေဘားအိမ်တည်ဆောက်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၁ ရက်က စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီအတွင်း ၅ မိနစ် ထက်ကျော်သွားတဲ့ ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT ရွှေ့သို့လှမ်းချီ မြန်မာပြည်
မိဘပြည်သူများ ပိုမိုသုံးစွဲနိုင်ရန်အတွက်
အောက်တိုဘာလ (၃၁)ရက်နေ့ထိ သက်တမ်းထပ်မံတိုးမြှင့်လိုက်ပါပြီ။
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူအားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်းကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး၊ ၁၀ မိနစ်ဆက်တိုက်ပြောရင်လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ်(မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday


HITACHI
Inspire the Next
SECURITY
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
ကမ္ဘာလောကကြီးသည် ယခင်ထက် ပိုမိုပြီးဆက်သွယ်ချိတ်ဆက်မှုများ တိုးပွားလျက်ရှိပါသည်။ အမျိုးမျိုးသော ကွန်ယက်ချိတ်ဆက်မှုစနစ်များမှတဆင့် အခွင့်အလမ်းသစ်များ၊ အားသာချက်၊ အားနည်းချက်များ ပေါ်ထွက်လာလျက်ရှိသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ထိုဖြစ်ရပ်များထဲမှ မတော်တဆတိုက်ခိုက်မှုများပေါ်ပေါက်လာပါက မည်သို့တားဆီးနိုင်မည်နည်း.... Hitachi အနေဖြင့် အင်တာနက်ခေတ်၏ ခြိမ်းခြောက်မှုများကို ကာကွယ်တုံ့ပြန်နိုင်မည့် တိကျခိုင်မာသော လုံခြုံမှုဆိုင်ရာဖြေရှင်းချက်များကို ပူးပေါင်းဖန်တီးလျက်ရှိပါသည်။ အဆိုပါအချက်အလက်များသည် လူမှုဘဝတွင်ဆန်းသစ်မှုအနာဂါတ်ကို အရှိန်အဟုန်မြှင့်တင်ရင်း စစ်မှန်သည့်လူမှုပတ်ဝန်းကျင်များကို ကာကွယ်ပေးထားသည့် Hitachi ၏ နည်းလမ်းပင် ဖြစ်ပါသည်။
social-innovation.hitachi
Hitachi Social Innovation

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ **လိုအပ်သောအရည်အချင်း-**

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများတွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဃ) အခြေခံပညာသင်တန်း(၈တန်း၊ ၉ တန်း၊ ၁၀ တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူ ဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါ ဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲ သင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈တန်း၊ ၉တန်း၊ ၁၀တန်း)ကို ခက်ခဲဒေသတွင် (၃) နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်။

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်း) (၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးပါက မိမိဒေသတွင် (၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို ၁၁-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်။

၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသောလျှောက်လွှာများနှင့် အမှတ်စာရင်းများကို ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ဆေးတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေး အဖွဲ့မှစိစစ်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ။)**

၈။ အကယ်၍ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၃၉နှင့်၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ (၈၂၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

ဓာတ်ပုံ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
## (၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) -------------------- ------------------------------ကျား ☐ မ ☐
(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်) ------------------------------

၄။ လူမျိုး --------------------ကိုးကွယ်သည့်ဘာသာ --------------------

၅။ ဖခင်အမည် --------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------
အလုပ်အကိုင် ------------------------------

၆။ မိခင်အမည် --------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------
အလုပ်အကိုင် ------------------------------

၇။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် -------------------- စာစစ်ဌာန --------------------

၈။ အောင်မြင်သည့်ခုနှစ် ------------------------------

၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့်ကျောင်းနှင့်မြို့နယ် ------------------------------

၁၀။ အမြဲနေထိုင်သောလိပ်စာ ------------------------------
------------------------------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် ------------------------------
------------------------------

၁၂။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ ။ ------------------

------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များမှန်ကန်ကြောင်းတာဝန်ယူလက်မှတ်ရေးထိုးပါသည်။

**ရက်စွဲ ။------------------**

------------------
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၏ စိုက်ကွင်းများ အကျိုးတူငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများ (Expression of Interest-EOI)အား

## ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးကုန်ကြမ်းစိုက်ကွင်း (ပြင်ဦးလွင်)ရှိ ပွေးတောင်နှင့် ပွဲကောက်စိုက်ကွင်းများကို ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူငှားရမ်းခြင်း အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ(EOI)အား စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်သို့ လိပ်မူလျက် ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၈ရက် ညနေ ၄း၀၀နာရီအရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI) ပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ပြည့်စုံစွာယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၅-၁၀-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာ အထောက်အထား**

**-သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်**

**-ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း**

**(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၀၆၇-၄၀၈၃၉၂)**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန (စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များသက်တမ်းတိုးရန် နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှထုတ်ပေးထားသော ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသည် **၂၀၁၆ခုနှစ် ဒီဇင်ဘာ ၃၁ ရက်**တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ(၁၁၉)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန်လိုအပ်ပါသည်။

၂။ ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၁၆ရက်မှ ၃၁-၁၂-၂၀၁၆ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့်သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၁၇ ရက်မှစတင်ကာ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ (၂)ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရန် နှိုးဆော်အပ်ပါသည်-

(က) သတ်မှတ်ပုံစံဖြင့် လျှောက်လွှာ
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောမူရင်းလိုင်စင်၊
(ဂ) သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိမှတ်တမ်းဓာတ်ပုံများ၊
(ဃ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

၄။ **သက်တမ်းတိုးပျက်ကွက်ပြီး သက်တမ်းပြတ်နေသည့် သိုလှောင်ခွင့်လိုင်စင်များအား ယခုနှစ်တွင် သက်တမ်းတိုးဆောင်ရွက်မှုမရှိပါက စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်အား ပယ်ဖျက်သွားမည်ဖြစ်ပါသည်။**

**စစ်ဆေးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၉၃၇၆**

---

## ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) အတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI) တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**

(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံး စာစီစာရိုက်သင်တန်း [သင်တန်းကာလ (၁)လ]
(ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း [သင်တန်းကာလ(၁)လ]
(ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း [သင်တန်းကာလ (၁)လ]

၂။ လျှောက်ထားသူသည်-

(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**

၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်

**သင်တန်းနေရာ**

ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့။

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈
(လျှောက်လွှာများကို ၄-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။)

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ

## ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ(ပုဂ္ဂလိကဝန်ထမ်း)အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ **စတင်၍ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ အချိန်ပြည့် (၄)လ ကြာမြင့်မည် ဖြစ်ပါသည်။**

၂။ **ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ ပုဂ္ဂလိကဝန်ထမ်းများ လျှောက်ထားနိုင်ပါသည်-**

**(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊**
**(ခ) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်၊**
**(ဂ) စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် (၂) နှစ်ရှိကြောင်း သက်ဆိုင်ရာ ပြင်ပကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ထောက်ခံသူဖြစ်ရမည်၊**
**(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။**

၃။ **သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်ချက်စာစောင်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊** ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ **လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်** ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဝယ်ယူနိုင်ပါသည်။ **သင်တန်းဝင်ခွင့်လျှောက်လွှာတွင် မိမိတက်ရောက်လိုသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို ဖော်ပြ၍ သတ်မှတ်စာမေးပွဲဝင်ကြေးငွေ ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း) နှင့်အတူ လျှောက်လွှာဝယ်ယူခဲ့သည့်နေရာများသို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်မှာ ၁၁-၁၁-၂၀၁၆ ရက်နေ့ ဖြစ်ပြီး သတ်မှတ်ရက်ထက် ကျော်လွန်ပေးပို့လာသည့် လျှောက်လွှာများကို စဉ်းစားပေးမည်မဟုတ်ပါ။ လျှောက်လွှာကို စာတိုက်မှတစ်ဆင့် ပေးပို့ပါက စာမေးပွဲဝင်ကြေးငွေပေးသွင်းရမည့် နည်းလမ်းကို ကြော်ငြာပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။**

၄။ **လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၇၀၂/လေ့ကျင့်ရေး(အဓိက)၂၀၁၆ ဖြင့် ထုတ်ပြန်ထားသော ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာသင်တန်းများ (ပုဂ္ဂလိကဝန်ထမ်း) အတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။**

၅။ **ဝင်ခွင့်စာမေးပွဲကို** နေပြည်တော် စာစစ်ဌာနတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

| ဖြေဆိုရမည့်ရက် | ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၉-၁၁-၂၀၁၆(စနေနေ့) | မြန်မာစာ | ၀၉ : ၀၀ နာရီမှ ၁၁ : ၀၀နာရီ |
| ၁၉-၁၁-၂၀၁၆(စနေနေ့) | အင်္ဂလိပ်စာ | ၁၂ : ၀၀ နာရီမှ ၁၄ : ၀၀နာရီ |
| ၂၀-၁၁-၂၀၁၆(တနင်္ဂနွေနေ့) | သုတရေးရာ | ၀၉ : ၀၀ နာရီမှ ၁၁ : ၀၀နာရီ |

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၇-၁၁-၂၀၁၆ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် ထုတ်ပေးမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသဖြင့် စစ်ဆေးမှုခံယူရမည့်သူများ အမည်စာရင်းနှင့် နေ့ရက်၊ အချိန်တို့ကို ဝင်ခွင့်ရေးဖြေစာမေးပွဲအောင်မြင်သူများ အမည်စာရင်း ထုတ်ပြန်သည့်အခါ ဖော်ပြပါမည်။

၈။ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်၊ စာမေးပွဲကြေး၊ ဘွဲ့နှင်းကြေး စသည်များကို လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်စာစောင်တွင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာတက္ကသိုလ်သို့ ပေးသွင်းရပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၁၆၉၊ ၀၆၇-၄၀၉၀၅၂၊ ၀၆၇-၄၀၉၄၃၀) နှင့် ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (တယ်လီဖုန်းအမှတ်-၀၁-၅၄၇၅၃၁)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) (တယ်လီဖုန်းအမှတ်- ၀၁-၆၂၆၀၆၇၊ လိုင်းခွဲ-၂၂၁) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)(တယ်လီဖုန်းအမှတ်- ၀၂-၅၀၂၇၄)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** များဖြစ်သော **ucsb.imis.com.mm** နှင့် **www.ucsb.gov.mm** တွင်လည်း ဖော်ပြထားပါသည်။

---

## CLAIMS DAY NOTICE

## M.V HOEGH CHENNAI VOY: NO (28)

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO(28) are here by notified that the vessel will arrive on about 25-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE

## M.V VENUS LEADER VOY: NO (62)

Consignees of cargo carried by M.V VENUS LEADER VOY: NO(62) are here by notified that the vessel will arrive on about 25-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ မြေကွက်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ် တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

Lot (1) (က) မြေ(၀ဒသမ၂၉)ဧကရှိသောမြေ (၁)ကွက်၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

| | | |
|---|---|---|
| (ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၄-၁၀-၂၀၁၆ရက်မှ ၁-၁၁-၂၀၁၆ရက်ထိ |
| **အချိန်** | | နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| (ဂ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** | - | ၃-၁၁-၂၀၁၆ရက် ၁၂း၀၀နာရီ၊ ရုံးအမှတ် (၅၂) |
| (ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၃-၁၁-၂၀၁၆ရက် မွန်းလွဲ ၁၃း၀၀နာရီ |
| (င) **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |
| (စ) **Deposit ပေးသွင်းရမည့်နေရာ** | - | ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ |
| (ဆ) **စာရင်းပေးသွင်းရမည့်နေရာ** | - | ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၅၂)၊ နေပြည်တော် |

၂။ အဆိုပါမြေကွက်၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၅၇-၂၄၃၁၈၊ ၂၄၈၀၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်းအမှတ်စဉ် (၄)

## သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်းအမှတ်စဉ်(၄)ကို ၇-၁၁-၂၀၁၆ရက်မှ ၂၈-၁၂-၂၀၁၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသက် (၁၈)နှစ်ပြည့်ပြီး အနည်းဆုံးအခြေခံပညာ အလယ်တန်းအဆင့်အောင်မြင်ပြီးသူ၊
(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းအား စိတ်ပါဝင်စားသူ၊
(ဂ) သင်တန်းမှ ချမှတ်ထားသောစည်းကမ်းချက်များအား လိုက်နာပြီး အချိန်ပြည့် တက်ရောက်နိုင်သူ။

သင်တန်းကာလ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းဆိုင်ရာ အချက်အလက်များကို သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ အမှတ် (၆၄)၊ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၇၉၁၄၊ ၀၁-၆၅၇၀၁၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** - သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ လိုအပ်ပါကလည်း သင်တန်းဆင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။
- နယ်ဝေးမှ သင်တန်းသား သင်တန်းသူများအတွက် နေထိုင်မှုစီစဉ်ပေးပါမည်။
- သင်တန်းကြေး ၅၀၀၀၀ိ/-

---

## ဦးဘိုကျော် (အုပ်ချုပ်မှုဒါရိုက်တာ)၊ PW & GG Co., Ltd အမှတ် (ဘီ-၅/၁)၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် PW & GG Co., Ltd. (ယခင် PW & GG Joint Venture Co., Ltd.) ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှတ် (၁-ဆ/၄၀)၊ အကွက်အမှတ် (၁၄)၊ နှင်းဆီလမ်း၊ မြင်သာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တို့

## သိရှိစေရန်ကြေညာခြင်း

လူကြီးမင်းတို့သည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၃၊ ရန်ကုန်မြို့မှ ဘဏ်ချေးငွေတစ်ရပ်ကို ၁၈-၁၁-၁၉၉၈ရက်တွင် စတင်ချေးယူခဲ့ပြီး ယနေ့ထိတိုင် အရင်းအတိုးပြေကျေစွာ ပေးဆပ်ရန်ပျက်ကွက်နေပါသည်။ လူကြီးမင်းတို့၏ ပျက်ကွက်မှုအပေါ် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အကြိမ်ကြိမ်နှိုးဆော် တောင်းခံခဲ့သော်လည်း လူကြီးမင်းတို့သည် ဘဏ်ချေးငွေများ ပြေကျေစွာ ပေးဆပ်ရန် ဆက်လက်ပျက်ကွက်နေပါသဖြင့် ပေးဆပ်ရန်ကျန်ရှိသော အရင်းအတိုးများကို ဤနို့တစ်စာပါသည့်ရက်မှ နှစ်ပတ်အတွင်းပေးဆပ်ပါရန်နှင့် ထပ်မံပျက်ကွက်ပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၃)၊ ရန်ကုန်မြို့**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာ(၁)နှစ်သင်တန်းများ ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာ (၁)နှစ်သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(က) ဘွဲ့လွန်အနုပညာဒီပလိုမာ(ဂီတ)(သဘင်)(ပန်းချီ)(ပန်းပု)(ပန်းထိမ်)
(ခ) ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ
(ဂ) ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ
(ဃ) ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ

၂။ အထက်ပါသင်တန်းများ၏ တက်ရောက်ရမည့် ပညာအရည်အချင်းမှာ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး သင်တန်းအချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄း၃၀ နာရီအထိ ဖြစ်ပါသည်။

၃။ သင်တန်းများစတင်ဖွင့်လှစ်မည့်ရက်မှာ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းများနှင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း ၁၄-၁၁-၂၀၁၆၊ ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာ (နိုဝင်ဘာလပထမပတ်)၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ ၂၁-၁၁-၂၀၁၆ တို့ဖြစ်ပါသည်။

၄။ ပေးအပ်မည့် ဒီပလိုမာများမှာ-

(က) Postgraduate Diploma in (Music)/ (Dramatic Arts)/(Painting)/(Sculpture)/(Smith)
(ခ) Postgraduate Diploma in Applied Archaeology
(ဂ) Postgraduate Diploma in Museology
(ဃ) Postgraduate Diploma in Library Management

၅။ သင်တန်းဖွင့်လှစ်မည့်နေရာများမှာ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့တွင် ဖွင့်လှစ်ပါမည်။ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်းကို ရှေးဟောင်းနည်းပညာသင်တန်းကျောင်း၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးတွင် ဖွင့်လှစ်ပါမည်။ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်/ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

၆။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၁/ဈ၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဝယ်ယူလျှောက်ထားကြရမည်ဖြစ်သည်။

၇။ လျှောက်လွှာပိတ်ရက်များမှာ ဘွဲ့လွန်အနုပညာဒီပလိုမာများနှင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ ၁၃-၁၁-၂၀၁၆ ၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ ၁-၁၁-၂၀၁၆၊ ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာ ၇-၁၁-၂၀၁၆ ရက်များဖြစ်သည်။

၈။ အသေးစိတ်အချက်အလက်များအားသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄ နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၂၆၉/၄၀၁၈၄၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)ဖုန်း-၀၅၃-၂၈၆၁၂၊ ၀၅၃-၂၄၆၈၈၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၄၂၅၊ ၄၁၈၄၂၆၊ ၄၁၈၄၂၇၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖုန်း-၀၁-၆၆၃၉၀၂၊ ၀၉-၄၂၁၁၂၈၀၆၁ နှင့် အမျိုးသားပြတိုက် (ရန်ကုန်) ဖုန်း-၀၁-၃၇၈၆၅၂ သို့ စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)**

# Y.C.D.C လိုင်စင်ရ အဆောက်အအုံ ကန်ထရိုက်တာများအသင်း
## အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် အသင်းစတင်တည်ထောင်ခြင်းအခမ်းအနား ဖိတ်ကြားခြင်း

၁။ အခမ်းအနားသို့ (က)လိုင်စင်ရ ကန်ထရိုက်တာများ၊ (ခ)ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်များ/ ဒါရိုက်တာများ၊ (ဂ)ဆောက်လုပ်ရေး ပညာရှင်များ၊ ( င)အသင်းသားအဖြစ် လျှောက်ထားပြီးသူများ၊ (စ)စာနယ်ဇင်း၊ သတင်းမီဒီယာများ မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ အသင်းဝင်ကြေး (၁)သိန်းတိတိအား (က)ထွန်းဆောက်လုပ်ရေး ရုံးအမှတ်(၄၅၆) ဒုတိယထပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်နှင့် (ခ)တော်ဝင်မြန်မာဆောက်လုပ်ရေးရုံးအမှတ်(၂၀၄)၊ ဒုတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ၂၅-၁၀-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းကြပါရန်နှင့် အသင်းဝင်ကြေးပေးသွင်းပြီးသူများသာ မဲပေးနိုင်မည်ဖြစ်ပါသည်။

၃။ ရွေးချယ်ပွဲနှင့်အသင်းတည်ထောင်ခြင်း အခမ်းအနားအစီအစဉ်

**နေ့ရက်** - ၂၆-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) **အချိန်** - မွန်းလွဲ ၁း၀၀ မှ ၅း၀၀ နာရီအထိ
**နေရာ** - Dolphin Restaurant
(နတ်မောက်လမ်း၊ မြေပဒေသာကျွန်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ကြေးရုပ်အနီး)
**အခမ်းအနား (၁း၀၀)တိတိတွင် စတင်မည်ဖြစ်၍ ကြိုတင်နေရာယူပေးပါရန်။**
**ဆက်သွယ်ရန်** - ၀၉-၇၇၇၇၅၀၅၆၉၊ ၀၉-၇၇၇၇၅၀၅၆၈၊ Contractorassociation. ygn@gmail.com

**လိုင်စင်ရကန်ထရိုက်တာများအသင်း (ယာယီ)**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် Equipment Ware House (80m x17m)(၁)လုံး (ဆက်စပ်လုပ်ငန်းများအပါအဝင်)နှင့် Penstock Workshop (22m x50m) (၁)လုံး (ဆက်စပ်လုပ်ငန်းများအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** | - | ၂၄-၁၀-၂၀၁၆ ရက် ၀၉း၃၀ နာရီ |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** | - | ၂၈-၁၀-၂၀၁၆ ရက် ၁၆း၃၀ နာရီ |
| **Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန်** | - | ၁၁-၁၁-၂၀၁၆ရက် ၁၅း၀၀ နာရီ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

# အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်မောင်ကျော်မြင့်ဦး ၁၂/ရကန(နိုင်)၀၆၇၄၂၅ နှင့် မခိုင်ခင်ဦး ၁၄/မအပ(နိုင်) ၁၈၀၁၉၈ တို့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင် မခိုင်ခင်ဦးနှင့် လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ကျော်မြင့်ဦး ၁၂/ရကန(နိုင်)၀၆၇၄၂၅**

# ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့ လွယ်ဂျယ်ဈေးဆောက်လုပ်ရန်အတွက် အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့၊ လွယ်ဂျယ်ဈေးမြေနေရာ ၂ဒသမ ၅၇၆ ဧကပေါ်တွင် မူလဈေးဟောင်းအား ဖျက်သိမ်း၍ ဈေးသစ်ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ပါသဖြင့် တည်ဆောက်မည့်ပုံစံများနှင့် ဆောင်ရွက်မည့်အစီအစဉ်များအား အဆိုပြုတင်ပြရန် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးဆောက်လုပ်ခြင်းခွင့်ရရှိသူ လုပ်ငန်းရှင်မှ (၁၀၀%)ရင်းနှီးမြှုပ်နှံ၍ အပြီးတည်ဆောက်ရမည်ဖြစ်ပြီး ဈေးဆိုင်ခန်းများ တည်ဆောက်ပြီးစီးပါက လွယ်ဂျယ်မြို့စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂၅-၁၀-၂၀၁၆ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၂၅-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄။

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

# သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ရဲစုကြီးနေ ဦးညွန့်လွင် ၁၂/မဘန(နိုင်)၀၂၄၁၉၁ ၏သား မောင်အောင်ကျော်ညွန့် ၁၂/မဂဒ(နိုင်)၁၅၃၉၃၈ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးညွန့်လွင် ၁၂/မဘန(နိုင်)၀၂၄၁၉၁**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် (၂၉)ရပ်ကွက်၊ အိမ်အမှတ် ၄၇၁၊ ဦးထွန်းမြင့်လမ်းနေ ကျွန်တော်ဦးငြိမ်းလှိုင်-ကျွန်မဒေါ်ခင်အုန်းမြင့်တို့၏သား မောင်မျိုးသူ ၁၄/ဟသတ(နိုင်)၀၀၁၁၅၄ သည် မိဘတို့၏ဆုံးမစကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးငြိမ်းလှိုင် ၁၂/သကတ(နိုင်)၀၁၄၁၁၅**
**ဒေါ်ခင်အုန်းမြင့် ၁၂/သကတ(နိုင်)၀၀၉၀၇၅**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိနေပါ၍ သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | ခန့်ထားမည့်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | သိုလှောင်ရုံမှူး-၂ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၅ ဦး (ကျား) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ |
| ခ | စစ်ဆေးရေးမှူး-၂ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၈ ဦး (ကျား/မ) | B.E, B.Tech(Mechanical, Electrical, Electronics, Mechtronic) ရရှိထားသူများနှင့်အနိမ့်ဆုံး A.G.T.I Diploma (Mechanical, Electrical, Electronics, Mechtronic) အောင်လက်မှတ်ရရှိထားသူဖြစ်ရမည်။ |
| ဂ | စာရင်းကိုင်-၃ ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ ဦး (ကျား/မ) | ဝါဏိဇ္ဇဘွဲ့(B.Com) (သို့)စာရင်းကိုင်ပညာဘွဲ့(B.Act)ရရှိထားသူဖြစ်ရမည်။ |
| ဃ | စက်မှုကျွမ်းကျင်-၄ ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၃ ဦး (ကျား) | T.H.S အောင်လက်မှတ်ရရှိထားသူ(သို့) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီး အစိုးရအသိအမှတ်ပြု စက်မှုကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၁၁-၂၀၁၆ ရက်တွင် အသက် (၃၀) ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

၃။ စစ်ဆေးရေးမှူး-၂ ရာထူးအတွက် လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများ ဦးစားပေးမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ၂၇-၁၀-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အထိ ဝယ်ယူရရှိနိုင်ပြီး လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါ တစ်ပါတည်းယူဆောင်လာရမည်-

(က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ Diploma အောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်
(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(င) မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးတွင် မှတ်ပုံတင်ထားသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)
(စ) လိုင်စင်ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

၅။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ကိုမြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်း အမှတ် MD-၀၁၀၉၇၀၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဆောင်ရွက်ပေးမှုအတွက် ရငွေများ ငွေစာရင်းခေါင်းစဉ်ဖြင့် ပေးသွင်းရပါမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်သို့လိပ်စာတပ်၍လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ ၁၆-၁၁-၂၀၁၆ ရက် နောက်ဆုံးထားပြီးလျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသောလျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၄)ပါ အထောက်အထားများပါရှိသောလျှောက်လွှာကို သက်ဆိုင်ရာ ဌာနအကြီးအကဲမှ တစ်ဆင့် ဤဦးစီးဌာနသို့ ၁၆-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ကြိုတင် ပေးပို့ရန်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၁၉-၁၁-၂၀၁၆ ရက်တွင် ဖြေဆိုမည်ဖြစ်ပြီး ၁၇-၁၁-၂၀၁၆ ရက်မှစ၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်များကို ထုတ်ပေးပါမည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။

၉။ ဖြေဆိုမည့်နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့် မိတ္တူများတစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စီမံရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၆၃၂၂၊ ၀၆၇-၄၀၆၁၁၆ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

# မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း
## အလုပ်အမှုဆောင်အဖြစ်ဆောင်ရွက်ရန် အဆိုပြုနိုင်ကြောင်း ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ (၂၀၁၇-၂၀၁၉)ခုနှစ်အတွက် အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲအား ၃-၁၂-၂၀၁၆ ရက် (စနေနေ့) တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၂၀၁၇-၂၀၁၉) ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့အား ဖွဲ့စည်းနိုင်ရန် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသည့် အသင်းဝင်များအနေဖြင့် အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်ရွေးချယ်ခံနိုင်ကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် ၂၀-၁၀-၂၀၁၆ ရက်မှစတင်၍ မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း (MCTA) ရုံး၊ အမှတ် (၇၈/၈၂)၊ အခန်း ၃၀၂ တတိယထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အဆိုပြုလွှာများကို ထုတ်ယူနိုင်ပြီး ၉-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြပါရန် အသိပေးအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၀၂၅၂၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်သစ်**
**ရွေးချယ်တင်မြှောက်ရေးကော်မရှင်**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာအတွင်းနေ ဦးမြင့်သူထွန်း-ဒေါ်မိမော်မော်အောင်တို့၏သား မောင်အောင်ချမ်းမြေ့ ၁၂/သဃက(နိုင်)၁၇၃၇၃၀ သည် မိဘတို့အား စိတ်ဆင်းရဲစေသောအပြုအမူမျိုးကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးမြင့်သူထွန်း ၁၂/လမန(နိုင်)၀၁၉၀၇၄**
**ဒေါ်မိမော်မော်အောင် ၁၂/ကမရ(နိုင်)၀၀၄၁၅၉**

# ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/9036 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

Tsh Lee Gold

ယုဇနပလာဇာအနီး

စိန်ရွှေရတနာဆိုင် "တာမွေဆိုင်ခွဲ" မှ

မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...

No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊

သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။

Ph: 09-450000451, 09-450000452


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

CONCRETE BATCHING PLANT (45M ³/HR) စက်(၁)လုံး MODEL NO-MPC 1125/75 CONCRETE အုတ်ရိုက်စက်(၂)လုံး ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၅၀၉၇၇၁၇


ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862






တိုင်းရင်းဆေးတံဆိပ်မှတ်ပုံတင်အမှတ်
TMR004687(0415)

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

"မုံရွာဆရာမိုး" အမှတ်တံဆိပ်

ကျောက်တစ်လုံးဝမ်းမှန်ဆေး

ပင်ရင်း-ဗျ-၃၅၆၊ မေခါဝီလမ်းမကြီး၊ ဗျ/ရပ်ကွက်၊ ရတနာသီရိဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၄၁၆၄၇၆



FAME **Cholecrush**®
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010682(0816)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **MilkThistle**
Potent Antioxidant for Liver
အသည်းဆေး
TMR 007178 (0716)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



STI MYANMAR UNIVERSITY

University of Bedfordshire

" University of Bedfordshire, UK မှ ချီးမြှင့်သည့် ဂုဏ်ထူးတန်းဘွဲ့ "

**Faculty of Engineering**

- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management



- တက္ကသိုလ်ဝင်တန်း (သို့) IGCSE 'O' Level ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ (၄)နှစ်ခန့် ကြာမြင့်ပါမည်။
- STIMU မှ Advanced Diploma ပြီးထားသူများ၊ HND, AGTI, B.Tech အောင်မြင်ပြီးသူများ သက်ဆိုင်ရာသင်တန်းနှစ်အလိုက် တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။ သတ်မှတ် IELTS ပြည့်မီရန် လိုအပ်ပါသည်။
- CB Bank ၏ Education Loan Program လျှောက်ထားနိုင်ပါသည်။

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/ 2, 09 250064451


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇B(နံ့သာကုန်း)၊ မြေကွက်အမှတ် ၁/ဇ-၂၊ ဧရိယာ ၀ ဒသမ ၂၁၂၈ဧက၊ မြေကွက်တည်နေရာအမှတ် ၁၅၊ သာယာကုန်းလမ်း၊ နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးရှိန်၊ ဒေါ်အိမ်ခင်)အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃၉မြေအား အမည်ပေါက်များ ဖြစ်သော ဦးရှိန်၊ ဒေါ်အိမ်ခင်တို့ထံမှ ဝယ်ယူထားသော အရောင်းအဝယ်စာချုပ် ၄၃၂/၁၉၇၀(၂၀-၇-၁၉၇၀)ဖြင့် ပိုင်ဆိုင်လာသူ ဗိုလ်ကြီးခင်ဖေ၊ ဒေါ်အုန်းတင်တင်တို့ကွယ်လွန် သဖြင့် ဦးဖေမောင်ခင် ၁၂/သကတ(နိုင်)၀၄၁၉၀၁၊ ဦးဖေမောင်တင် ၇/ဖမန(နိုင်)၀၈၄၀၂၈၊ ဒေါ်အိခင်မာလာ ၁၂/အစန (နိုင်)၀၂၅၃၂၉၊ ဦးရဲလင်းထွန်း ၁၀/သထန(နိုင်)၁၀၄၄၉၇တို့က သားသမီးများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ စာချုပ်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပျောက်ဆုံး ကြောင်း**

ကျွန်တော်မောင်သိန်းနိုင် ၈/မသန(နိုင်)၀၉၇၄၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

## ပျောက်ဆုံးကြောင်း

အောင်အေ(၁)ကြယ်မိသားစုကုမ္ပဏီလီမိတက်၏ ထုတ်ကုန်/သွင်းကုန် လိုင်စင်(၁၃၆၄/၀၈-၀၉)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၅၇-၇၀၁၃၇ သို့ ဆက်သွယ်ပေးပို့ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ တာခြားလမ်း၊ မြေကွက်အမှတ် (၁၉၈-ခ၊ ဖြူးအနောက်ကွင်း)၊ ဦးပိုင်အမှတ်(၃၉/၄)၊ ဧရိယာ ၀ ဒသမ ၀၇ ဧကရှိ အရှေ့လားသော် ကားလမ်း၊ အနောက်လားသော်လမ်း၊ တောင်လားသော်လမ်း၊ မြောက်လားသော် ဒေါ်သန်းသန်းငွေမြေအား လူနေဂရန်ရရှိရန် ဒေါ်မိုးမိုးစံမှ လျှောက်ထားလာမှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ကြော်ငြာသည့်ရက်မှစပြီး ၁၅ရက်အတွင်း ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြူးမြို့**

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့် စေတီပုထိုးများပြုပြင်ရန် အလှူငွေကျပ်သိန်းပေါင်း သုံးသောင်းကျော်ရရှိထားပြီး ငွေကျပ်သိန်းတစ်ထောင်ကျော် ပြန်လည်သုံးစွဲပြီးဖြစ်

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**



ငလျင်ဒဏ်သင့် ကုသဘုရား၌ ရှေးဦးထိန်းသိမ်းမှုအနေဖြင့် ငြမ်းဆင်မှုလုပ်ငန်းများ ဆောင်ရွက်ထားစဉ်

**ညောင်ဦး အောက်တိုဘာ ၂၃**

ဩဂုတ်လအတွင်း မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသည့် စေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်တွင်းပြည်ပရှိ စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက်အထိ ကောက်ခံရရှိသော အလှူငွေမှာ ငွေကျပ်သိန်းပေါင်း သုံးသောင်း ခြောက်ရာ့ နှစ်ဆယ်ကျော်နှင့် အမေရိကန်ဒေါ်လာ ငါးသောင်းရှစ်ထောင်ကျော် ရရှိထားပြီးဖြစ်ကြောင်း ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

"မြေငလျင်လှုပ်တာနဲ့ပတ်သက်ပြီး အလှူငွေကောက်ခံတာ ဩဂုတ် ၂၄ ရက်လှုပ်ပြီးနောက် ၂၅ ရက်မှာ နိုင်ငံတော်သမ္မတကြီး ကြွရောက်ပြီး ထိခိုက်ပျက်စီးမှုတွေ စစ်ဆေးတဲ့ ခရီးစဉ်မှာပဲ အလှူငွေတွေ စတင်ပြီးတော့ လက်ခံရရှိပါတယ်။ အလှူခံဌာနစဖွင့်တာကတော့ ဩဂုတ် ၂၆ ရက်မှာ စတင်ပြီးတော့ ဖွင့်လှစ်ခဲ့ပြီး အဲဒီနေ့ကနေ အောက်တိုဘာ ၁၉ ရက်အထိ

*စာမျက်နှာ ၇ ကော်လံ ၄* ❍



"ကမ္ဘောဇဘဏ်မှာ ပူးတွဲငွေစာရင်းအကောင့်ဖွင့်ထားပြီး အလှူငွေလက်ခံနေပါတယ်"

**ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်**

# ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူတချို့ မိမိတို့နေရပ်သို့ပြန်

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း**

**စစ်တွေ အောက်တိုဘာ ၂၃**

စစ်တွေမြို့ ညေဝတီအားကစားကွင်း၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီထားရှိရာကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်တချို့သည် ယနေ့နံနက် ၇ နာရီက စစ်တွေမြို့သင်္ဘောဆိပ်မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မိမိတို့နေရပ် အသီးသီးသို့ ပြန်လည်သွားရောက်နေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက "ဒီကနေ အမြန်ရေယာဉ်နဲ့ ဘူးသီးတောင်သွားမယ်။ ဘူးသီးတောင်ကနေ သူတို့ရွာအရောက် ကားနဲ့ပို့ပေးသွားမှာပါ။ မောင်တောခရိုင်ထဲမှာရှိတဲ့ ရွာလေးရွာကဒေသခံတွေပါ။ ကျန်တဲ့ဒုက္ခသည်တွေလည်း သူတို့ ပြန်ချင်တဲ့အချိန် ပြန်လို့ရအောင် ဆောင်ရွက်ပေးထားပါတယ်။ အဓိက က သူတို့ဆန္ဒပါ။ အတင်းအဓမ္မ မပြန်ခိုင်းပါဘူး။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



## စိုက်၊ မွေး၊ စီးပွား

ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေရန် ငါးဖောက်နည်းပညာများအဆင့်မြှင့်တင် စာ » ၁၆

မြန်မာ့ပင်လယ်လိပ်မျိုးများ မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းထိန်းသိမ်း စာ » ၁၇

အိန္ဒိယနိုင်ငံက ပဲအဝယ်ကမ်းလှမ်းမှုရှိ ပေါက်စျေးဖြင့်ဝယ်ယူရန် မြန်မာ့ပဲလုပ်ငန်းရှင်များ မျှော်လင့် စာ » ၁၈

တောင်သူများအတွက် တစ်ကျော့ပြန် ဝင်ငွေတိုးစေမည့် ချည်မျှင်ရှည်ဝါ စာ » ၁၉

